# ကိုဝိုက်

## ကံကောင်း ကံမကောင်း ကံကောင်းလေခြား



## ဒို့တာဝန်အရေးသုံးပါး

- ❑ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ❑ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- ❑ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောက်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✪ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

တ ဃ

မွေးမေ

မွေးဖေ

ပြီးနေ့တော့ . . . . .

ဘရသေ့ . . . . .

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဖြစ်သည့်
ဆရာသော်တာဆွေအား ဤစာအုပ်ဖြင့်
ဂါရဝပြုပါသည်။

ကိုပိုက်

ထ ဠ

# ကိုပိုက်

## ကံကောင်း ကံမကောင်း
## ကံကောင်းလေကြား

စီစဉ်သူ – ကိုသိန်းဇော်

ဖြန့်ချိရေး

ပညာရိရင့်စာပေ

အမှတ် (၁၉)၊ ၄ လွှာ၊ တာမွေဈေးလမ်း၊
တာမွေပလာဇာအနောက်ဘက်၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့။

# ကိုပိုက် ကံကောင်း ကံမကောင်း ကံကောင်းလေခြား


**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် - ၅၀၂၀၂၈၁၂၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၀၁၀၁၀၉

**ပုံနှိပ်ခြင်း**

ဒုတိယအကြိမ်

(မတ်လ - ၂၀၀၉)

အုပ်ရေ (၅၀၀)

**အတွင်းပုံနှိပ်သူ**

ဒေါ်နန်းအုန်းမြင့် (အောင်အော့ဖ်ဆက်) (၀၇၈၁၆)

အမှတ် (၂၈၀/မြေညီထပ်)၊ ဗိုလ်ဆွန်ပက်လမ်း

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်သူ**

ဒေါ်ခင်လှ (ခေတ်ဦး အော့ဖ်ဆက်) (၀၅၈၆၇)

အမှတ် (၁၇၄)၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဒေါ်တင်တင်ဝေ (၀၃၇၆၀)၊ မိုးမြင့်စာပေ

အမှတ် (၇၅)၊ ၄-လွှာ၊ ဓမ္မစေတီလမ်း

ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပန်းချီ**

(K) ဘသက်

**တန်ဖိုး - ၈၀၀ ကျပ်**

မှဆိုးဝတ္ထုများ
ကြိုက်နှစ်သက်သော
စာဖတ်သူများအတွက်
ရည်ညွှန်းပါသည်။

## **ပညာရဲရင့်အာဝေ** မှ ထွက်ရှိပြီး **ကိုမိုက်** ဝတ္ထုများ

၁။ ၂၀၀၁ မုဆိုးများ

၂။ ကံတူအကျိုးပေး နှစ်ကြိမ်သေ

၃။ ခါးကုန်းကြီးဘုမောင်

၄။ လောကငရဲပြန်

၅။ မစ္ဆရိယစိတ်ထား မြေသားကြမ္မာ

၆။ ထူးခြားဆန်းကြယ် ကကြီး ခခွေး ဂငယ်

၇။ မုဆိုးသံသရာ

၈။ မုဆိုး၏မုဆိုးများ

၉။ ရဲရင့်မော်ကင်း၊အဒင်းနှင့်ထူးဆန်းသောသေတ္တာပိုင်ရှင်

**ယခုလ**

**၁၀။ ကံကောင်း ကံမကောင်း**

**ကံကောင်းလေပြား**

# ကံကောင်း ကံမကောင်း ကံကောင်းလေပြား ၇

အုံ့အုံ့ဆိုင်းဆိုင်း တောတန်းလေးအတွင်း နွားလှည်းတစ်စီးသည် လှည်းဝင်ရိုးသံ တအီအီဖြင့် တရွေ့ရွေ့နှင့် လာလေ၏။ ထိုလှည်းပေါ်တွင်မတော့ – အသက် ခြောက်ဆယ်ကျော် လူကြီးတစ်ယောက်သူနှင့် အသက်မတိမ်းမယိမ်း ရှိလေမည့် မိန်းမကြီးတစ်ယောက်ပြီးတော့ အသက်အားဖြင့် ငါးနှစ် ခြောက်နှစ်ခန့်သာ ရှိဟန်တူသည့် ကောင်လေးတစ်ယောက် ပါလာချေ၏။

"ကိုရင် လှကြည်....မမှောင်ခင် ပန်းပုပ်ကြီးစခန်းရောက်မှဖြစ်မယ်နော်'

သို့ဆိုသလို မိန်းမကြီးက ပြောလေ၏။

"သိပါတယ် မယ်မျှင်ရာ....ငါ့နွားတွေ အတော်ပင်ပန်းနေလို့နားနားနေနေ မောင်းနေတာပါ။ ပြီးတော့ သည်နေရာကလည်း လမ်းဆိုးတယ်လေ...အေး ရှေ့ကွေ့လေး လွန်လျှင် လမ်းကောင်းသွားပါပြီအဲဒီနေရာ ရောက်လေမှ ငါ့ကောင်ကြီးတွေကို ဒုံးဆိုင်း သွားခိုင်းပါ့မယ်"

သို့ လှည်းမောင်းနေသည့် ယောကျာ်းကြီးက ပြောလေ၏။
"ငါ့ မြေးလေး ဆာနေပြီလား"
"ဆာတာပေါ့ အဖွားရဲ့"
"နို့ဖြင့်လည်း ရေပဲသောက်ချေဦးကွဲ....တော်နေ ပန်းပုပ်ကြီး စခန်း ရောက်တော့မှာ၊ အဲဒီကျ ထမင်းစားရမယ် ဟုတ်လား မြေးလေး"
"ဟုတ်"
"မင်းနှယ့်ကွာ ကလေးကို ဒုက္ခပေးခေါ်လာရတယ်လို့"
သို့ဆိုသလို လှည်းမောင်းသူက လှည့်၍ ပြစ်တင်စကားပြော လေ၏။
"ကျုပ်မြေးကို ကျုပ် မခွဲနိုင်လို့ ခေါ်လာတာပေါ့၊ အိမ်မှာ ထားခဲ့လည်း သူ့အဖေအမေတွေက ကလေးကို ခိုင်းမရလျှင် ရိုက် လားနှက်လား လုပ်ဦးမယ်"
"အဲဒါ ဘာဖြစ်လဲကွာ၊ သူတို့ သားသမီး သူတို့ရိုက်နှက်ဆုံးမ တာပဲ၊ သည်ကောင်လေးကလည်း မင်းအလိုလိုက်၊ အချစ်ပိုထားတော့ ဆိုးနေတာပဲကွာ၊ သူ့အဖေ အမေက ဘာခိုင်းခိုင်း ကောင်းကောင်း လုပ်ပေးချင် တာမှ မဟုတ်တာချည်း"
"ဖိုးဖိုးကလည်း သားက ငယ်သေးတာပဲ၊ ဖေကြီးတို့က ဟိုဟာ ကလေး ပယ်ပေးပါဦး၊ ဒီဟာလေး ဝယ်ပေးပါဦး၊ နင်းပေးပါဦး၊ နှိပ်ပေးပါဦးနဲ့ သား ကစားရတယ်ကို မရှိဘူး၊ နို့ကြောင့် ဖွားဖွားကြီး ကိုပဲ ချစ်တာ"
"အောင်မာ မင်းက ငါ့ကျတော့ မချစ်ဖူးပေါ့ ဟုတ်လား"
"ဖိုးဖိုးကိုလဲ ချစ်ပါတယ်ဗျ၊ သားဆာပြီ"
"အေးပါကွာ...ဖိုးဖိုး မြန်မြန်မောင်းပါ့မယ်"
သို့ဆိုလိုက်ပေမင့် လှည်းသည် တအိအိဖြင့် ဖြေးဖြေးခြင်း

ဘီးလိုမ့်လို့ သာနေ၏။

"ဒိုး"

"အဘ္ဘား"

လမ်းကြမ်းသည်ကြောင့် လှည်းဆောင့်သည်မှာလည်း မကြာခဏ။

"သည်နေရာ အဝေဘ့်ကို လမ်းဆိုးတာကလား"

မိန်းမကြီးက ကလေးငယ်ကို ပေါင်ပေါ် ဆွဲတင်ထိုင်မိုင်းလိုက်ချေပြီး ပြောလေ၏။

သို့ လှည်းသည် လမ်းကြမ်းတွင် တရွေ့ရွေ့ သွားနေရာမှ....

"ဘူးအဲလ်"

"ဘူးလ်အဲလ်"

နွားနှစ်ကောင်သည် ရုတ်တရက် ရပ်လိုက်ကာ ကြောက်လန့်တကြား အော်လာကြသည်ကြောင့်....

"ကွာ....ဒီနှစ်ကောင် ဘာဖွဲ့ဖောက်ပြန်ပြီလည်း မသိ"

ဆိုလျက် ယောကျ်ားကြီးသည် သူ့လက်ရှိ ကြိမ်ဖြင့် နွားနှစ်ကောင်ကို အလှည့်ကျ ဆိုသလို တဖြန်းဖြန်း ရိုက်နှက်လေတော့၏။

သူသည် မည်မျှပင် ရိုက်နှက်ပေမင့် နွားနှစ်ကောင်သည် ရှေ့ဆက် မသွားလေဘဲ တောင့်ရပ်၍သာနေပြီး အော်ဟစ်နေကြတော့၏။

"တော့ နွားတွေ ဘာဖြစ်လို့လဲမှ မသိတာ သူတို့ရှေ့လမ်းမယ် မြွေဆိုးတွေ ဘာတွေများ ရှိနေလို့လားမှ မသိတာ"

"အေး....ငါ ဆင်းကြည့်ချေဦးမယ်"

သို့ဆိုလျက် ယောကျ်ားကြီးသည် လှည်းပေါ်မှ ခုန်ဆင်း၍ နွားသွားရာလမ်းကြောင်း အရှေ့ဘက်သို့ အနည်းငယ်မျှ လျှောက်ကြည့်လေ၏။

ထူးခြားမှု ဘာမျှ မရှိချေ။ သို့ကြောင့် သူသည် နွားလှည်းပေါ်သို့ ပြန်တက်ကာ နွားတို့ကို ရိုက်နှက်၍ မောင်းနေလိုက်ပြန်၏။

မည်သို့မျှ စေခိုင်း၍ မရ။ တောင့်တောင့်ကြီးသာ ရပ်နေကြတော့၏။

"တောက်....ဒီကောင်တွေကွာ"

ယောကျ်ားကြီး စိတ်တိုလာချေပြီ။ သို့ကြောင့် လက်တွင်းရှိ ကြိမ်တုတ်ဖြင့် ဆယက်တံပိုး တိုး၍ ပြင်းပြင်းထန်ထန် ရိုက်လေပြန်၏။

သည့်အခါတွင်မတော့ နွားနှစ်ကောင်သည် ရှေ့သို့ မသွားချင်သွားချင်ဖြင့် ပေကပ်ကပ်လုပ်ကာ ယိမ်းယိုင်ကာဖြင့် ရှေ့ဆက်သွားကြတော့၏။

ဝေးဝေးလံလံသို့ပင် မရောက်လိုက်ကြ။

"ဝေါင်း"

"ဟာ"

လှည်းမောင်းသူ ယောကျ်ားကြီး သူ့နွားနှစ်ကောင်ကို ဘယ်လိုမှ ထိန်းမရတော့ချေ။နွားနှစ်ကောင်သည် ရှေ့သို့တရွေ့ရွေ့လျှောက်လှမ်း သွားနေရာမှ ရုတ်ခြည်းဆိုသလို ဘေးတဖက်တချက်သို့ ကဆုန်ပေါက် ပြေးသွားကြတော့၏။

နွားနှစ်ကောင်သည် ရှေ့တွင် ကျားကောင်ကို တွေ့လိုက်သောကြောင့် ရှောင်ရှားပြေးလွှားသွားကြခြင်း ဖြစ်၏။

နွားနှစ်ကောင်၏ ဒုံးဆိုင်း ဆွဲပြေးမှုကြောင့် ယည်းကောင်း၊ လှည်းလမ်းကြောင်းသည် ဘုထစ်၊ ချိုင့်ခွက်များကြောင့်လည်းကောင်း လှည်းသည် ယိမ်းခါလှုပ်ရမ်းနေတော့၏။

"နွားတွေကို ထိန်းပါဦးရှင်"

"ဘယ်လိုမှ ထိန်းမရလို့ပေါ့ကွာ၊ ကလေးကို အသေအချာဖက်ထားချေ။ မင်းလည်း လှည်းပေါ်ကနေ ပြုတ်မကျအောင် ကိုင်

ထားချေ"

သို့နှယ် လှည်းဆရာက ဓနီးသည်ကို သတိပေးရင်း သူကိုယ်နိုက်ကလည်း အတတ်နိုင်ဆုံး နွားနှစ်ကောင်ကို နဖားကြိုးဆွဲ၊ ထိန်းချုပ်ပေမင့် မည်သို့မျှ ထိန်းမရ သိမ်းမရ ဖြစ်ရသည့်ပြင် သူသည်ပင် လှည်းပေါ်မှ ပြုတ်ကျခဲ့ရချေတော့သည်။

"ဟာ"

အဟွပ်အထိန်း လုံးဝမရှိတော့သည်ကြောင့် လှည်းအိမ်သည်လည်း နွားနှစ်ကောင် ဆွဲပြေးရာနောက် ယိမ်းယိုင်ပါသွားသည့် ကြားမှ သစ်ပင်ကြီးတစ်ပင်နှင့် တိုက်မိ ကျိုးပျက်သွားလေတော့သဖြင့် လှည်းပေါ်ပါ မိန်းမကြီးနှင့် ကလေးသည်လည်း မြေပေါ်သို့ ပြုတ်ကျခဲ့လေတော့၏။

"ကိုရင်....ကိုရင်....ကိုရင်...."

မိန်းမကြီးသည် ကလေးငယ်ကို ခါးထစ်ခွင် ချီပိုး၍ လှည်းလာရာ လမ်းကြောင်းသို့ ပြေးလွှားကာ လင်သားဖြစ်သူကို ရှာလေတော့၏။

သူမသည်ပင် လမ်းလွဲခဲ့လေသည်ကြောင့်လား။ လှည်းဆရာသည်ပင် သွေးရူးသွေးတန်း ထွက်ပြေးသွားလေသည်လား။ ကျားကောင် အစာပင် ဖြစ်သွားလေသည်လား မသိ။ လှည်းဆရာတို့ ဓနီးမောင်နှံ ပြန်ဆုံခြင်း မရှိကြတော့ပေ။

"ကိုယ်ကျိုးတော့ နည်းပါပြီရှင်"

"အဖွား....အဖိုးကောဟင်၊ သားဆာပြီ"

သူမ မည်သို့ ပြောရမည်၊ မည်သို့ လုပ်ရမည် မသိတော့ချေ။

"ကိုရင်....ကိုရင်....ကိုရင်"

သို့နှယ် တကြော်ကြော်ခေါ် မြည်ဦးတည့်ရာ လျှောက်ခဲ့ရုံမှအပ မည်သို့မျှ မလုပ်တတ်ပါတော့ချေ။

## ၁၂ ကိုပိုက်

"ဝါး....အား....အား....ဝါး....ဝါး"

ကလေးငယ်သည်လည်း သို့နှယ်သာ အော်ဟစ်ငိုကြွေးလျက် ပြုနိုင်ပေတော့သည်။

နွားနှစ်ကောင်သည်လည်း ဘယ်ရောက်သွားလေသည်မသိ။ ယောကျ်ားဖြစ်သူသည်လည်း ဘယ်ရောက်သွားလေသည် မသိ။

သူမအနားတွင် အသက်အားဖြင့် ငါးနှစ်ကျော်ကျော် ကလေး ငယ်သာလျှင် ရှိနေပါတော့၏။

တောကြီး မျက်မည်းထဲတွင် သူတို့နှစ်ယောက်ဟည်း ရှိနေ ပါကောလား။ ယောကျ်ားဖြစ်သူကို တကြော်ကြော်ခေါ်ရင်း တောတိုး လျှောက်ခဲ့ရာမှ ခရီးအတော်အတန် ရောက်ခဲ့ပုံ ဖြစ်၏။ ကံဆိုးချင် တော့ သူမလာရာလမ်းဟလျှောက် မည်သည့် ဝါးခုတ်၊ သစ်ခုတ်သမား နှင့်မျှ မဆုံရလေခြင်း ဖြစ်တော့၏။

သူမ ဘယ်တွေ ရောက်လာပါလိမ့်၊ အချိန်သည်လည်း တ ဖြည်းဖြည်း ကုန်ဆုံးခဲ့ဟန်တူ၏။ နေရောင်သည်လည်း မှိန်ပျပျ ဖြစ် လာချေတော့သဖြင့် သူမ၏ စိတ်တွင် စိုးရိမ်ပူပန် ကြောက်ရွံ့ လာရ တော့၏။

"ဘုရားရေ...တောကြီး မျက်မည်းထဲမှာ မြေးအဖွားနှစ် ယောက်ဘယ်လို ဆက်စခန်းသွားရတော့မှာပါလိမ့်"

မြေးလေးသည်လည်း ဆာလွန်း၍ ငိုကြွေးနေရာမှ အစာလွန် သွားလေသည်လား မသိ၊ ငြိမ်ကျသွားတော့၏။ ဆာသည့်ကြားမှ သူမ ၏ ခါးကိုတော့မှ မလွတ်တမ်း ဖက်ခွထားလေတော့၏။

သူမသည်ပင် ရှိုက်ငိုမိတော့၏။

"ဘုရားရှင် ကယ်ပါ"

သို့သာလျှင် စိတ်မှာ ကြိတ်၍ ဆုတောင်းနေမိခြင်းမှလွဲ၍ မည်သို့မျှ မလုပ်တတ်ပါတော့ချေ။

"မြေးလေးရယ်....အဖွားတို့ ဘဝက ဆိုးလွန်းလှပါတယ်"

တောကြီးမျက်မည်းအတွင်း မျက်စိသူငယ်၊ နားသူငယ် ဖြစ်နေသော သူတို့ မြေးအဖွားအတွက် မဆိုစလောက် ကံကောင်းခြင်း တစ်ခုကြောင့် ရေနစ်သူအတွက် ကောက်ရိုးတမျှင် ဆွဲကိုင်မိသလိုမင် ဖြစ်တော့၏။

စမ်းတဝါးဝါး တောတိုးလာရင်း ဝါးတဲဟောင်းတစ်လုံး တွေ့လိုက်ရခြင်းကြောင့် ဖြစ်ပေသည်။

နေပင် အတော်စောင်းချေပြီပဲ။

ဝါးတဲဟောင်း ဆိုပေမင့် သူမတို့ မြေးအဖွားနှစ်ယောက် အတွက် လဲလျောင်းလို့တော့ဖြင့် ရချေ၏။

တနေကုန် လျှောက်ခဲ့ရခြင်း၊ ငါးနှစ်သာသာ ခလေးငယ်ကို ခါးတစ်ခွင် ချီပိုးထားရသဖြင့် အတော်ပင်ပန်းနေခြင်းကြောင့် ကလေးငယ်ကို ဝါးတဲကြမ်းခင်းပေါ် အသာအယာ ချလိုက်လေပြီး သူမသည် လည်း ကြမ်းခင်းပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့၏။

"အဖွား....ဆာတယ်ဗျာ"

သူမ ဘာတတ်နိုင်ပါမည်နည်း။ သို့ပေမင့်....

'မြေးလေးရယ်၊ စားရမှာပေ့ါ၊ ခဏနေချေဦး"

သို့ဆိုလျက် သူမသည် ဝါးတဲရှေ့ ခပ်လှမ်းလှမ်းချောင်းလေး ရှိရာသို့ အပြေးကလေးသွားလိုက်တော့၏။ကလေးငယ်သည် တဲကြမ်း ခင်းပေါ်တွင် ခွေခွေလေး အိပ်နေရှာတော့၏။ အတန်ကြာတွင် သူမ ပြန်ရောက် လာတော့၏။ သူမလက်ထဲတွင် ခရုဖင်လိမ်လေးများ ပါလာ ချေ၏၊ ချောင်းအတွင်းမှ ကောက်လာခြင်း ဖြစ်၏။ ပြီးတော့ ဝါးခွက် ဟောင်း...ခုဖြင့် ရေခပ်လာသေး၏။

"မြေးလေး....ရေသောက်လိုက်ဦး"

အရွယ်နှင့်မလိုက် သာလောင်ခြင်းဒဏ်ခံနေရသည့် ကလေး

ငယ်သည် ရေကိုပင် အားပြု သောက်လိုက်ရတော့၏။

"ရော့...မြေးလေး ဒါလေး စားလိုက်ချေ"

သူမသည် ခရုဖင်လိမ်တို့ကို ကျောက်ခဲနှင့် ထုခွဲ၍ အဆံကို ရှာစားရင်း ကလေးငယ်ကိုလည်း ခွံ့ကျွေးလိုက်လေ၏။

"အား....မစားဘူး၊ မစားဘူး"

ညှီနံ့ရခြင်း၊ စား၍ မကောင်းခြင်းကြောင့် ကလေးငယ်သည် ခရုဆံကို ကပျာကသီ ထွေးထုတ်လိုက်လေ၏။

"ထွီ"

"နို့ဖြင့်လည်း ခဏနေဦး မြေးရယ်"

သို့ဆိုလျှက် သူမသည် အနားတွင်ရှိသော ထင်းခြောက်များ ကို စုဆောင်းလိုက်ကာ မီးမွှေးလိုက်လေ၏။

ဆေးလိပ်သောက်တတ်သော သူမအတွက် မီးခြစ်ကို ကိုယ်နှင့်မကွာ ဆောင်ထားခြင်းကြောင့် အဆင်ပြေလွန်းလှတော့၏။

သူမ၏ မြေးလေးသည် ဆာလွန်းသည်ဖြစ်၍ တရှုံ့ရှုံ့ ငိုကြွေး နေတော့သဖြင့် သူမ ရင်တွင်းမချို ဖြစ်ရလေ၏။

ယောကျ်ားဖြစ်သူကို တွေးပူရန် အရေးထက် မြေးငယ်လေး ၏ အရေးက ပိုလေသည်ကြောင့်....

"နို့ဖြင့် မြေးလေး....ဒီမှာခဏနေခဲ့၊ ဘာမှ မကြောက်နဲ့နော်၊ အဖွား စားဖို့ သွားရှာချေဦးမယ်"

သို့ဆိုလျှက် ဝါးလုံးခြောက်ကို ထုချေ၍ မီးတုတ်လုပ်၍ ချောင်း ဘက် ထွက်သွားလေတော့၏။

"အီး....အီး....အီး....အီး....အင်း....အင်း"

မြေးလေးသည် တရှုံ့ရှုံ့ငိုရင်း တဲပေါ်တွင် ကျန်ရစ်ခဲ့ တော့ ၏။

သူမသည် ချောင်းအထက်သို့ ဆန်၍ လျှောက်သွားလိုက်၏။

သူမ မျှော်လင့်ထားသလို ခြေကျင်းဝတ်ခန့် ရေအနက်ရှိသည့် ချောင်းရေကြည်လေးတွင် ငါးများ ကူးခတ်နေသည်ကို တွေ့လေခြင်းကြောင့် စမ်းသာသွားမိ၏။ "ငါးဆိုလျှင်ဖြင့် မြေးလေးစားမှာပါ" ဆိုသည့် အတွေးအသိကြောင့် သူမ သည် ရေတိမ်တိမ်တွင် ကူးခတ်နေသည့် ငါးလေးများကို ဝါးတုတ်ဖြင့် မရမက ထိုးနှက်ရယူလေတော့၏။

အချိန်အတော်ကြာကြာ ကြိုးစားပမ်းစား ငါးကို ရှာခဲ့ရာမှ ခြေမသာသာ လုံးပတ်ရှိ ငါးရံ့ခေါင်းတိုနှစ်ကောင်သာလျှင် ရလေ၏။ မည်သို့ ပင်ဖြစ်စေ ဆာလောင်နေသော မြေးလေးအတွက်တော့ဖြင့် တန်ဖိုးရှိပေလိမ့်မည်။

သူမတဲသို့ ပြန်ရောက်လေသည်တွင် မြေးငယ်လေးသည် အိပ်မပျော်နေလေပြီဖြစ်သည်။

"သနားစရာ ကောင်းလိုက်တဲ့ ကလေးရယ်...ဟင်း"

ကလေးငယ်ကို ကြည့်ပြီး သက်ပြင်းတစ်ချက် ချလိုက်ကာ ရလာသော ငါးရံ့ခေါင်းတိုနှစ်ကောင်ကို ဝါးခြမ်းဖြင့် ညှပ်၍ မီးကင်လိုက်တော့၏။

"ကိုရင်တစ်ယောက် ဘယ်တွေရောက်လို့ ဘယ်လိုတွေ ဖြစ်နေပါလိမ့်"

သည်တော့မှ ယောကျ်ားဖြစ်သူအတွက် တွေးပူရချေတော့၏။

"အိုလေ သူက ယောကျ်ားသားပေပဲ၊ သူ့အတွက် တွေးပူနေလို့ ဘာဖြစ်သာမှာမို့လဲ၊ ငါ့မြေးလေးအတွက် ငါ့မှာ တာဝန်တွေ အများကြီး [illegible]လာပြီ၊ သည်တော့ ငါ သတ္တိတွေ မွေးထားမှ" လို့ ဆုံးဖြတ်လိုက်၏။ ငါးကင်ကျက်နေပြီလည်း ဖြစ်၍ အိပ်ပျော်နေသော မြေးလေးထံ ယူသွားလေတော့၏။

"မြေးလေး ထ....ထ၊ ရော့...ရော့ ငါးကင်လေးစား လိုက်

ချေဦး"

သူ ပေးလိုက်သော ငါးကင်ကို အငမ်းအရ စားနေသည့် မြေးလေးကို ကြည့်ရင်း စိတ်မကောင်းကြီးစွာ ဖြစ်သွားလေတော့၏။

"အဖွား စားလို့ မဝဘူး"

ငါးကင်နှစ်ကောင် ကုန်သွားသည်နှင့် လျှာဖြင့် နှုတ်ခမ်းကို သိမ်း၍ ပြောတော့၏။

"မနက်ကျ များများ လုပ်ထားပေးမယ်။ အိပ်ချေတော့ မြေးလေးရယ်နော်....အော်....ရေသောက်လိုက်ဦး"

ကလေးငယ်သည် သူ့အဖွားကမ်းပေးလာသည့် ဝါးခွက် အတွင်းမှ ရေကို မော့သောက်လိုက်လေပြီး ကြမ်းခင်းပေါ် ကွေးကွေး လေး လှဲချလိုက်တော့၏။

"ချမ်းတယ် အဖွားရယ်" လို့ ပြောလာပြန်သဖြင့် သူမသည် "နို့ဖြင့်လည်း ခဏနေဦး မြေးလေး" ဆိုလျက် ထင်းမီးပုံအတွင်း ထင်း ခြောက်တုံးများကို ထပ်ထိုးထည့်လိုက်တော့၏။ သည်တွင် ထင်းမီး တောက်သည် ပို၍ မီးရှိန် တက်လာချေတော့၏။

သူမသည် တဲပေါ်သို့ ပြန်တက်လာကာ ကလေးငယ် နံဘေး တွင် လှဲချ၍ ရင်ခွင်တွင်း ပွေ့ဖက်ထားလိုက်တော့လေ၏။

သူမသည်လည်း လွန်မင်းစွာ ပင်ပမ်းနေပြီ ဖြစ်သည်ကြောင့် အတွေးနယ်ပင် မချဲ့နိုင်ဘဲ အိပ်ပျော်သွားချေတော့သည်။

* * *

မုဆိုးထွန်းကြိုင်သည် ခပ်စောစောကပင် အမဲပစ်ရန် အလို့ငှာ စခန်းမှ ထွက်ခဲ့တော့၏။

နံနက်ဇောစော ရေသောက်ဆင်းသည့် သားကောင်ငယ် များကို ချောင်းမြောင်း ပစ်ခတ်လို၍ ဖြစ်၏။

တကယ်ဆိုပါမူ မုဆိုး စည်းကမ်းအရ ရေသောက်နေသည့် သားကောင်ငယ်များကို သူ မပစ်သင့်ချေ။ သို့ပေမင့် သူသည် သား ကောင်ရလိုမှုသာ အဓိကဟု တွက်ထားလေသူ ဖြစ်ခြင်းကြောင့် သို့အ တွေးကို ခေါင်းထဲမှ ထုတ်ထားတတ်၏။

"မတတ်သာလို့ ဝမ်းရေးအရ မုဆိုးအလုပ်ကို လုပ်နေရ ပေမင့် မုဆိုးစည်းဆိုတာ ထားတာ အကောင်းဆုံးပဲ ထွန်းကြိုင်ရ"

သို့နှယ် သူ၏ဆရာဖြစ်သူ မုဆိုးတာပုက ပြောခဲ့ဖူး၏။

"အင်း....အင်း....ဟုတ်ကဲ့"

သို့သာ ဆရာရှေ့တွင် ခေါင်းငြိမ့်လက်ခံပေမင့် လိုက်နာ

သယောင် ဆောင်ခဲ့၏။ တကယ်တမ်းပြောရလျှင် မည်သည့် သားကောင် တွေ့တွေ့ ပစ်လိုက်တော့သည်ချည်း ဖြစ်တော့၏။ သို့ကြောင့် တောစောင့် တောင်စောင့်တွေက သူ့ကို မကြိုက်နှစ်သက်လို့ ဖြစ်ချိမ့်မည်။ တနေကုန်လို့... သားကောင် တွေ့ချင်မှ တွေ့ရ၏။ တွေ့ပြန်လေလည်း ပစ်ခွင့်ကြုံချင်မှ ကြုံ၏။ ပစ်ခွင့်ရပြန်တော့လည်း မှန်ချင်မှ မှန်တတ်လေ၏။ သို့ကြောင့် မုဆိုးထွန်းကြိုင်အတွက် သားကောင်ဆိုသည့် ရှားပါးလွန်းလှချေတော့၏။

မနေ့က တနေ့လုံး မည်သည့် သားကောင်မျှ မတွေ့။ ရွာအပြန် မျက်နှာပန်းမလှချေလေပြီ။ သို့ကြောင့် တောစခန်းတွင် တစ်ညအိပ်ပြီး နံနက်စောစော သားကောင် ရှာ၍ ပြန်မည်ဟု တွက်ဆထားခြင်း ဖြစ်၏။

သို့ဖြင့် သူသည် ကန်ကျုံနီချောင်းအတိုင်း စုန်ဆင်းခဲ့လေ၏။ ဆောင်းဦးရာသီ ဖြစ်သည်ကြောင့် ချောင်းရေသည် ခြေမျက်စိခန့်သာ ရေစီးကြောင်းရှိသည် ဆိုသော်လည်း ချောင်း၏ အလယ်လောက်တွင် ရေစီးကြောင်းလေးသာ ရှိချေ၏။ သို့ကြောင့် သူသည် ချောင်းတွင်း ရေစီးကြောင်း ကမ်းနံဘေး ကျောက်တုံးကျောက်ခဲတို့ ရောပြွန်းနေသော သဲသောင်ပေါ်မှ မလျှောက်လေဘဲ ချောင်းကမ်းစပ် သစ်ပင်ချုံနွယ်တို့ကို အကာအကွယ် ယူ၍ လျှောက်လာခဲ့ခြင်း ဖြစ်တော့၏။ သို့မှသာ ချောင်းတွင် ရေဆင်းသောက်သည့် သားကောင်များကို တွေ့ရပေမည် မဟုတ်ပါကလား။

သို့ဆိုသလို ချောင်းမြောင်းလျှောက်ခဲ့ရာမှ ကံအားလျော်စွာပင် ချောင်းထဲတွင်း မျောက်တစ်ကောင်ကို တွေ့လိုက်လေတော့၏။

ချောင်းရေထဲမှ ငါးကို နှိုက်နေသော မျောက်တံငါ ဖြစ်ချိမ့်မည်။ မျောက်သည် သူ့ကို ကျောပေးအနေအထားဖြင့် ငုပ်တုပ်ထိုင်၍ ချောင်းရေတွင်း နှိုက်နေလေခြင်း ဖြစ်၏။

ရှိသော အခွင့်အရေးကို သူလက်လွှတ်မခံလိုသည်ကြောင့် ကပျာကယာသီပင် လက်တွင်းမှ သေနတ်ဖြင့် ထိုးချိန်ပစ်လိုက်လေတော့၏။

"ဒိုန်း"

အလိုလေးဗျာ၊ မနေ့က တနေ့လုံး လာဘ်ပိတ်ခဲ့သလောက် သည်ကနေ့တော့ဖြင့် တယ်ဟုတ်ပါကလား။ စောစောစီးစီး သားကောင် ရလိုက်ချေပြီ ဖြစ်၏။

သူသည် ဝမ်းသာအားရ မျောက်ကောင်သေထံ ပြေးသွားလိုက်တော့၏။

"ဟင်"

မျောက်သေထံ ရောက်သည်တွင် သူ လုံးဝ ထိတ်လန့်တုန်လှုပ်သွားရတော့၏။

ဘယ်လို ဖြစ်နိုင်မှာလဲလို့ သူ့ကိုယ်သူ နှစ်သိမ့်အားပေးဖြေသိမ့်ဖို့ရာလည်း မဖြစ်နိုင်ပါချေ။

သူ့တောမှောက် ခံလိုက်ရခြင်းပေလား။ တောခြောက်ခံရခြင်းလေလား မသိပါတော့ချေ။

သူပစ်လိုက်သည်မှာ မျောက်ကောင် မဟုတ်။ မိန်းမကြီးတစ်ယောက် ဖြစ်နေချေတော့၏။

သွေးနှာထင် တက်ဆောင့်ခံလိုက်ရတော့၏။ သို့ကြောင့် မူးမိုက်လို့ပင် သွားရတော့၏။

ဘုရားရေ…ငါလူသတ်မှု ကျူးလွန်မိပါပကောလား၊ သို့အသိဖြင့် သူ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လှုပ်နေရတော့၏။ မဖြစ်ချေပြီ။ သူ ဘာလုပ်ရမလဲ၊ သူ့လုပ်ရပ်ကို မြင်တဲ့သူ ဘယ်သူတို့ ရှိလေမလဲ၊ သို့အတွေး ကြောင့် မလုံမလဲ ပတ်ဝန်းကျင်ကို လှည့်ပတ် ကြည့်လိုက်၏။

"ဟာ"

ချောင်းကမ်းပေါ်ရှိ ပါးဟဲတစ်လုံးတွင်း ကလေးငယ် တစ်ယောက် သူ့ကို မျက်လုံးအပြူးသားဖြင့် ကြည့်နေလေ၏။

ထိုကလေးက သက်သေဖြစ်လာနိုင်လေမလား။ ဖြစ်တော့ မဖြစ်နိုင်။ သို့ဖြင့် ကလေးငယ်ထံ အကြည့်မျက်နှာကို ကပျာကသီ လွှဲလိုက်လေပြီး ထိုနေရာလေးမှ အပြေးကလေး ထွက်ခဲ့တော့၏။

အတော်လှမ်းလှမ်းရောက်လေမှ တောကြီးမျက်မည်းထဲမှာ ဘယ်လိုလုပ် အသက် ၆၀ အရွယ် မိန်းမကြီးတစ်ယောက်နှင့် အသက် ငါးနှစ်ကျော်အရွယ် ကလေး ရှိနေရပါလိမ့်။ သို့စဉ်းစားမိသည်နှင့် ပြေးနေသော ခြေလှမ်းကို ရပ်လိုက်၏။ တော၏ လှည့်စားမှု သူခံနေရခြင်းလေများလား။

သူ ကွဲကွဲပြားပြား သိချင်သည်။ သူ တောမှောက်၍ တော၏ လှည့်စားမှု ခံနေခြင်း ဖြစ်ပါမူ သူ လူသက်သမား မဖြစ်နိုင်လေပြီ။ သို့ ကွဲကွဲပြားပြား သိမှ ဖြစ်ချေမည်။ သို့မဟုတ်ပါက သူ ပြုခဲ့သော အမှားအပြစ်က အရိပ်လို ပါလာပေလိမ့်မည်။ မစားနိုင် မအိပ်နိုင် ဖြစ်နေရပေဦးမည်။ ကံအကြောင်းမလှ၍ သူ့အပြစ် သိသွားကြပါလျှင် သူ ထောင်နန်း စံရပေဦးမည်။

သို့ကြောင့် သူသည် ပြေးထွက်လာရာ လမ်းနောက်ကြောင်းသို့ ပြန်လှည့်ခဲ့တော့၏။

အလိုလေးဗျာ...ချောင်းရေထဲတွင် မိန်းမကြီးအလောင်း ရှိနေပါသေးကလား၊

တဲပေါ်မှ ကလေးငယ်သည်လည်း မိန်းမကြီး အလောင်းနားတွင် ရှိနေလေ၏။

"အဖွား၊ အဖွား၊ ထ...ပါဦး၊ သား ဆာပြီ"

ကလေးငယ်က မိန်းမကြီး သေနေခြင်းကို သိဟန်မတူ။

အိပ်နေလေခြင်းထင်၍ လှုပ်နှိုးနေပါကလား။

သူ လွန်မင်းစွာ စိတ်မကောင်း ဖြစ်မိ၏။

သူသည် ချုံပုပ်ပင်တပင်နောက်ကွယ်မှ ပုန်းအောင်း၍ ကြည့်နေလေခြင်း ဖြစ်၏။

ကြည့်ရသည်မှာ သည်တော သည်တောင်ထဲတွင် သူတို့နှစ်ယောက်သာ ရှိပုံဖြစ်၏။

ဘယ်ကလဲ...ဘယ်သူတွေလဲ၊ ဘယ်လိုကြောင့် သည်ရောက်လာကြပါလိမ့်၊ ကလေးငယ် ငိုလို့ပြောပုံအရ မြေးအဖွား ဖြစ်နိုင်၏။

သူသည် ကြည့်နေရင်း စိတ်မကောင်း ဖြစ်မိ၏။ သို့ကြောင့် ထိုနေရာမှ လှည့်ထွက်မည် အပြုတွင်....

"အဖွား....အဖွား....သားတစ်ယောက်တည်း မနေရဲတော့ဘူး အဖွားရယ်၊ ထပါတော့...သား ဆာလည်း ဆာလှပြီ၊ ဟီး....ဟီး.... ဟီး....ဟီး"

သို့ ကလေးငယ် အသံကြောင့် သူ တွေဝေသွားတော့၏။

သူ ကလေးငယ်ကို ဥပက္ခာ မပြုသွားရက်တော့ပေ။ ကလေးငယ် တစ်ယောက်တည်း ဘယ်လို ဆက်နေထိုင် သွားတတ်လေမလဲ၊ သားရဲကောင်တို့၏ ရန်ကလည်း ရှိသေး၏။ သို့ကြောင့် သူသည် ပြတ်သားသော ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်တော့၏။

သို့ဆုံးဖြတ်ချက် အကောင်အထည် ဖော်ရန် အလို့ငှါ သူသည် ကလေးငယ်ထံသို့ ချဉ်းကပ်သွားလိုက်တော့သည်။

* * *

# ၂၂ ကိုပိုက်

၁

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် အမဲကြီးပစ်ရန်အလို့ငှာ တောင်သလဲ စခန်းသို့ ရောက်လာသည်မှာ နှစ်ရက်ခန့် ရှိပြီ ဖြစ်သည်။ သို့ပေမင့် ဆင်ပိုင်ကြီး စောစံကြိုင်ကို စောင့်ရသည် ဖြစ်၍ ထိုစခန်းမှာပင် စားလိုက် အိပ်လိုက်သာ ရှိကြသေး၏။

"ကိုပိုက်တို့နဲ့အတူ ကျုပ်အမဲပစ်လိုက်ချင်တယ်ဗျာ၊ သစ်ပုပ်ပင် စခန်းမှာ ရောက်နေတဲ့ တောအုပ်ကြီး စောပြည်တင်နဲ့ တွေ့စရာကိစ္စလေးရှိလို့ သွားချေဦးမယ်ဗျာ၊ တစ်ရက်အိပ် ခရီးထဲပါ၊ အကြောင်းကြောင်းကြောင့် လွန်ရော နှစ်ရက်ပေါ့ဗျာ"

သို့ဆိုလျက် ဆင်ပိုင်ကြီး စောစံကြိုင်က ပြောသွားလေသောကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် အမဲကြီးပစ်ထွက်ရန် စောစံကြိုင် ပြန်အလာကို စောင့်နေကြခြင်း ဖြစ်တော့၏။

"ကိုပိုက်တို့ကို သေသေချာချာ...ဧည့်ဝတ်ကျေ ဧည့်ခံထားကြကွ" လို့ မှာခဲ့လေသည့်အတိုင်း ဆင်ခေါင်းကြီး ခင်မောင်မြင့်က

ညှော့ဝတ်ကျေလေခြင်းကြောင့် အားတုန့်အားနာ ဖြစ်ရလေတော့၏။

"နက်ဖြန်ဆိုလျှင်ဖြင့်...ဖထီးစံကြိုင် ပြန်ရောက်ပါတော့မယ်"

ညနေခင်း အရက်ဝိုင်းလေးတွင်း သို့ဆိုသလို ဆင်ခေါင်းကြီး ခင်မောင်မြင့်က ပြောလာချေတော့၏။

"နို့...နေပါဦး ကိုခင်မောင်မြင့်ရဲ့ သည်တဂိုက်မယ် အမဲကြီး ပေါ်ရဲ့လား"

ကျွန်တော်က မေးလိုက်၏။

"ပေါ်တယ်လို့တော့ မဟုတ်ပေဘူးပေါ့ဗျာ၊ သွားရင်း လာရင်း တော့ စိုင်ခြေရာ၊ ပြောင်ခြေရာတွေ တွေ့တာပဲ၊ တရံတခါ ကောင်လုံး ကို လှမ်းလှမ်း တွေ့ရတတ်တယ်"

"ဘယ်နားလောက် အတွေ့များလဲ"

လင်းမြင့်လှိုင်က ဝင်မေးလေ၏။

"သည်တကြောတော့...ဆင်တွေ လူတွေရှိလို့ သိပ်မတွေ့ပေ ဘူးဗျ။ ကဒွတ်မြောင်လောက်မယ် အတွေ့များတယ်"

"အေးဗျာ၊ ဖထီး စံကြိုင် လာလျှင် အဲဒီဘက်သွားကြတာပေါ့"

"ဖထီး စံကြိုင်ကလည်း အဲဒီဘက် သွားချင်နေတာ"

"ဘာလဲ သူလဲ အမဲကြီး ပစ်ချင်လို့လား"

"ဟုတ်ဘူး ဆရာလေးရဲ့...အဲဒီဘက်မယ် အဖွားကြီး တစ္ဆေ တစ်ကောင် သွားလာ လှုပ်ရှားနေတယ်လို့ သစ်ခုတ်သမား၊ ဝါးခုတ် သမားတွေ ပြောကြလို့တဲ့၊ ဖထီးစံကြိုင်က အဲဒီ အဖွားကြီးတစ္ဆေကို စိတ်ဝင်စားနေတာ၊ အဲဒီကို သွားမယ်ချည်း လုပ်နေတာ၊ အလုပ်မ အားသေးတာနဲ့ မသွားဖြစ်တာရယ်၊ ဘယ်သူမှ သူနဲ့ အဖော်မလိုက်ဝံ့ တာရယ်ကြောင့် မသွားဖြစ်သေးတာ၊ ခု ဆရာလေးတို့ ရောက်လာ တော့ သူ့အတွက် အတော် ဖြစ်သွားပြီလေ၊ အလုပ်လည်းပါးပြီဆိုတော့ အံ့ဝင်ခွင်ကျ ဖြစ်သွားတာပေါ့"

"အထူးအဆန်းပါကလား ကိုခင်မောင်မြင့်ရဲ့၊ တကယ်ကော ဟုတ်လို့လား"

"ကျွန်တော်တို့ဆီက ဆင်ဦးစီးလေး တစ်ယောက်တောင် မျက်စိနဲ့ တပ်အပ်မြင်ခဲ့တယ်လေ"

"ဟင်"

"ဟော"

"နို့ဖြင့်လည်း အဲဒီ ဆင်ဦးစီးလေး အခုဒီမယ်ရှိလား၊ မေးကြည့်ချင်တယ်ဗျာ"

သို့ဆိုသလို ကျွန်တော်က စိတ်ဝင်တစား ဖြစ်မိသည်ကြောင့် မေးလိုက်၏။

"ခု သူ မရှိဘူးဗျ၊ ပန်းပုပ်ကြီး စခန်းသွားနေတယ်၊ သုံးလေးရက်နေမှ ပြန်ရောက်လိမ့်မယ်"

"နို့ဖြင့် ပြောပါဦးဗျာ...ဘယ်လို ဘယ်နေရာမယ် တွေ့ခဲ့ရတာလဲ"

လင်းမြင့်လှိုင်က သို့မေးလိုက်ရင်း ဝီစကီတခွက်ကို ကောက်သောက်၍ ဆတ်သားခြောက် တမျှင်ကို ယူဝါးလိုက်တော့၏။

"ကဒွတ်မြောင်မယ် သူ ဆင်နဲ့ အလုပ်လုပ်နေတုန်း သူ့လုပ်ကွက်ထဲ မိန်းမကြီး တယောက်ကို တွေ့တယ်တဲ့၊ ခုလို တောထဲတောင်ထဲမှာ အဲဒီ မိန်းမကြီးကို တွေ့လိုက်တော့ သူ အံ့ဩသွားတယ်။ နို့ကြောင့် အဲဒီ မိန်းမကြီးကို စိုက်ကြည့်နေတုန်း...

"ဖိုးခွား...ငါ့မြေးလေး တွေ့မိလား" မေးလာသံကြောင့် သူ အသေအချာ ကြည့်လိုက်မိ၏။ မှောင်ရိပ်သန်းနေပြီဆိုတော့ မျက်နှာကိုတော့ သဲသဲကွဲကွဲ မမြင်ဘူးတဲ့။ ဒါနဲ့သူက "အဖွား...ဘယ်နားကလဲ၊ အဖွားမြေးက ဘယ်သူလဲ၊ ဘယ်အရွယ်လောက်လဲ...မေးလိုက်တော့"

"ဒါတွေ ဖိုးခွား သိစရာ မလိုပါဘူး၊ ငါ့မြေးကို တွေ့မိသလား

မတွေ့မိဘူးလား။ ဒါပဲပြော၊ ငါ့မယ် အချိန်မရှိဘူး" လို့ ခပ်မာမာ လေသံနဲ့ ပြောလာတော့ သူကလဲ...အဲဒီ မိန်းမကြီးနဲ့ ပြဿနာ မဖြစ်ချင်ဆိုတော့ကာ...

"သည့်မယ်...ကျွန်တော် အလုပ် လုပ်နေတာ မနက်ကတည်း ကပဲ၊ အဖွားမြေး မပြောနဲ့ ငှက်ကလေး၊ လိပ်ကလေးတကောင်တမြီးတောင် မတွေ့မိဘူးလို့ ပြန်ပြောလိုက်သတဲ့"

"အဲဒီတော့"

ကျွန်တော်က ဝင်မေးလိုက်၏။

အဲဒီတော့ မိန်းမကြီးက ငိုင်ကျသွားပြီး..."လူမမယ် ငါ့မြေးလေး ဘယ်ရောက်နေလဲ မသိဘူးကွယ်၊ ခုထိလဲ ရှာမတွေ့ပါဘူး၊ သူတယောက်တည်း ဘယ်ရောက်လို့ ဘယ်လျှောက်သွားနေလဲ မသိဘူး။ သနားပါတယ်၊ သူ့ဆာလို့ ငိုနေရှာပေါ့" လို့ ပြောလာတော့ သူက...

"အဖွားမြေးက ကျွန်တော်တို့ အရွယ်လောက်ရှိလား" မေးလိုက်တယ်တဲ့။

"ငါ့မြေးလေးက ငါးနှစ်သားသာ ရှိပါသေးတယ်ကွယ်"

အဲဒီလို မိန်းမကြီးက ပြောလာတော့ သူ အံ့ဩသွားတယ်တဲ့။ မဖြစ်နိုင်ချေ။ "ငါးနှစ်သားသာကလေးက ဘယ်လိုလုပ် တောထဲ တောင်ထဲ တယောက်တည်း လျှောက်သွားနိုင်မှာတုန်း" လို့ မိန်းမကြီးကို ပြန်ပြောလိုက်တော့ စိတ်ဆိုးဒေါသထွက်ပြီး...

"ဖိုးခွား မင်း မဖြစ်နိုင်ဘူးဆိုတာ မပြောနဲ့၊ ဖြစ်နိုင်လို့ ဖြစ်နေပြီမဟုတ်လား" လို့ ပြောပြီး ဆောင့်အောင့် ထွက်သွားတော့တယ်တဲ့။ သည်ကိစ္စကို သူက သူ့သူငယ်ချင်း မိတ်ဆွေတွေကို ပြန်ပြောကြတော့အားလုံးက သူ့ကို တအံ့တဩကြည့်လာကြပြီး "ဟင်...မင်း...မင်း...တကယ်ပဲ အဖွားအို တစ္ဆေနဲ့ တွေ့ခဲ့တယ်ပေါ့" လို့ ဝိုင်းပြောကြသတဲ့။

"ဒါ ဘာမှ နားမလည်ဘူး" ဆိုတော့...

"အေး မင်းက မနေ့တနေ့ကမှ ကဒွတ်မြောင်ဖျားသစ်ထုတ်စခန်း ရောက်လာခဲ့သူဆိုတော့ ဘယ်သိနိုင်ပါ့မလဲ၊ အဲဒီမိန်းမကြီးက လူမဟုတ်ဘူးကွ၊ တစ္ဆေမကြီး၊ တစ္ဆေမကြီးရယ်လို့ ပြောလာကြတော့ သူလည်း သဘောပေါက်သွားတော့သတဲ့"

ဆင်ခေါင်းကြီး ခင်မောင်မြင့် စကားဆုံးသည်နှင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် တယောက် မျက်နှာ တယောက် ကြည့်လိုက်ကြတော့သည်။

ပြီးနောက်...."စိတ်ဝင်စားဖို့တော့ အကောင်းသား" ဆိုလျှက် ပြိုင်တူ ပြောလိုက်ကြပြီး ဝီစကီခွက်ကို ကိုယ်စီ ကောက်ကိုင်၍ မော့သောက်လိုက်ကြလေတော့သည်။

"ကဲ....ဆရာလေးတို့ ကျွန်တော် အိပ်ချေတော့မယ်၊ မနက်စောစော လုပ်ငန်းခွင် ဝင်စရာ ရှိတယ်" ဆိုလျက် ဆင်ခေါင်းကြီး ခင်မောင်မြင့်သည် ဝိုင်းမှ ထွက်သွားတော့၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် လက်ကျန်အရက်ကို သောက်လိုက်ကြပြီးနောက် အိပ်ယာဝင်ခဲ့ကြတော့၏။

အိပ်ယာထက်တွင် ကျွန်တော်သည် အတော်နှင့် အိပ်မပျော်လေသဖြင့် အိပ်ယာမှထလိုက်ကာ စခန်းတဲရှေ့ သစ်ပုပ်ပင်ကြီးအောက်ရှိ ကွပ်မျစ်တွင်သွားထိုင်လိုက်၏။ လေတဖြူးဖြူးရလေခြင်းကြောင့် လူမှာ စိတ်လန်း ကိုယ်လန်း ဖြစ်သွားရတော့၏။

ပိတ်လှောင်နေသည့်အခန်းထဲတွင် လင်းမြင့်လှိုင် တယောက်ဘယ်လိုအိပ်နေနိုင်သည် မသိပါချေ။

ပတ်ဝန်းကျင်တွင် တိတ်ဆိတ်လို့နေ၏။ ပုစဉ်းရင်ကွဲ အော်သံတို့နှင့် ခပ်လှမ်းလှမ်းဆီမှ ကျောက်ဖားတို့၏ သံပြိုင်အော်ဟစ်သံကို တရံတခါ ကြားရခြင်းသာ ရှိသလို ကျားကောင်၏ဟိန်းဟောက်သံနှစ်ကြိမ်တော့ ကြားလိုက်ရလေ၏။ သို့မှလွဲ၍ တောသည် ဆိတ်ငြိမ်လို့

နေ၏။ တဖြူးဖြူး တိုက်ခတ်နေသော လေသည် ကြာလာတော့ လူကို အအေး ပိုစေတော့၏။

အတန်ကြာတွင် အိပ်ချင်စိတ်ပေါ်လာပြီ ဖြစ်သော်လည်း ပိတ်လှောင်နေသည့် အခန်းတွင်း ပြန်ဝင်မအိပ်လိုသည်ကြောင့် ကွပ်ပျစ်ပေါ်တွင်သာ လဲလျောင်းအိပ်လိုက်ခဲ့တော့၏။

အတန်ကြာတွင် အိပ်ပျော်သွားတော့၏။

မည်မျှ အချိန်ကြာကြာ အိပ်ပျော်သွားလေသည် မသိ။ သစ်ရွက်ခြောက်နှင့် သစ်ကိုင်းခြောက်တို့ အပေါ် ဖိနင်းသံကြောင့် အိပ်နေလျက်မှ နိုးလာရတော့၏။ ကြားလိုက်ရသော ချွတ်နင်းသံသည် ကျွန်တော်အိပ်နေရာ ခြေရင်းဘက်မှ ဖြစ်သည်ကြောင့် လှမ်းကြည့်လိုက်၏။

"ဟာ"

အမှောင်ရိပ်တွင်းမှ ဆင်ကြီးတကောင် ကျွန်တော်ထံ လျှောက်လှမ်းလာနေသည်ကြောင့် ရင်ထိတ်သွားမိလေ၏။ နံဘေးမှ သေနတ်ကို စမ်းကိုင်လိုက်ပြီးလေမှ ဆင်စခန်းတွင် ဆင်တွေ့ရသည်မှာ မဆန်းလေသဖြင့် ထိုဆင်ကောင်ကြီးကိုသာ စူးစိုက်ကြည့်နေလိုက်တော့၏။

ဆင်ကောင်အနားရောက်လေမှ ကပ်အိမ်ဖြင့် လူစီးလိုက်လာသော အိမ်ဆင်ဖြစ်မှန်း သိရလေသဖြင့် ရင်ခုန်နှုန်း ငြိမ်သွားလေ၏။

"မက်....မက်"

ဆင်ဦးကင်းထက်မှ ဆင်ဦးစီးလေး၏ အမိန့်ပေးသံကြောင့် ဆင်ကြီးသည် မြေပြင်တွင် ဝပ်တွားလိုက်လေတော့၏။

ဆင်ကပ်အိမ်ပေါ်မှ ဆင်းလာသော သူသည် ဆင်ပိုင်ကြီး စောစံကြိုင် ဖြစ်နေပါကလား။

"ဖထီ....ညကြီးမင်းကြီးပါလား"

သို့ ခိုသလို ကျွန်တော်က ပြောလိုက်သည်တွင်....

"အေး....ညနေကတည်းက ပြန်ရောက်ရမှာ၊ ကဒွတ်မြောင် ကြောမယ် မိစ္ဆာမကြီးနဲ့ တွေ့လို့ သူနောက်လိုက်ရင်း အချိန်ကုန်သွားရတာ" လို့ ပြောလာသဖြင့် ကျွန်တော် မည်သို့မျှ နားမလည် ဖြစ်ရလေ၏။ သို့ကြောင့်....

"ဘယ်က မိစ္ဆာမကြီးလဲ ဖထီရဲ့၊ ရှင်းအောင် ပြောစမ်းပါ" လို့ ပြောရင်း ကွပ်ပျစ်ပေါ် ထထိုင်လိုက်တော့၏။

သည်တွင် စောစံကြိုင်သည်လည်း ကျွန်တော့်နားတွင် ခြေပစ်လက်ပစ် ထိုင်ချလာလေပြီး....

"မိစ္ဆာမကြီးဆိုတာ ခုတလော ကဒွတ်မြောင်မယ် တွေ့ရတတ်တဲ့ မိန်းမကြီးကို ပြောတာ" ဆိုလေမှ ကျွန်တောသည် ဆင်ခေါင်းကြီး ခင်မောင်မြင့်ပြောသော တစ္ဆေမိန်းမကြီးကို သတိရလိုက်တော့၏။

ဆင်ပိုင်ကြီးပြောသည့် မိစ္ဆာမကြီးဆိုသည်မှာ တစ္ဆေမိန်းမကြီးကိုပင် ပြောနေခြင်း ဖြစ်သည်ကြောင့်....

"ကျွန်တော်တို့လဲ သိထားသင့်သလောက် သိထားပြီးပါပြီ၊ စိတ်ဝင်စားစရာတော့ အကောင်းသားကလား၊ နို့ဖြင့်လည်း ဖထီ ဘယ်လိုဆုံခဲ့တယ် ဆိုတာ ဂဃနဏ သိချင်တယ်"

"ပြောတာပေါ့ ဆရာလေးရယ်၊ ကိုလင်းကော"

"မူးမူးနဲ့ အိပ်နေပြီ၊ ကျွန်တော် အိပ်မပျော်တာနဲ့ တဲပြင် ထွက်လေညှင်းခံရင်း အိပ်ပျော်သွားတယ်"

သည်တွင် စောစံကြိုင်သည် သူနံဘေးရှိ ဆင်ဦးစီးလေးဘက် လှည့်ကာ....

"အေးဖိုး....ငါ့ အခန်းထဲက ဝီစကီ တစ်လုံး သွားယူချေ့၊ ရေ့ ဒီအိတ်ထဲက ယုန်သားကင်ကို ပန်းကန်ထဲ ထည့်ခဲ့" လို့ ပြောလေ

ပြီး တချက်တည်းဆိုသလိုပင်....

"ဆရာလေး ကိုပိုက်၊ ခဏလေးနော်၊ ဆရာလင်းကို သွားနှိုးချဦး မယ်" ဆိုလျက် လင်းမြင့်လှိုင် အိပ်နေသည့် တဲအတွင်းခန်းသို့ ဒယီးဒယိုင်ဖြင့် ဝင်သွားလေတော့၏။

ဖထီစောစံကြိုင် တစ်ယောက် လမ်းတလျှောက် မည်မျှသောက်လာလေသည် မသိ။

အတန်ကြာတွင် စောစံကြိုင် တယောက် လင်းမြင့်လှိုင်ကို ပခုံးဖက်၍ ပြန်ထွက်လာ၏။

သည်သို့ဖြင့် ကျွန်တော်တို့သည် ညသန်းခေါင်ယံတွင် ဝိုင်းဖွဲ့မိကြပြန်တော့၏။

"ကဲ ဖထီ....ကဒွတ်မြောင်မယ် မိစ္ဆာမကြီးနဲ့ တွေ့ခဲ့တယ်ဆိုတာ ပြောပြပါဦး"

သို့ ကျွန်တော်က ပြောလိုက်သည်တွင် စောစံကြိုင်သည် ကျွန်တော်နှင့် လင်းမြင့်လှိုင်ကို စေ့စေ့ကြည့်နေလေပြီး အတန်ကြာတွင်....

"ဆရာလေးတို့ ကဒွတ်မြောင်ဘက် အမဲကြီးပစ် တကယ် သွားကြမှာနော်"

လို့ မေးလာသဖြင့်....

"ဟုတ်တာယ်လေ၊ ဖထီပါ လိုက်မယ်ဆိုလို့ စောင့်နေကြတာလေ" သို့ ကျွန်တော်က ပြောလိုက်လေသည်တွင် စောစံကြိုင်သည် ကျေနပ်နှစ်သိမ့်စွာ ပြုံးလာချေပြီး....

"ဒေါ....ငါလိုက်ချင်တဲ့ အကြောင်းက အမဲပစ်ချင်လို့ ဟုတ်ဘူးကွ၊ အဲဒီနေရာ တစ်ဝိုက်မှာ ကျက်စားနေတဲ့ မိစ္ဆာကောင်မကြီးကို အသေရရ အရှင်ရရ ဖမ်းချင်လို့ပဲ"

သို့ စောစံကြိုင်က ပြောလာသည်တွင် ကျွန်တော်နှင့်

လင်းမြင့်လှိုင်က မည်သို့စကားမျှ ခွန်းတုန့်မပြန်သေးခင် နံဘေးတွင်ရှိ ဆင်ဦးစီးလေး စောအေးဖိုးက...

"ဖထီရယ်...တစ္ဆေသူရဲကို ဘယ်လိုလုပ် အသေရရ၊ အရှင်ရ ရဖမ်းလို့ ရမှာတဲ့တုန်း"

"ဖိုးခွား...မင်းပါးစပ် ပိတ်ထားစမ်း။ တစ္ဆေသူရဲကို ငါမယုံဘူး ကွ၊ ခုလဲ ငါတို့ လမ်းမှာ တွေ့ခဲ့ကြသေးတယ် မဟုတ်လား၊ မင်း အသုံး မကျလို့ လွတ်သွားရတာ...တောက်"

သို့ စောစံကြိုင်က ပြောလိုက်တော့လည်း ဆင်ဦးစီးလေး အေးဖိုး အတော်ငြိမ်ကုပ်သွားတော့၏။

"ဖထီရယ် ကျွန်တော်တို့လဲ မယုံချင်ပါဘူး၊ နက်ဖြန်ကျ ကဒွတ်မြောင်ဘက် သွားကြမှာပဲ၊ အဲဒီတော့မှ တချက်ခုတ် နှစ်ချက် ပြတ်ဆိုသလို အမဲကြီးလည်း ပစ်ရင်း ၊ တစ္ဆေမကြီးကိုလည်း လိုက်ရှာ ကြတာပေါ့၊ ဖထီ ကနေ့ တွေ့ခဲ့တဲ့ အဖြစ်အပျက်လေးကိုသာ ပြောပြ စမ်းပါ၊ တစ္ဆေမိန်းမကြီး အကြောင်း သိသင့်သလောက် သိထားတော့ ကောင်းတာပေါ့ ဖထီရယ်"

"အေး ပြောပြမယ်" ဆိုရင်း အရက်တစ်ခွက်ကို မော့ သောက်လိုက်လေပြီး ယုန်ကင်တဖဲ့ ယူစားလိုက်ကာ...

"သည်လိုကွ...."

သစ်ပုပ်ပင် စခန်းတွင် တောအုပ်ကြီး စောပြည်တင်နှင့် လုပ်ငန်းကိစ္စပြောဆိုပြီး သောက်စား၍ ပြန်ခဲ့သည်တွင် စောစံကြိုင် တယောက် အတော်ကလေး မူးနေပြီ ဖြစ်သည့်ကြောင့် ဆင်ပေါ်တွင် ကပ်အိမ်ကို ကျောမှီ အိပ်လိုက်ခဲ့ရာမှ "ဂွီး" လို့ ဆင်အော်သံကြောင့် မျက်လုံးကျယ် နိုးလာရတော့၏။

"သည်ကောင် ဘာဖြစ်လို့လဲ"

"သိဘူး ဖထီ၊ ရုတ်တရက် ထအော်တာပဲ"

သို့နှယ် ဆင်ဦးစီးလေးအေးဖိုးကပြောရင်း ရှေ့လမ်းကြောင်းကို စေ့စေ့ကြည့်ကာ ဆင်နားရွက်ကို ချွန်းဖြင့် လှမ်းလှမ်း ချိတ်ဆွဲ သတိပေး၍ ဆက်စီးခဲ့လေတော့၏။

"ဟင်းကောင် အရိပ်အယောင် ရလို့များလား"

"အဲလိုလဲ ဟုတ်မယ် မထင်ဘူး ဖထီးရဲ့၊ သူ့ ရှေ့သွားလမ်းကို ပိတ်ကာနေလို့ အော်ဟစ်လိုက်တဲ့ သဘောပဲ ဖထီးရဲ့"

"မင်းကော မတွေ့မိဘူးလား"

"ကျွန်တော်တော့ ဘာမှ မတွေ့ဘူး ဖထီးရဲ့၊လမ်းကြောင်းပေါ်မှာ ရှင်းနေတာပဲ"

"နို့ဖြင့်လည်း ပြီးတာပဲ" ဆိုလျက် စောစံကြိုင်သည် ကပ်အိမ်ကို ကျောမှီလျက် မျက်စိအစုံကို မှိတ်ထားလိုက်ပြန်လေ၏။

စောစံကြိုင်သည် မုဆိုးတယောက် ဖြစ်သည်ကြောင့်လည်း မျက်စိသာမှိတ်ထားသော်ငြား နားကိုတော့ ဖွင့်ကာ နှာခေါင်းကို အလုပ်ပေးထား၏။

လေနှင့် ပါလာသည့် ရနံ့တို့ကို ခွဲခြမ်းစိတ်ဖြာလို့နေ၏။ သို့ရှိစဉ်....

"ဝူးလီ....ဝူးလ်"

ဆင်၏ အော်ဟစ်သံကြောင့် မျက်လုံးကျယ်လာရပြန်၏။

"ဖိုးခွား....သည်ကောင် ဘာဖြစ်ပြန်ပြီလဲ၊ ပေကပ်ကပ်နဲ့ ပါကလား။ ဘာကို မြင်လို့ ရှေ့ဆက်မသွားတော့တာလဲ....မှန်း"

သို့ဆိုလျက် စောစံကြိုင်သည် ကိုယ်ကို မတ်၍ ထိုင်လိုက်လေပြီး [illegible]သို့ ကဲကြည့်လိုက်၏။

မည်သည့်အရိပ်အယောင်မျှ မတွေ့ပါကလား။ သို့ကြောင့် နံဘေး [illegible]ဘက်တချက်သို့ လှမ်းကြည့်လိုက်ပြန်သည်တွင်မတော့. .

"ဟာ....ဟိုမယ် ဖိုးခွား ဟိုမယ် ကြည့်စမ်း၊ ငါပဲ အမြင်မှားလို့

လား။ မိန်းမကြီးတစ်ယောက် မဟုတ်လား"

သို့ သူ တအံ့တဩဖြင့် ပြောလိုက်သည်ကြောင့် ဆင်ဦးစီးလေး စောအေးဖိုးသည် သူညွှန်ပြရာသို့ လှမ်းကဲကြည့်လိုက်လေပြီး....

"ကျွန်တော်တော့ ဘာမှ မတွေ့ပါလား ဖထီးရဲ့၊ ဖထီး မှုံးမှုံးနဲ့ မြင်မိမြင်ရာ ပြောနေတာ များလား"

"စောကလေး...မင်း ဘာပြောတာလဲ၊ ငါမမှုံးပါဘူးကွ၊ မင်းကိုက ကန်းနေလို့ ဖြစ်မပေါ့။ ငါ အောက်ဆင်းဦးမယ်"

သို့ စောစ်ကြိုင်က ပြောလိုက်သည်ဖြင့် ဆင်ဦးစီးလေး စောအေးဖိုးသည် သူ့ဆင်ကောင်ကို မြေပြင်သို့ ဝပ်တွားခိုင်းလိုက်လေ၏။

"မက်....မက်....မက်"

စောစ်ကြိုင်သည် မြေပြင်သို့ ခြေချမိသည်နှင့် မိန်းမကြီးကို မြင်လိုက်သည့်နေရာသို့ အပြေးကလေး သွားလိုက်၏။

သူ့အမြင်တွင် မိန်းမကြီးသည် တဘက်တောင်ကြောလေးအောက်သို့ ဆင်းသွားချေပြီ ဖြစ်၏။ သို့ကြောင့် သူသည် တောင်ကြောပေါ်မှပင် လှမ်းပြီး ကြည့်နေလိုက်တော့၏။

အသက်အားဖြင့် ၆၀ ဝန်းကျင်ခန့်ရှိချိမ့်ဦးမည်။ ဆံပင်ရှည်ကို ဖြန့်ကာ ချထားသည်တော့ မဟုတ်။ တပတ်လျှို ထုံးထား၏။ အရပ်ပိန်ပိန် ရှည်ရှည်။ အသားက လတ်လတ် ဖြစ်၏။

သူမ ဆင်းသွားသည်မှာ မြောင်အတွင်းဖြစ်ရာ သူဆင်း လိုက်သွားလိုပေမင့် မှောင်စလည်း ပျိုးနေချေပြီဖြစ်၍ လာလမ်းအတိုင်း ပြန်လှည့်ခဲ့တော့၏။

"အား"

သူ ရင်ထိတ်သွားမိတော့၏။

သူက နောက်သို့ ပြန်အလှည့် ရိုပ်ခနဲ သဖ္ဖာန်တစ်ခုကို တွေ့

လိုက်သည်ကြောင့် ရုတ်တရက်မို့ လန့်ဖျတ်သွားရခြင်း ဖြစ်၏၊

သူနှင့် တထွာလောက်တွင် လူတစ်ယောက် ရောက်နေပါ ကောလား။ ထိုသူ လက်ထဲတွင်မတော့ ရိုင်ဖယ်သေနတ်အိုကြီးကို ကိုင်ထားချေ၏။

သူကို စိမ်းစိမ်းကြီး ကြည့်နေလေခြင်း ဖြစ်၏။ ထိုလူနှင့် မိန်းမကြီး ဘယ်လို ပတ်သက်နေပါလိမ့်။ သူ မိန်းမကြီးကို လိုက်ကြည့် နေခြင်းကို ထိုလူ ကျေနပ်မှု မရှိ၍များလား။ သို့ကြောင့်....

ဘယ်လိုသဘောမှ မဟုတ်ပါဘူး၊ တောထဲ တောင်ထဲ မိန်းမ ကြီး တစ်ယောက်ကို တွေ့လိုက်တော့ အံ့ဩမိလို့ပါ၊ နို့ကြောင့်လည်း လိုက်ကြည့်မိတာပါ"

သူ့ကိုယ်သူ မလုံမလဲဖြစ်ရသည်ကြောင့် စစ်မမေးဘဲနှင့် သို့နှယ် ရှင်းပြမိတော့၏။

သည်တွင် လူကြီးက ခေါင်းကို ခါယမ်းလိုက်လေပြီး....

"ငါနဲ့ ဘာမှ မပတ်သက်ဘူး၊ ငါလည်း ဇင်းလိုပဲ" လို့ ပြောလာ ချေတော့၏။

သို့ကြောင့် စောစ်ကြိုင်သည် ထိုသူ့ကို အသေအချာ ကြည့် မိတော့၏။ အသားအရေ၊ မျက်နှာပေါက် အဝတ်အစားကို ကြည့်၍ ပြောရမည် ဆိုလျှင် (ဗမာ)ဖြစ်ချိမ့်မည်။ အသက်အားဖြင့် ခြောက်ဆယ် ထက်တော့ လျော့သည့်ပုံမပေါ်။ ကတုံးဆံတောက် ဆံပင်နှင့်ဖြစ်ခြင်းကြောင့် ရှိရင်းအသက်ထက်ငယ်ပုံ ဖြစ်နိုင်၏။ မေးရိုး ကားကား၊ မျက်လုံး ပြူးပြူး၊ နှုတ်ခမ်းထူ၊ နှာခေါင်းပွပွ ဖြစ်၏။ ရင်အုပ် တို့ ခပ်မောက်မောက် ဖြစ်၏။ အသက်အရွယ်နှင့်မလိုက်အောင် သန် စွမ်းကျန်းမာပုံရ၏။ အမဲလိုက် မုဆိုးတယောက် ဖြစ်နိုင်၏။သို့ပေမင့် သူသိသောမုဆိုးများစာရင်းတွင် ထိုလူကြီးမပါ။ သည်တောနားပတ်ဝန်း ကျင် အနားကတော့ မဟုတ်သည်ကို စောစ်ကြိုင် ကောင်းကောင်း

ခွဲခြားပြောနိုင်၏။

"မင်း ဘယ်သွားမလို့လဲ"

ထိုလူကြီးက မေးလာသဖြင့်....

"ကျုပ် တောင်သလဲစခန်း သွားမလို့၊ လမ်းကြုံလိုက်ချင်လို့ လား၊ ကျုပ်မှာ ဆင်ပါတယ်"လို့ လောကွတ် စကားပြောလိုက်၏။ သည်တွင် ထိုလူကြီးသည် ခေါင်းကို ခါယမ်းလိုက်လေပြီး...

"အမဲ မရသေးဘူး" ဆိုလျက် ထိုနေရာလေးမှ လှမ်းထွက် သွားသည်ကြောင့် သူသည်လည်း ဆင်ရှိရာသို့ သွက်လက်သော ခြေ လှမ်းဖြင့် ထွက်ခဲ့ချေတော့၏။ ဆင်နားသို့ ပြန်ရောက်သည်တွင် ဆင်ဦး စီးလေးကို အကျိုးအကြောင်း ပြောပြလိုက်သည်တွင်....

"ဖထီရယ် ကျွန်တော် ဖထီကို လှမ်းမြင်နေရတာဘဲ၊ ဘယ်သူ မှ ဖထီအနားမှာ မတွေ့မိပါဘူး"

"ဘာကွ"

"ဟုတ်တယ် ဖထီ...ဖထီ တောင်ကြောပေါ် တက်သွားတယ်၊ တဖက်ကို လှမ်းကြည့်ပြီး ပြန်လာတယ်။ တောင်ကြောပေါ်မှာ ခဏရပ် နေပြီး သည်ကို တန်းတန်းမတ်မတ် ပြန်လာတယ်"

"ဟုတ်ကဲ့လားကွာ၊ ငါ အသေအချာ ရပ်ပြီးတောင် စကား ပြောခဲ့သေးတယ်။ အမဲလိုက် မုဆိုး တယောက်ပါကွ၊ ကဲ...လာစမ်း ပါကွာ၊ သူနဲ့ငါ တွေ့ခဲ့တဲ့ နေရာ သွားပြန်ကြည့်ပါ့မယ်၊ ခြေရာ လက်ရာ တွေ ကျန်ခဲ့မှာပေါ့"

သို့နှယ် ပြောပြီး ဆင်ဦးစီးလေး စောအေးဖိုး၏ လက်ကို ဆွဲ၍ တောင်ကြောပေါ်သို့ ပြန်သွားလိုက်၏။

သူ့အပြုအမူကြောင့် ဆင်ဦးစီးလေး စောအေးဖိုးသည် တန်း လန်း တန်းလန်းဖြင့် သူ့နောက်ပါလာချေတော့၏။

"အာ...ဟုတ်ပြီ၊ သည်မယ် တွေ့ပြီ" ဆိုလျက် စောစ်ကြိုင်

လည်း မြေပြင်မှ အရာတစ်ခုကို ကုန်းကောက်လိုက်လေသည်။

"ဟင်"

မီးခြစ်တစ်လုံးပါကလား။ ပြီးနောက် ထိုနေရာတွင် ခြေရာရေးရေးလေးတို့ကို မြင်ရလေ၏။

"ကဲ....ငါမပြောလား၊ မင်းသာ မျက်စိကန်းနေတာ၊ အဲဒါများငါ့ကို မူးနေသလေး ဘာလေးနဲ့၊ တောက်....ငါ လုပ်လိုက်ရကွာ"

သည့်နောက် သူတို့သည် ထိုနေရာလေးမှ ထွက်ခဲ့ကြတော့၏။ သို့ဆိုရာ၌ စောစံကြိုင်သည် လူကောင်လုံး တွေ့လိုက်လျက် လိုက်မမီခဲ့ လေသည်ကြောင့် မကျေမနပ် ဖြစ်ကာ နောက်ဆံတင်င်င်ဖြင့် လှည့်ကြည့် လှည့်ကြည့်ဖြင့်သွားခဲ့ရာမှ ထိုမိန်းမကြီးကို ရိပ်ခနဲ ပြန်တွေ့လိုက် ပြန်သည်ကြောင့်....

"ဟာ....ဖိုးခွား....ဟိုမှာ....ဟိုမှာ ပြန်လှည့် ပြန်လှည့်"

လို့ ကပျာကသီ ပြောလိုက်တော့၏။

"ဖထီကလည်း အချိန်မရှိတော့ဘူးလေ"

လို့ စောအေးဖိုးက ပြန်ပြောလိုက်ပေမင့်....

"အချိန်မရှိတော့တာ ပြဿနာ မဟုတ်ဘူး၊ သစ်ပုပ်မင်နဲ့တောင်သလဲကို ငါ အချိန်မရွေး မျက်စိမှိတ်သွားလို့ရတယ်၊ ငါပြောသလိုလုပ်စမ်းကွာ" ဆိုလေသည်ကြောင့် ဆင်ဦးစီးလေးသည် စိတ်မပါစွာဖြင့် ပြန်လှည့်ကြည့်လိုက်ရတော့၏။

သို့ဖြင့် စောစံကြိုင် လမ်းညွှန်ရာသို့ သူ၏ ဆင်ကို သွားစေလိုက်၏။

"ဟာ ဟိုမယ်ကွ....ဟိုမယ် ဟိုဘက်၊ ဟိုမှာလေ ဟိုမယ်"

စသဖြင့် စောစံကြိုင်က အားတက်သရော ညွှန်ပြရာသို့ သွားရခြင်းဖြစ်ပြီး ဆင်ဦးစီးလေး စောအေးဖိုးတယောက် ဘာမျှမတွေ့မမြင်ပါ ချေ။ စောစံကြိုင်သာလျှင် တွေ့နေမြင်နေ လိုက်နေခြင်းဖြစ်၏။

ဘယ်တတ်နိုင် ငြင်းပယ်နိုင်ပါလိမ့်မည်နည်း။ စောစံကြိုင်က ဆင်ပိုင်ကြီး ဖြစ်နေတာကိုး။ သည်သို့ဖြင့် တောတိုးရင်း အချိန်တွေသာ ကုန်ခဲ့ရ၏။ လှုပင်ပန်း စိတ်ပင်ပန်း ခြင်းသာ အဖတ်တင်ခဲ့တော့၏။

"တောက်...ငါမကျေနပ်ဘူးကွာ၊ ရိပ်ခနဲ ရိပ်ခနဲ တွေ့တွေ့လိုက်သွားကလား...မိန်းမကြီးတစ်ယောက်က ငါလို သန်သန်စွမ်းစွမ်း တောကျွမ်းမုဆိုးတစ်ယောက်ကို လိုက်မမီအောင် သွားနိုင်တယ်ဆိုတော့ ချီးကျူး စရာပဲဟေ့"

သို့ဆိုသလိုပြောရင်း စောစံကြိုင်သည် လက်တွင်းမှ သေနတ်ဖြင့် ဦးတည်ရာမယ့် ပစ်လိုက်တော့၏။

"ဒိန်း"

ညဦးအချိန် ပြင်းထန်သော ယမ်းအားပေါက်ကွဲသံကြောင့် အနားတဝိုက်ရှိ အိပ်တန်းဝင် ကျေးငှက်တို့သည်လည်းကောင်း၊ သားကောင်ငယ်လေးတို့သည် လည်းကောင်း လန့်ဖျတ်အော်ဟစ် ပြေးလွှားသွားကြတော့၏။

သို့ ပြေးလွှားသွားကြခြင်းကြောင့် သားရဲကောင်တို့သည်လည်း ယောက်ယက်ခတ်သွားကြလေသည်။

ကြောက်လန့်တကြား ပြေးလွှားသံများ နောက်ကွယ်မှစ၍ တတောလုံး ဆူညံသွားလေ၏။

အတန်ကြာတွင် သို့အသံများ ပျောက်ကွယ်သွားကြသည်။

"ငါတို့ စခန်းပဲ ပြန်တော့မယ်"

သို့ဆိုပြန်တော့ စောအေးဖိုးတယောက် ဆင်ကို နောက်ကြောင်း ပြန်လှည့်ခဲ့ရလေ၏။

"အချိန်ကုန်တာပဲ အဖတ်တင်တယ်"

ဒို့ဆိုသလို ဆင်ဦးစီးလေးက ညည်းတွားပြောလိုက်သံကြောင့် စောစံကြိုင်သည် သူ၏ ဆင်ဦးစီးလေးကို စိမ်းစိမ်းကားကား

ကြည့်လိုက်လေတော့သဖြင့် ဆင်ဦးစီးလေး စောအေးဖိုးတယောက် ငြိမ်ကုပ်သွားချေတော့သည်။

သို့ စောစံကြိုင် ပြောလေခြင်းကို စိတ်ဝင်တစား နားထောင်ခဲ့ကြရာမှ ကျွန်တော်က....

"ဖထီ မူးပြီး မြင်ချင်ရာ မြင်ခဲ့တာတွေ မဟုတ်ပါဘူးနော်" လို့ ပြောလိုက်သည်တွင်....

"ငါမမူးလို့ ခု....ဆရာလေးတို့နဲ့ ဆက်သောက်နေတာမေ့ကွ" လို့ ဒေါသအိုးကွဲသံဖြင့် ပြောလာတော့၏။

"နို့ဖြင့်လည်း နက်ဖြန်ခါ အဲဒီဘက် သွားဖြစ်အောင် သွားကြတာပေါ့။ ဖထီရယ် ဟုတ်လား"

သို့ လင်းမြင့်လှိုင်က ပြောလိုက်ကာ သူ့တွက် နောက်ဆုံးလက်ကျန်ခွက်ကို မော့သောက်လိုက်လေတော့၏။

ကျွန်တော်သည်လည်း သို့နှယ် နောက်ဆုံးအနေဖြင့် ခွက်တွင်းရှိ ကျန်အရက်ကို မော့သောက်လိုက်ကာ ယုန်ကင်တဖဲ့ကို ကောက်ယူ ဝါးလိုက်လေတော့၏။

ပြီးနောက်....

"ဖထီ....ကျွန်တော်တို့ အိပ်ယာ ဝင်ချေတော့မယ်၊ နက်ဖြန် မောစော ခရီးထွက်ကြမှာမို့ နှစ်နှစ်ခြိုက်ခြိုက် တရေးအိပ်လိုက်ချင်တယ်"

သို့ ကျွန်တော်က ပြောလိုက်သည်တွင် စောစံကြိုင်သည် ရီဝေဝေ မှန်လာပြီး ကျွန်တော်တို့ နှစ်ယောက် မျက်နှာကို ကြည့်လိုက်၊ အရက်ပုလင်းကို ကြည့်လိုက် လုပ်လာသည်ဖြင့်....

"အဲဒီ လက်ကျန်အရက် ဖထီပဲ ဖြတ်လိုက်ပါဗျာ" လို့ လင်းမြင့်လှိုင်က ပြောလိုက်တော့၏။

"အေး....ကောင်းတယ်" ပြောလာပေမင့် စောစံကြိုင်တစ်

ယောက် ခေါင်းစိုက်နေချေပြီ ဖြစ်တော့၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်ကာ ပြုံးစိစိ လုပ်လိုက်ကြပြီး ထိုနေရာလေးမှ ထထွက်ခဲ့ကြလေ၏။

"ဘုန်း"

"ခွမ်း....ချလွမ်း"

ကျွန်တော်တို့ အိပ်ယာပေါ် မရောက်မီ စောစံကြိုင်တယောက် ထိုင်လျက်မှ လဲပြိုကျသွားချေတော့၏။

ထိုညအဖို့ သူ့အိပ်ယာသည် ထိုအရက်ဝိုင်းနေရာလေးပင် ဖြစ်လေတော့၏။

နောက်တနေ့တွင် ကျွန်တော်တို့သည် စောစံကြိုင်၏ တပည့်ကျော် ဆင်ခေါင်းကြီး ခင်မောင်မြင့် စီမံပေးသည့် ကောက်ညှင်းပေါင်းနှင့် ဂျုံသားချောက်ဖုတ် ဆီစမ်းကို စားလိုက်ကြပြီးနောက် ခရီးထွက်ခဲ့ ကြတော့သည်။

စောစံကြိုင်တယောက် ယခု ခရီးစဉ်အတွက် ဝမ်းမြောက်ဝမ်းသာ အားတက်သရော ဖြစ်နေချေ၏။

"မိစ္ဆာမကြီးနဲ့ တွေ့ခဲ့ပေလို့ပဲ၊ ဥစ္စာစောင့်မ ချောချောလေးနဲ့များ တွေ့ခဲ့လျှင် ဘယ်လိုနေမလဲ မသိဘူး"

သို့တီးတိုး ပြောလိုက်သံကြောင့် ကြည့်လိုက်သည်တွင် ဆင်ဦးစီး, စောအေးဖိုး ဖြစ်နေသည်ကို သိလိုက်ရလေ၏။

သို့ သူပြောသည်ကို စောစံကြိုင်က ကြားမိဟန် မတူချေ။ ကျွန်တော်နှင့်လင်းမြင့်လှိုင်က ကြားလိုက်သဖြင့် ပြုံးမိကြသေးတော့၏။

ယခု ခရီးစဉ်တွင် ကျွန်တော်တို့ကို ကဒွတ်မြောင် အထိ ဆင်ခေါင်းကြီး ခင်မောင်မြင့်က သူစီးသည့် ဆင်ဖြင့် လိုက်ပို့ခဲ့ချေ၏။

တောင်သလဲ ဆင်စခန်းနှင့် ကဒွတ်မြောင် အတော်လှမ်းသည်

ကြောင့် ဖြစ်၏။

"ဖထီတို့ ဘယ်နှစ်ရက်လောက် ကြာမယ် မှန်းသလဲ"

ကဒွတ်မြောင်အတွင်း ဝင်တော့မည့် ကျွန်တော်တို့ကို ဆင်ခေါင်းကြီး ခင်မောင်မြင့်က မေးလာလေ၏။

"ပြောတတ်ပေဘူးကွ၊ အမဲကြီးပစ်ရုံ မဟုတ်ဘူး။ မိစ္ဆာမကြီးကိုပါ တွေ့အောင် ရှာကြမယ်ဆိုတော့ မှန်းရခက်တာကလား။ မင်းသာ စခန်းမှာ အသေအချာ ကွပ်ကဲထားပါကွာ၊ အေး စောပြည်တင်တို့ သစ်တောအဖွဲ့ စခန်းအပြောင်းအရွှေ့အတွက် မင်းကို အကူအညီလာ တောင်းလျှင် ပေးလိုက်ပါကွာ၊ ငါကိုလည်း သူတို့ရဲ့ ဝန်ထောက်မင်း ဦးစိုးဝင်းလှိုင် ပြောထားဖူးတယ်ဟုတ်ပလား"

"စိတ်ချပါ ဖထီတို့သာ မိစ္ဆာမကို တွေ့လျှင်ဖြင့် အလွတ်မပေးကြပါနဲ့ဗျာ"

"စိတ်ချ ကိုခင်မောင်မြင့်ရေ၊ ကျွန်တော်တို့လည်း မိစ္ဆာမကို တွေ့ချင် မြင်ချင်နေတာဗျ၊ သားကောင်ကြီး မပစ်ရလျှင် နေပါစေဗျာ"

သို့ဆိုသလို ကျွန်တော်က ပြောလိုက်လေတော့၏။

သည့်နောက် ဆင်ခေါင်းကြီး ခင်မောင်မြင့်က သူ့ဆင်ကို စီး၍ နောက်သို့ ပြန်သွားသလို ကျွန်တော်တို့သည်လည်း ကဒွတ်မြောင်သို့ ဝင်ခဲ့ကြတော့၏။

ကဒွတ်မြောင်ဆိုပေမင့် ချောင်းနီးနီးအကျယ်ရှိချေ၏။ ချောင်းတွင် စီးဆင်းနေသော ရေမရှိပေမင့် မြောင်တလျှောက် ရေအိုင်ကြီးငယ်တို့ရှိချေ၏။ မြောင်တွင်း နံရံတဝိုက် ဆေးမြင်းခွာပင်နှင့် ကြက်ခြမ်းပင်တို့အပြင် တောရှောက်အပင်များလည်း မြောင်နံရံတွင်ကပ်၍ ပေါက်နေကြ၏။

မြောင်အတွင်း သားရဲ တိရစ္ဆာန်ကောင်တို့ အသွားအလာမပြတ် ရှိနေခြင်းကြောင့် ရေအိုင်တွင်းရှိ ရေတို့နောက်လို့နေချေ၏။

"ကျွန်တော်တို့ မြောင်ဖျားအထိ သည်မြောင်ထဲကပဲ တက်ကြမှာလား"

သို့ ကျွန်တော်က မေးလိုက်၏။

"ရှေ့နားမယ်၊ တောင်ကြောပေါ်အတက် လမ်းလေးရှိတယ်၊ မြောင်အတိုင်း သွားချင်လို့လဲ မရပေဘူးကွ၊ အတော်လှမ်းလှမ်း နေရာလောက်မယ် သစ်ကိုင်း အခက်အလက်တွေနဲ့ မြောင်ပိတ်နေတယ်၊ ပြီးတော့ အနံ့အသက်တွေလည်း မကောင်းဘူး"

သို့ စောစ်ကြိုင်ပြောသလိုပင် မြောင်အတိုင်း လျှောက်ခဲ့သည်တွင် မြောင်ပိတ်နေသည်ကို တွေ့ရ၏။

သို့ကြောင့် ထိုနေရာလေးမရောက်မီ နေရာလောက်တွင် တောင်ကြောပေါ်အတက်လမ်းလေး တွေ့ရလေသဖြင့် ထိုလမ်းကြောင်းလေးအတိုင်း တောင်ကြောပေါ်သို့ ကျွန်တော်တို့ တက်ခဲ့ကြတော့၏။

သို့အတက်လမ်းတွင်တော့ တောရှောက်ပင်၏ အမြစ် ပေါ်နေသည်ကို တွေ့ရလေခြင်းကြောင့် တထွာခန့် ခုတ်ဖြတ်ယူ ဆောင်ခဲ့ပေတော့၏။

တောရှောက်မြစ်သည် တောတောင်အတွင်းသာ ရှိ၍ ရှားလွန်းလှချေ၏။

သို့ဖြင့် ကျွန်တော်တို့သည် တောင်ကြောပေါ်သို့ ရောက်သည်တွင် ခေတ္တမျှ နားနေလိုက်ကြ၏။

တောင်ကြောပေါ်တွင် အမျိုးစုံသော သစ်မျိုးပင်တို့ ပေါက်လျက် ရှိချေ၏။ ပန်းစုံတောဟု ပြောရပေမည်။ သို့ကြောင့်လည်း အောက်ပေါင်းရှုတ် လေ၏။ အောက်ပေါင်းရှုတ်တောဆိုတော့ ကြိမ်နွယ်ပင်နှင့် ကျားမနိုင်နွယ်ပင်တို့ကြောင့် ပို၍ရှုပ်ထွေးလွန်းချေ၏။

"ဖထီ" ဆိုလျှက် လင်းမြင့်လှိုင်သည် စောစ်ကြိုင်ထံသို့ ဝီစကီ

ပုလင်းမြွားလေးကို ကမ်းပေးလိုက်တော့၏။

"တာပလူးအားကြီးလော်" ဆိုလျက် ကျေးဇူးတင်စကား ပြောကာ ဝီစကီပုလင်းကို အဖုံးဖွင့် တငုံသောက်လိုက်လေတော့၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည်လည်း တငုံစီသောက် လိုက်ကြလေပြီးနောက် ထိုနေရာလေးမှ ထွက်ခဲ့ပြန်လေ၏။

ထိုတောင်ကြောအတိုင်း ကျွန်တော်တို့ လျှောက်ခဲ့ရာမှ ဖျဉ်းမ ရှက်ကြီးတစ်ပင်အောက်တွင် ဆတ်ဟောင်သေတကောင်ကို တွေ့ လိုက်ကြတော့၏။ ဆတ်ကောင်သေတွင် ပေါင်တချောင်း မရှိတော့ချေ။ သွေးတို့ ယိုစီးကျနေဆဲ ဖြစ်ခြင်းကြောင့် မကြာသော အချိန် ကလေး ကမှ ပစ်ခတ် ခုတ်ဖြတ် ယူသွားဟန် ဖြစ်ချေ၏။

"ဒီမုဆိုးနယ် ဘာလို့များ ဆတ်ကောင်ကို ပစ်ပြီး ပေါင်တစ် ချောင်းထဲ ခုတ်ဖြတ်ယူသွားတာပါလိမ့်"

သို့နှယ် ကျွန်တော်က တွေးဆမရ ပြောလိုက်၏။

"သေနတ်ကိုင် မုဆိုးတော့ မဖြစ်နိုင်ဘူးဗျ၊ ကျွန်တော်တို့ သေနတ်သံ ကြားခဲ့ခြင်းမှ မရှိတာ"

လင်းမြင့်လှိုင်က သို့နှယ်ပြောပြီး တစောင်းလဲနေသော ဆတ် ကောင်သေကို တစ်ဖက်သို့ လှန်လိုက်၏။

"မြားပစ်မုဆိုးပေပဲဗျ၊ နို့ပေမင့် အတော်ရက်စက်တဲ့ မုဆိုးဖြစ် မယ်၊ သူမြားတံမယ် အဆိပ်လူးထားတယ်"

သို့ဆိုသလို လင်းမြင့်လှိုင်က ဆတ်ကောင်၏ နံကြားမှ ဟောင်းလောင်းပေါက်ကို သေချာကြည့်ရင်း ပြောလေသောကြောင့် ကျွန်တော်သည် ထိုနေရာသို့ စူးစိုက်ကြည့်လိုက်၏။

ထိုဟောင်းလောင်းပေါက်တဝိုက်တွင် ညိုမည်းလို့ နေချေ၏။ အဆိပ်ပျံ့နှံ့သွားပုံ ဖြစ်၏။ သို့ကြောင့်လည်း ထိုမုဆိုးသည် ဆတ်တ ကောင်လုံး နေရာအနှံ့ အဆိပ်တို့ ပျံ့လွင့်မသွားမီ၊ သို့တည်းမဟုတ်

အဆီပ်တို့ ပျံ့ နှံ့ မရောက်နိုင်သည့် ပေါင်တချောင်းကိုသာ ခုတ်ဖြတ် ယူသွားခြင်း ဖြစ်မည်။

"ပေါင်နှစ်ချောင်းစလုံးယူသွားတော့ ဘာဖြစ်မှာလဲ"

သို့ ဆိုသလို ကျွန်တော်က ပြောလိုက်၏။

"သူစားဖို့ လိုသလောက်ပဲ ယူသွားတာ ဖြစ်မပေါ့"

လင်းမြင့်လှိုင်ပြောသလို ဖြစ်နိုင်ချေ၏။

"ကဲ....ငါတို့ ခရီးဆက်ကြစို့"

သို့ စောစံကြိုင်က ကဒွတ်မြောင်များရောက်လိုသော ဆန္ဒဖြင့် လောဆော်ပြောလ၏။

"နေဦး ဖထီရဲ့....ဒီမယ် ခြေရာတွေ့ပြီ"

"ဘာခြေရာလဲ"

"ဒီဆတ်ပေါင် ဖြတ်ယူသွားတဲ့ မုဆိုးခြေရာလေ"

လင်းမြင့်လှိုင်သည် ထိုခြေရာ ဦးတည်ရာဘက် လှမ်းကြည့် လေပြီး....

"သူလည်း ဒီလမ်းကြောင်းအတိုင်း သွားတာပဲ" ဆိုလျက် ရှေ့မှ ဦးဆောင်သွားလေသည်ကြောင့် ကျွန်တော်နှင့် စောစံကြိုင် သည်လည်း သူ့နောက်လိုက်သွားကြတော့၏။

သို့ဖြင့် ကျွန်တော်တို့သည့် တောင်ကြောပေါ်မှ လျှောက်ရင်း တဖက်မြောင်ကို ကွန်တိုရစ်သကဲ့သို့ သွားနေကြသည် ဖြစ်၍ သစ်ပင် တို့ ခပ်ကြဲကြဲပေါက်သည့်နေရာတို့တွင် အောက်ပိုင်းမြောင်ကို စီး၍ မြင်ရလေ၏။

ကျွန်တော်တို့ သွားလိုသည်မှာ ကဒွတ်မြောင်များ ဖြစ်၏။ သို့ကြောင့် မြောင်အပျောက်မခံလို၍ အပင်ပန်းခံကာ ကွန်တိုရစ် သွား ကြခြင်းဖြစ်၏။

သို့ သွားခဲ့ကြရာမှ....

"ဟား....ဟိုမယ်....ဟိုမယ်"

ရှေ့မှ သွားနေသော လင်းမြင့်လှိုင်က မြောင်တွင်း တအံ့တညြ ကြည့်ပြီး ပြောလေသောကြောင့် ကျွန်တော်သည် သူ့အနား သွား၍ သူကြည့်နေရာ မြောင်တွင်းသို့ လှမ်းကြည့်လိုက်၏။

"ဟင်"

လင်းမြင့်လှိုင် အံ့ဩချင်လည်း အံ့ဩစရာပင်။ ထူးဆန်းသော သတ္တဝါတကောင်ကို တွေ့လျှင်ပင် သည်လောက် အံ့ဩလိမ့်မည် မဟုတ်။

ဆံပင်ဖားလျားနှင့် မိန်းမတယောက် လေးကိုင်းကို ကျော တွင် လွယ်လျက် ဆတ်ပေါင်တချောင်းကို ပခုံးထက် ထမ်းသွားနေခြင်း ဖြစ်၏။ အရပ်ရှည်ရှည် သွယ်သွယ် ဖြစ်ချေ၏၊ သူမ လျှောက်သွားပုံသည် နွဲ့နွဲ့ နှောင်းနှောင်း မရှိလှ၊ ယောကျ်ားတစ်ယောက် လျှောက်သည့်ပုံ ဖြစ်၏။

ကျောပေး သွားနေခြင်းဖြစ်သောကြောင့် မျက်နှာပေါက်ကို မမြင် ရလေခြင်း ဖြစ်၍ အသက်အရွယ်ကို ခန့်မှန်း မပြောတတ်ပါချေ။

"အဲဒါ မိစ္ဆာမကြီးပေါ့"

တအံ့တညြ ဖြစ်နေကြသည့် ကျွန်တော်တို့အနား ရောက်လာ သည့် စောစံကြိုင်က သို့ပြောလာသဖြင့် လှမ်းကြည့်လိုက်သည်။

"ဘာ...ဖထီ မြင်ခဲ့တယ်ဆိုတဲ့ မိစ္ဆာမဆိုတာ သူကော သေ ချာရဲ့လား"

ကျွန်တော် မေးလိုက်၏။

"ဟုတ်တယ်"

မည်သို့ပင် ဖြစ်စေ ကျွန်တော်တို့ ပျဉ်းမရွက်ကြီးပင်အောက် တွင် တွေ့ခဲ့ကြသည့် ဆတ်သေကောင်၏ ပေါင်တဖက်ကို မုဆိုးကာခုတ် ဖြတ်ယူသွား၏။ ထိုမုဆိုး၏ ခြေရာပင် မြင်ကြသေး၏။

ယခုမြင်လိုက်ရသည်ကား...မိန်းမတစ်ယောက် ဖြစ် နေ၏။ ထိုသည်ကလည်း ဆတ်ပေါင်တချောင်းကို ထမ်းပိုးသွားသည်ကို မြင်လိုက်ရ၍ သို့တွက်လိုက်ခြင်း ဖြစ်၏။

"လာဗျာ...မြောင်ထဲ ဆင်းလိုက်သွားကြမယ်"

လင်းမြင့်လှိုင်က ပြောရင်း တောင်ကြောပေါ်မှ ခပ်သွက် သွက် ဆင်းသွားလေတော့၏။

"အလွတ်ပေးလို့ မဖြစ်ဘူး"

သို့ဆိုသလို စောစံကြိုင်ကလည်း သေနတ်တပြင်ပြင်ဖြင့် မြောင်အတွင်းသို့ လိုက်ဆင်းသွားလေ၏။

တောင်ခြေအဆင်းလမ်းတွင် ဝါးပင်ပေါက်တို့ ပြွတ်သိပ် ပေါက် နေကြခြင်းကြောင့် အတော်နှင့် တောင်ကြော အခြေအောက်သို့ မရောက်နိုင်ဖြစ်ရ၏။

တောင်ကြောကလည်း ခပ်မတ်မတ် ဖြစ်နေလေခြင်းကြောင့် ရှေ့မှသွားနေသော လင်းမြင့်လှိုင်တယောက် မကြာခဏ ဆိုသလို လဲပြိုကျလေခြင်းကြောင့် ကြိတ်၍ ရယ်မိသေးတော့၏။

ကျွန်တော်သည် သူ့နယ်မဖြစ်ရန် ဖြေးဖြေး ထိမ်းဆင်းခဲ့ရ ခြင်းကြောင့် လင်းမြင့်လှိုင်နှင့် စောစံကြိုင် မြောင်အတွင်း ရောက်သွား သည့်တွင် ကျွန်တော်သည် တောင်ကြောအလယ်သာသာလောက် တွင်သာ ရှိသေး တော့၏။

မြောင်သို့ ရောက်သွားသည့် လင်းမြင့်လှိုင်နှင့် စောစံကြိုင် သည် အတော်နှင့်မြောင်းတွင်း ရောက်မလာသော ကျွန်တော့်ကို စိတ် မရှည်စွာဖြင့် စောင့်ကြည့်နေကြလေသဖြင့်....

"သွားနှင့်ကြပါ။ ကျွန်တော် ဖြေးဖြေးဆင်းလိုက်ခဲ့ပါ့မယ်" လို့ အော်ပြောလိုက်လေမှ သူတို့နှစ်ယောက်သည် မြောင်အတိုင်းသို့ အပြေးကလေး လိုက်သွားကြတော့၏။

ကျွန်တော်သည် သူတို့ ထွက်သွားပြီး အတန်ကြာအချိန် လောက်မှ မြောင်တွင်း ရောက်သွားလေတော့၏။

မြောင်တွင်းတွင် လင်းမြင့်လှိုင်နှင့် စောစံကြိုင်တို့ အရိပ်အယောင် ပင် မမြင်ရတော့ချေ။

ကိစ္စမရှိချေပြီ။ သူတို့ မြောင်အတိုင်း ဆင်းသွားကြသည်ပဲ၊ တောင်ကြောပေါ် ပြန်တက်စရာ အကြောင်းမရှိနိုင်ကြတော့ပေ။ ဘယ်အတွက်မူ မြောင်ကမ်းပါးနံရံသည် မတ်စောက်နေခြင်းနှင့် တွယ်တက်စရာ နွယ်ပင်များ ရှိမနေခြင်းကြောင့် ဖြစ်၏။

သို့ဖြင့် ကျွန်တော်သည် မြောင်အတိုင်း အေးအေးလူလူ ခုန်ဆင်း သွားလိုက်၏။

မြောင်သည် ကျဉ်း၍ ရေခမ်းခြောက်နေခြင်း၊ ကျောက်တုံး ကျောက်ခဲများရှိနေခြင်းကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ ဆင်းလာသော မြောင်သည် ကဒွတ်မြောင် မဖြစ်နိုင်၊ ကဒွတ်မြောင်တွင်း ရေကျမြောင်လက်တက်လေးသာ ဖြစ်နိုင်လေ၏။

"ဟား ဟား ဟား ဟား...ဟီး ဟီး ဟီး ဟီး ဟား ဟား ဟီး ဟီး"

သို့လျှောက်ခဲ့ရာမှ ဆိုးဝါးသော အသံသေးအသံကြောင်ဖြင့် ရယ်မောသံကြီးကြောင့် ရုတ်တရက်မို့ ထိန့်လန့်လို့သွားရတော့၏။

ကပျာကသီ ဆိုသလို ကျွန်တော်သည် အသံလာရာ တောင်ကြောပေါ်သို့ လှမ်းကြည့်ရင်း လက်တွင်းရှိ သေနတ်ကို အရံသင့် ပစ်ခတ်နိုင်ရန် မောင်းတင်လိုက်ခဲ့တော့၏။

"ချောက်"

"အလိုလေးဗျာ၊ မိန်းမကြီးတစ်ယောက်ပါလား" ဆံပင်ရှည် ဖါးလျားနှင့် ဖြစ်ချေ၏။

တောင်ကြောအစပ်မှ ကျွန်တော့်အား ငုံ့ကြည့်ရင်း ရယ်မော

နေခြင်း ဖြစ်တော့၏။

"ဟာ"

သို့ရှိစဉ် ကျွန်တော်ထံသို့ အပေါ်စီးမှနေ၍ တစုံတရာကို ပစ်ချလိုက်လေခြင်းကြောင့် ကျွန်တော်သည် ကပျာကသီ ဆိုသလိုပင် ပြေးရှောင်လိုက်ရလေ၏။

"ဘုတ်"

"ဟင်"

သွေးသံရဲရဲနှင့် ဆတ်ပေါင်တချောင်းပါကလား။

သို့ဆိုလျှင် ထိုမိန်းမကြီးသည် ကျွန်တော့်တို့လှမ်းတွေ့လိုက်သော မိန်းမ သေချာပြီပေါ့။ မျက်နှာပေါက်ကို မြင်လိုက်ရခြင်းကြောင့် သူမ၏ အရွယ်ကို ခန့်မှန်းလို့ ရချေ၏။ အသက်အားဖြင့် ၆၀ ဝန်းကျင်ရှိချိမ့် မည်။ ဘယ်လိုလုပ် သည်တောတောင်ထဲ ရောက်နေပါသနည်း။ ပြီးတော့ မြားကိုင်မုဆိုးမ ဖြစ်နေရပါလိမ့်၊ စောစ်ကြိုင်ထင်သလို မိစ္ဆာကောင်မကြီးများ ဖြစ်နေသည် အမှန်လားမသိ။

ကျွန်တော်သည် အပေါ်မှကျလာသော ဆတ်ပေါင်ကို ကိုယ်ပေါ်မကျလာအောင် ရှောင်တိမ်းလိုက်လေပြီးနောက် တောင်ကြောပေါ် ပြန်ကြည့်လိုက်သည်တွင် အရိပ်အယောင်ပင် မမြင်ရပါတော့ချေ။

မည်သို့ပင်ဖြစ်စေ ကျွန်တော်သည် ခြောက်လှန့်သည့်သဘောဖြင့် လက်တွင်းရှိ သေနတ်ဖြင့် ခြောက်လှန့်ပစ်လိုက်လေတော့၏။

"ဒိန်း"

ကျွန်တော် သေနတ်သံကြောင့် လင်းမြင့်ပွိုင်နှင့် စောစ်ကြိုင်သည် မကြာသော အချိန်ကလေးတွင် ကျွန်တော်ထံသို့ အပြေးအလွှားရောက်လာကြတော့၏။

"ကိုပိုက် ဘာကောင်တွေ့လို့လဲ"

"ဘာကောင်လဲ...ဘာကောင်လဲ"

နှစ်ယောက်သား ပြိုင်တူမေးလာကြတော့သဖြင့် ကျွန်တော်သည် နံဘေးမှ သွေးသံရဲရဲ ဆတ်ပေါင်ဆီကို ပြလိုက်လေပြီး အဖြစ်အပျက်တို့ကို ပြောပြလိုက်လေ၏။

"ငါ မပြောဘူးလား၊ မိစ္ဆာကောင်မပါဆို၊ သည်လောက်တော့ ရှိမပေါ့"

ကျွန်တော့် စကားဆုံးသည်နှင့် စောစံကြိုင်က သို့ပြောလာ၏။

"အုံ့ဩစရာတော့ ကောင်းနေပြီ ကိုပိုက်ရဲ့၊ ကျွန်တော်လဲ အဲဒီ အမျိုးသမီးကြီး အရိပ်တွေ့တာနဲ့ မျက်ခြေမပြတ် လိုက်သွားတာပဲ၊ ဘယ်လိုက ဘယ်လို သည်တောင်ကြောပေါ် ပြန်ရောက်လာလည်း မသိပါဘူးဗျာ" လို့လင်းမြင့်လှိုင်ကလည်း စိတ်ဓါတ်ကျစွာဖြင့် ပြောလာချေတော့၏။

"ကဲ...ဘယ်လို ဆက်လုပ်ကြမလဲ"

ကျွန်တော်က မေးလိုက်၏။

"ဖထီးပြောတဲ့ မိစ္ဆာမကို ကျွန်တော် အင်မတန် စိတ်ဝင်စားမိပြီဗျ၊ သည်တော့ လမ်းစလေး ရတုန်း မိစ္ဆာမနောက် လိုက်ကြတာပေါ့"

"ကောင်းပြီလေ"

သို့ဆိုလျက် ကျွန်တော်တို့သည် မိစ္ဆာမကို တွေ့လိုက်သည်ဆိုသည့် တောင်ကြောပေါ်သို့ လမ်းရှာမနေတော့ဘဲ ခက်ခက်ခဲခဲ ကုပ်တွယ် တက်လိုက်ကြတော့၏။

သွားလာစရာ လမ်းရှိလျှင် တွယ်မှီစရာ သစ်ပင်တို့ရှိလျှင် တောင်ကြောပေါ်သို့ ခဏလေးနှင့် ရောက်သွားရမည် ဖြစ်သော်လည်း တောင်ကြောပေါ်သို့ သုံးယောက်သား ခြေချမိချိန်သည် နာရီဝက်ခန့် ကြာသွားတော့၏။

"ဟာ သည်ဘက် ကြည့်စမ်း ကိုပိုက်"

"ဘာတုန်း"

မြေပြင်သို့ ကုန်းကြည့်နေသည့် လင်းမြင့်လှိုင်နား သွားလိုက်၏။

"ခြေရာဗျ"

"ဟင်"

ယောကျ်ားတယောက်၏ခြေရာ ဖြစ်သည်။ ကျွန်တော် မြောင်ထဲတွင် ရှိစဉ် မိစ္ဆာမကြီးရပ်၍ ကျွန်တော့်ကို လှမ်းငုံ့ကြည့် ရယ်မောနေသည့် နေရာတွင် တွေ့ရခြင်း ဖြစ်တော့၏။

"ကိုပိုက် မြင်လိုက်တာ မိန်းမကြီးပါနော်"

သို့ဆိုသလို လင်းမြင့်လှိုင်က မေးလာချေတော့၏။

"ဟုတ်ပါတယ် ကိုလင်းရဲ့ မိန်းမကြီးပါ၊ ရယ်သံတောင် ကောင်းကောင်း ကြားရတာပဲ၊ မိန်းမသံပေပဲဗျ"

"နို့ကြောင့် မေးရတာပေါ့ကိုပိုက်ရဲ့၊သည်ခြေရာကယောကျ်ားသားတယောက်ရဲ့ခြေရာ ဖြစ်နေလို့လေ"

လင်းမြင့်လှိုင်ပြောသလိုပင် စဉ်းစားရခက်နေပြီ ဖြစ်လေ၏။

"ကိုလင်းတို့ မြောင်အတိုင်း စုန်ဆင်းလိုက်သွားတုန်းက ခြေရာလေး ဘာလေး မတွေ့ခဲ့ပေဘူးလား"

သို့ ကျွန်တော်က မေးလိုက်၏။

"မတွေ့ပေဘူးဗျ"

သို့နှယ် လင်းမြင့်လှိုင်က ပြောပြီး ထရပ်လိုက်လေကာ တောင်ကြောတဝိုက် ဝေ့ဝဲကြည့်လိုက်တော့၏။

ကျွန်တော်တို့သည်လည်း သူ့နှယ် ဘာရယ်မဟုတ် စေ့ဝိုက်ကြည့်လိုက်ကြ၏။

ထူးခြားမှု မရှိပါချေ။ သို့ပေမင့်....

"ကွစ်ကက် ကွစ်ကက် ကွစ်ကက် ကွစ်ကက်"

"ကွစ်ကက်" လို့ မျောက်ကောင် အော်သံကြောင့် သစ်ပင်ကိုင်းခက်များဆီသို့ ကြည့်လိုက်၏။

"ဟိုမယ်"

သို့ဆိုလျက် လင်းမြင့်လှိုင်က သူလက်ကွင်းရှိ သေနတ်ဖြင့် ထိုးချိန်လိုက်၍ မအူပင်ကိုင်းထက် တခုဆီသို့ လှမ်းကြည့်လိုက်တော့၏။

မျောက်ကောင်သည် သစ်ကိုင်းထက်တွင် ခုန်ဆွခုန်ဆွလုပ်ရင်း အော်ဟစ်နေလေခြင်း ဖြစ်၏။

လင်းမြင့်လှိုင်သည် မျောက်ကောင် ငြိမ်သက်မှု မရှိသော်လည်း ပစ်မှတ်မလွဲလောက်လေပေမင့် မည်သည့်အတွက် အချိန်ဆိုင်းနေရပါလိမ့်။

ကျွန်တော်တို့အတွက် မျောက်ကောင်သည် နံနက်စာ ဖြစ်လောက် ချေ၏။ အလွတ်ပေးရန် မဖြစ်မှန်း လင်းမြင့်လှိုင် သိပေလိမ့်မည်။ သို့ဖြစ်ရာ....

"ဘာ"

သို့ရှိစဉ် သစ်ကိုင်းထက်မှ ခုန်ဆွ ခုန်ဆွ လုပ်ရင်း အော်ဟစ်နေ သည့် မျောက်ကောင်ကို မည်သူပစ်လိုက်သည်မသိ။ မြားတစ်စင်းသည် မျောက်ကောင်၏ ရင်ဘတ်တွင်း ထိုးဖောက်သွားလေသည်ကြောင့် မြေပြင်သို့ အရုပ်ကြိုးပြတ်ကျလာချေတော့၏။

"ကျွန်တော်တို့ အစာ သူများ ဝင်လုသွားပြီလေ"

သို့ဆိုသလို ကျွန်တော်က စိတ်မကောင်းစွာ ပြောလိုက်လေတော့၏။

"ဘာလို့များ အချိန်ဆွဲနေရတာတုန်း ကိုလင်းရဲ့၊ ကိုယ်က သေနတ်သမားပဲ၊ လေးသမားက လက်ဦးမှုရလိုက်တာနာတယ်ဗျာ"

သို့စောစ်ကြိုင်ကပင် အပြစ်ဖွဲ့လိုသော စကားကြောင့် လင်းမြင့်လှိုင်သည်လည်း စိတ်မကောင်း ဖြစ်သွားကာ…

"အေးဗျာ၊ ကျွန်တော်လည်း မျောက်ကောင်ရဲ့ အော်သံနှင့် ကဏာမငြိမ် ဖြစ်နေတာကို ကြည့်ရင်း မျောက်ကောင် ဘာလို့ဘာတွေ့လို့ သည်လောက်ပေါင် အော်နေရတာလဲလို့ စဉ်းစားနေတာနဲ့ နောက်ကျ သွားရတာပါဗျာ၊ ခွင့်လွှတ်ကြပါ" လို့ ပြောလာချေတော့၏။

"သည်နေရာတိုက် သားကောင် ပေါပါတယ်ဗျ သေချာ၊ မိစ္ဆာကောင်မနောက် ခြေရာခံလိုက်ရင်း အမဲပစ်ကြတာပေါ့"

မိစ္ဆာမကိုသာလျှင် သဲကြီးမဲကြီး ဖြစ်နေသည့် စောစ်ကြိုင်က သို့နှယ် ပြောလာလေတော့သဖြင့် ကျွန်တော်တို့သည် ထိုနေရာလေးမှ ထွက်ခဲ့ကြပြန်တယ်။

သည်သို့ဖြင့် ကျွန်တော်တို့သည် မျောက်ကောင်ကျသွားသည့် မအူပင်အောက် ရောက်သည်တွင်….

"ဟာ…ဒီမယ် မျောက်ကောင်၊ မုဆိုးက ယူမသွားတာပဲလား၊ အဝေးက လှမ်းပစ်လိုက်လေပြီးမှ နေရာမမှတ်မိလို့ တွေ့မသွားတာများလား၊ မသိဘူးဗျ" လို့ လင်းမြင့်လှိုင်က ပြောရင်း မအူပင်အောက် ခြေရှိ ခွေခွေလေး ဖြစ်နေသော မျောက်ကောင်ကို ဆွဲလှန်လိုက်၏။

"ဟင်"

"ဟာ"

ကြည့်စမ်း၊ မျောက်ကောင်၏ ရင်အုံအတွင်း မြားချက်ရှိသော်လည်း မြားတံကို မတွေ့ပါချေ။ ပြီးတော့ မျောက်ကောင်၏ ခြေတဖက် မရှိပါကလား။

အဆိပ်လူးမြား သုံးသည့် မုဆိုးလက်ချက်ဖြစ်ပေမည်။ သို့ဆိုပါလျှင် မိစ္ဆာမပေပဲပေါ့။

ကျွန်တော်တို့သုံးယောက် ပါးစပ်အဟောင်းသားဖြင့် အတန်

ကြာသည့်တိုင် ငြိမ်သက်သွားကြတော့၏။

"တောက်"

စောစ်ကြိုင်သည် "တောက်" တချက် ပြင်းပြင်းခေါက်လိုက်လေပြီး အံတစ်ချက် ကြိတ်လိုက်လေတော့၏။

"မိစ္ဆာမ သေချာပါတယ်"

လင်းမြင့်လှိုင်သည် မြေပြင်ရှိ ခြေရာကို ကြည့်ပြီး ပြောလေတော့၏။ သို့ကြောင့် ကျွန်တော် မြေပြင်မှ ခြေရာကို အသေအချာ ကြည့်လိုက်၏။

စောစောက မြင်ခဲ့သော ခြေရာပင် ဖြစ်ချေတော့၏။

"လာဗျာ၊ အမီလိုက်ကြစို့"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် ခြေရာဦးတည့်ရာဘက်သို့ တောတိုးလိုက်သွားချေတော့၏။

ကံအားလျော်စွာ ခြေရာမမြင်ရသော်လည်း မျောက်ကောင်၏ သွေးစက်တို့ကို ခြေရာကောက်၍ လိုက်သွားကြခြင်း ဖြစ်တော့၏။

ထိုမုဆိုးသည် (မိစ္ဆာမ ဖြစ်နိုင်၏) မျောက်၏ပေါင်တစ်ဖက်ကို သွေးစက်လက်ဖြင့် ယူသွားသည် မဟုတ်ပါကလား။

သို့သွေးစက်ခြေရာကောက်လိုက်ခဲ့ကြရာမှ မြေပြန့်တစ်ခုသို့ ရောက်လာကြတော့၏။

ဖုန်းဆိုးမြေ ဖြစ်ချေ၏။ တချိန်က တောင်ယာ စပါးများ စိုက်ခဲ့ကြသည့်နေရာ ဖြစ်ချိမ့်မည်။ ယခုတော့မူ မြေလွတ်မြေရိုင်းကဲ့သို့ ဖြစ်ချေတည်း။ ကန်သင်းရိုးကတော့ ရှိချေသေး၏။

မြေပြန့်နေရာတဝိုက် မြက်ရိုင်းပင်နှင့် ဆူးချုံပုတ်ငယ် တို့ရှိသေး၏။ "မိစ္ဆာမ" ၏ ခြေရာများနှင့် သွေးကွက် မတွေ့လေတော့ပြီ။ လမ်းစပျောက်ချေပြီပေါ့။

"မိန်းမကြီး တယောက်ဖြစ်ပြီး သည်လောက်တောင် သွက်ရ

တာလဲဗျ၊ အုံသြဖို့တောင် ကောင်းနေပြီ"

သို့ဆိုသလို ကျွန်တော်က ပြောလိုက်သည်တွင် စောစံကြိုင်က မဲ့ပြုံးပြုံးလေပြီး....

"လူမဟုတ်တာ သေချာလို့ပေါ့ကွ" ဟု ပြောလာတော့၏။

"နာနာဘာဝကောင်က ခြေရာတွေ ထင်ကျန်ရစ်ခဲ့ပါ့ကလား"

သို့ လင်းမြင့်လှိုင်က ပြောပြီး အုန်းနဲပင် တစ်ပင်အောက်တွင် တွင် ထိုင်ချလေတော့သဖြင့် ကျွန်တော်သည်လည်း လင်းမြင့်လှိုင် နားတွင် ကပ်ထိုင်လိုက်လေ၏။ စောစံကြိုင်ကမူ မထိုင်သေးဘဲ ပတ်ဝန်းကျင် တစိုက် ဝေ့ဝဲကြည့်နေလေ၏။

"ကျွန်တော်တော့ ဆာလှပြီဗျာ"

သို့ဆိုလျက် ကျွန်တော်ထံသို့ ဝီစကီပုလင်းပြားကလေး ကမ်းပေးလာလေ၏။

"စောစောက မျောက်အသားဖုံ့ယူလာရ ကောင်းသား"

သို့ပြောရင်း ဝီစကီပြားလေးကို လှမ်းယူ အဖုံးဖွင့်သောက်လိုက်၏။

"ဒိန်း"

သို့ရှိစဉ် သေနတ်သံ ကြားလိုက်ရသည်ကြောင့် စောစံကြိုင်ကို လှမ်းကြည့်လိုက်၏။ ထိုသေနတ်သံသည် စောစံကြိုင် လှမ်းပစ်လိုက်ခြင်း ဖြစ်၏။

"ဘာကောင်တွေ့လို့လဲ"

ကျွန်တော်လှမ်းမေးလိုက်သည်တွင် စောစံကြိုင်သည် ကျွန်တော်တို့ ရှိရာသို့ လျှောက်လှမ်းလာပြီး....

"မိစ္ဆာမကို လှမ်းတွေ့လိုက်လို့ ပစ်တာ" ပြောလာလေသဖြင့်....

"ထိသွားလား"

လို့ ကျွန်တော်က မေးလိုက်၏။ သည်တွင် စောစံကြိုင်သည် ခေါင်းကို ယမ်းခါပြလေ၏။ ကျွန်တော်တို့အား လာထိုင်လေ၏။ လင်းမြင့်လှိုင်က သူဟင့်သောက်ပြီး စောစံကြိုင်ထံ ဝီစကီ ပုလင်းပြားလေးကို လှမ်းပေးလိုက်၏။

"ဖထီ လက်မတည့်လို့ လွဲသွားတာ ဖြစ်မယ်" လို့ ကျွန်တော်က နောက်လိုက်လေ၏။

"တမင် ခြောက်လှန့်ပစ်ရုံပါ"

"ဗျာ"

"ဘာယ်လို"

"ငါ ထင်ထားတာ မိစ္ဆာမ နာနာဘာဝဆိုပေမင့် တကယ်တမ်းကျတော့ လူစင်စစ် ဖြစ်နေလျှင် ငါ လူသတ်မှု ကျူးလွန်ရာ ဖြစ်သွားမှာပေါ့ကွာ"

"ဟင်း....ဟင်း....ဟင်း....အဲလိုဆိုတော့လဲ ဖထီလဲ လူရယ် မိစ္ဆာမရယ် သဲသဲကွဲကွဲ ဆုံးဖြတ်မပြောနိုင်သေးတဲ့ သဘောပေါ့"

သို့လင်းမြင့်လှိုင်က ဘွားတက်လေး ပေါ်ရုံ ပြုံး၍ပြောလေ၏။

"အေးပါကွာ"

လို့ စောစံကြိုင်က စိတ်ဓါတ်ကျစွာ ပြောပြီး အရက်တင့် သောက် လိုက်လေတော့၏။

"ကဲ....မိစ္ဆာမကြီး ဖထီခြောက်လှန့်လိုက်တာကြောင့် သည် ပတ်ဝန်းကျင်မှာ ရှိတော့မှာ မဟုတ်ဘူး၊ ကျွန်တော်တို့လဲ စားဖို့လေး ဘာလေး ရှာပစ်ချေဦးမှ ဖြစ်မယ်ဗျ"

ပုလင်းပြားလေးအတွင်း လက်ကျန်အရက် မရှိတော့သည်တွင် လင်းမြင့်လှိုင်က သို့နှယ်ပြောပြီး နေရာမှ ထသွားလေသည်။ သို့ကြောင့် ကျွန်တော်နှင့် စောစံကြိုင်သည်လည်း သူနောက်လိုက်

သွားကြတော့၏။

ကံအားလျော်စွာပင် သစ်ဆိမ့်ပင်အောက်တွင် တွေ့ရသည့် သစ်ဆိမ့်သီးတို့ကို ကောက်၍ ထုခွဲစားလိုက်ကြ၏။

ဝမ်းဗိုက်တွင် လုံးဝအစာမရှိသည်ထက်စာလျှင်တော်သေးလေ၏ဆိုပေမင့် ကျွန်တော်သည် သစ်ဆိမ့်သီး အစားများသွားသည်ကြောင့် သွေးတိုးလာလေ၏။

"ရိပ်ရိပ်....ရိပ်ရိပ်နဲ့ မူးလာပြီဗျ"

"နို့ဖြင့်လည်း နားကြတာပေါ့"

"နေဦး ရှေ့မယ် ဝါးတဲဟောင်းလေးတလုံး တွေ့တယ်။ အဲဒီ သွားကြမယ်"

သို့ဖြင့် ကျွန်တော်တို့သည် ဝါးတဲဟောင်းနေရာသို့ သွားလိုက်ကြ၏။

ဝါးတဲဟောင်းဆိုပေမင့် ထိုတဲကို ဝါးခုတ်သူတို့ စွန့်ခွာသွားသည် မှာ သုံးလေးရက်ထက် မပိုသေးဟု ထင်ရ၏။ တဲပေါ်တွင် ရိက္ခာခြောက် အကြွင်းအကျန်များရှိနေလေသောကြောင့် ဖြစ်ပေ၏။

"ဟာ...ဟန်ကျတာပဲဟေ့၊ သည်မယ် မြွေသားကျပ်တိုက် တတုံးပါလား"

ဝါးတဲ အမိုးတွင် သီတံဖြင့် ထိုးချိတ်ထားသည့် အသားတုံးကို ကိုင်တွယ်ကြည့်ရင်း လင်းမြင့်လှိုင်က ပြောလာချေတော့၏။

"ငါတို့ သည်တဲမှာ စခန်းချလျှင်ဖြင့် မကောင်းဘူးလား"

"မကောင်းလဲ ကောင်းရတော့မှာပဲ၊ ကိုပိုက်သွေးတိုးနေပြီလေ၊ နားနေဦးမယ်"

သို့နှယ် လင်းမြင့်လှိုင်က ပြောကာ တဆက်တည်း ဆိုသလို ကျွန်တော့်ဘက်သို့ လှည့်လာချေပြီး....

"သွေးကျဆေးပါတယ် မဟုတ်လား" လို့ မေးလာ၏။

"ပါတယ် ကိုလင်း၊ ခဏလေး မှိန်းနေပြီး သောက်လိုက်မယ်"

"ဆေးသောက်လျှင် အစာရှိမှ ဖြစ်မယ်"

သို့ဆိုလျှက် လင်းမြင့်လှိုင်သည် အနားရှိ သစ်ခြောက်ကိုင်းများကို စုပုံ၍ မီးမွေးလိုက်ချေ၏။

မြွေသားကျပ်တိုက်ကို မီးထပ်ကင်လို၍ ဖြစ်၏။

ကျွန်တော်သည် ကြမ်းခင်းပေါ် လှဲချလိုက်လေပြီး မျက်လုံးအစုံကို မှိတ်ပြီး နေလိုက်တော့၏။

အတန်ကြာတွင် မေးခနဲဖြစ်ကာ အိပ်ပျော်သွားတော့၏။

မည်မျှကြာအောင် အိပ်ပျော်သွားလေသည် မသိ။

"ကိုပိုက်" "ကိုပိုက်"

လို့ အော်ခေါ် လှုပ်နှိုးလေခြင်းကြောင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရာမှ နိုးလာရတော့၏။

"ကိုပိုက် သိပ်ဆာနေပြီ၊ သွေးလဲ တိုးနေတယ်၊ သည်တော့ အစာစားပြီး ဆေးသောက်လိုက်ဦး"

"ဟင်....ကိုလင်း....ဒါ မြွေသားကျပ်တိုက်လား"

လို့ မေးလိုက်လေသောကြောင့် လင်းမြင့်လှိုင်သည် သွားတက်ကို ပေါ်ရုံ ပြုံးဖြဲလေပြီး....

"ကိုပိုက် ကံကောင်းတယ်၊ ဒါ ရစ်ကောင်အစိုကို မီးကင်ထားတာပါဗျာ"

"ဟင် ဘယ်က ဘယ်လိုရတာတုန်း"

"ဖထီလေ....ဟောဟိုက ကြိမ်အုံပင်နားမှာရှိတဲ့ သုတ်ကိုင်းကနေ ယူလာတာ"

"အို....သူများ သုတ်ကိုင်းက မိနေတဲ့ သားကောင်ကို ယူလာတာ ဆိုတော့ ဘယ်ကောင်းပါ့မလဲ"

သို့ ကျွန်တော်က စိတ်မသန့် မစားလို၍ ပြောလိုက်၏။

"အဲလို မဟုတ်ဘူး ကိုပိုက်ရဲ့၊ သည်တဲမှာ နေသွားတဲ့ ဝါးခုတ်သမားတွေက သူတို့ထောင်ထားတဲ့ သုတ်ကိုင်းကို ဖြုတ်ယူသွားကြဖို့ မေ့သွားကြတာ ဖြစ်မယ်ဗျ၊ ကျွန်တော် ကိုပိုက်အိပ်နေတုန်း ဟိုနားသည်နား အမဲ ထွက်ရှာခဲ့ပြီးပြီ၊ အနီးတဝိုက် ဘယ်ဝါးခုတ်သမားမှ မပြောလေနှင့် ဘယ်လူသားမှ မရှိလေဘူးဗျ၊ သည်ကြားထဲ သုတ်ကိုင်းမှာ မိနေတဲ့ ရစ်ကောင်ကို လာပြီးဖြုတ်ယူကြမယ့် လူတွေ မရှိလောက်ဘူး။ စောစောက ကျွန်တော်မပြောသလို သည်မှာနေသွားတဲ့ ဝါးခုတ်သမားတွေ ကျန်ရစ်ခဲ့ တဲ့ သုတ်ကိုင်းမှာ မိနေဟာ ဆိုတော့ ကျွန်တော်တို့ ယူထားသင့်တာပေါ့ဗျာ၊ ဒါကလည်း ဟောဒီစောင့်နတ်ကြီး စောင့်ရှောက်တာ ဖြစ်မပေါ့"

သို့ လင်းမြင့်လှိုင်ရှင်းပြလေမှ သဘောပေါက်သွားသည်ကြောင့် ထိုရစ်မီးကင်ကို ယူ၍ အားပါးတရ စားလိုက်၏။

ဆာလောင်နေသောကြောင့် အရသာရှိလွန်းလှတော့၏။

"သည်မယ်ရေ"

ဆိုလျက် ရေထည့်ထားသည့် ဝါးဆစ်ဗူးကို လှမ်းပေးလာပြန်၏။ သို့ကြောင့် ကျွန်တော် မော့သောက်လိုက်၏။

"အားပါး ကောင်းလိုက်တာ၊ ရေခဲရေကျနေတာပဲ"

"ဟိုရှေ့နား မြောင်လေးရဲ့ကျောက်ရေအိုင်ထဲက ခပ်လာတာနဲ့ကြောင့် အေးတာပေါ့"

"ကျေးဇူးတင်ပါတယ် ကိုလင်းရေ၊ နေဦး ဆေးသောက်လိုက်ဦး မယ်"

သို့ပြောပြီး ကျွန်တော်သည် သွားလေရာ အမြဲအိပ်ကပ်အတွင်းသို့ ဆောင်ယူသွားလေသည့် သွေးကျဆေး တစ်ကိုကို သောက်လိုက်တော့၏။

"သွေးတိုးရှိတဲ့ ကိုပိုက်က သတိမပြတ် ဆေးဆောင်ပြီး

သောက်လေ့ သောက်ထရှိတော့ သွေးတိုးရောဂါကို ကြောက်စရာ မလို တော့ဘူးဗျနော်"

"ဒါကလည်း ကျွန်တော့်မိတ်ဆွေကြီး မြတ်စေတနာဆေး ခန်းက ဒေါက်တာအောင်စိုးရဲ့ စေတနာပေါ့ဗျာ၊ ကျွန်တော် ခရီးသွား မယ်ဆိုလျှင် ဆေးတွေ ပေးလိုက်တတ်တယ်၊ ပုံမှန်သောက်ရမယ့် ဆေးပေါ့ဗျာ၊ သည့်အပြင် အရေးပေါ် ခုလို သွေးတိုးလာလျှင် သောက် ဖို့ဆိုပြီး အရေးပေါ် အသုံးပြုဖို့ ဆေးလဲ ပေးလိုက်သေးတယ်လေ၊ နို့ကြောင့် ကျွန်တော်လဲ ဒေါက်တာအောင်စိုး အားကိုးနဲ့ ခုလို ခရီးထွက် နေတာပေါ့ဗျာ"

"တကယ်ဆို သွေးတိုးရောဂါဆိုတာက အရှင်းပျောက် အောင် ကုလို့မရသလို ကိုယ်က အမြဲသတိမပြတ်ရှိနေလျှင်ဖြင့် ကိုယ့်ကို ဒုက္ခ မပေးနိုင်ဘူး၊ သွေးတိုးရောဂါဆို တချို့က အသံတိတ် လူသတ်သမားလို့ တင်စား ပြောကြတယ်လေ၊ ကျွန်တော်တော့ မနုဿ သားကောင်တွေကို လိုက်သတ်နေတဲ့ မုဆိုးလို့ ပြောချင်တယ် ကိုလင်း ရဲ့"

"အား....သဘောပေါက်ပြီ၊ ဘယ်လိုလဲ ဝင့်လည်ပြီပေါ့၊ ကိုယ်က သားကောင်တွေကို လိုက်လံချောင်းမြောင်း သတ်နေတယ်၊ ခုတော့ သွေးတိုး ဆိုတဲ့ လူသတ်သမားက ကိုပိုက်ကို သတ်ဖြတ်ဖို့ လိုက်ချောင်းနေတာ ပေါ့ ဟုတ်လား"

"သိပ်ဟုတ်တာပေါ့၊ ကိုလင်းရယ်၊ နို့ကြောင့် သွားသတိ၊ စားသတိ၊ အိပ်သတိ....စတဲ့ သတိအလျှင်မပြတ်ကို မမေ့မလျော့ အသုံးပြုနေရ တာပေါ့ဗျာ"

လင်းမြင့်လှိုင်တယောက် ကျွန်တော် ပြောသည်များကို ပြုံး၍ နားထောင်နေလေ၏။

"ဘာပြုံးတာလဲ"

သို့ ကျွန်တော်က မလုံမလဲ မေးလိုက်၏။

"အော်…ဘာမှ မဟုတ်ပါဘူး၊ သည်ည ကိုပိုက် အရက်သောက်လို့ မဖြစ်တော့ဘူးလေ၊ ကျွန်တော့်မှာလည်း လက်ကျန် နဲနဲပဲ ရှိတော့တယ်၊ ဟဲ…ဟဲ"

သို့ လင်းမြင့်လှိုင်က ပြောလာသည်တွင် စောစံကြိုင်က "ငါတော့ ချမ်းစိမ့်စိမ့်ဖြစ်နေပြီ" လို့ ပြောလေသဖြင့် "နှစ်ယောက်စာတော့ ရှိပါသေးတယ် ဖထီးရယ်" လို့ လင်းမြင့်လှိုင်က ပြောလေတော့၏။

သည့်နောက် လင်းမြင့်လှိုင်နှင့် စောစံကြိုင်သည် မီးပုံနား သွားကာ သောက်စားနေကြလေတော့သဖြင့် ကျွန်တော်သည်လည်း အိပ်ယာထက် လဲလျောင်းလိုက်တော့၏။

အတန်ကြာတွင် ကျွန်တော် အိပ်ပျော်သွားတော့၏။ မည်မျှကြာကြာ အိပ်ပျော်သွားသည်မသိ။ "ဒိန်း" ရယ်လို့ ပြင်းထန်သော ယမ်းအား ပေါက်ခွဲသံကြောင့် အိပ်ယာမှ လန့်နိုးခဲ့ရတော့၏။

"ဘာဖြစ်တာလဲ ကိုလင်း"

လင်းမြင့်လှိုင်နှင့် စောစံကြိုင် မီးပုံစပ်နားမှနေ၍ အမှောင်ထုတွင်း စူးစိုက်ကြည့်နေကြသည်ကြောင့် မေးလိုက်ခြင်း ဖြစ်၏။

"လူတယောက် တွေ့လို့"

"အလိုလေးဗျာ၊ လူတယောက် တွေ့လိုက်တာနဲ့ သေနတ်နဲ့ ပစ်ရသလားဗျာ၊ မတော် မှန်သွားလျှင် လူသတ်သမား ဖြစ်ရပေတော့မပေါ့"

သို့ ကျွန်တော်က စိုးရိမ်စိတ်ဖြင့် ပြောလိုက်၏။

"ခြောက်လှန့်ပစ်လိုက်တာပါ"

"လူဆိုး လူကောင်း ခွဲခြားသိလို့လား"

"လူကောင်းလား လူဆိုးလားတော့ မသိဘူး၊ ခိုးကြောင်

နိုးဗုက် လုပ်နေလို့ပဲဗျ"

"ဟုတ်တယ် ဆရာပိုက်ရဲ့ ဟိုနားက အပင်နောက်ကွယ်က နေ ငါတို့ကို ချောင်းနေတာ သိလို့ 'ဘယ်သူလဲ ထွက်ခဲ့လေ ငါတို့က မုဆိုးတွေပဲ' လို့ ပြောလိုက်တော့ လုစ်ခနဲ လှည့်ထွက်ပြေးသွားတယ်။ နို့ကြောင့် ဆရာလင်းက ခြောက်လုန့်ပစ်လိုက်တာပေါ့၊ လူကောင်း ဆိုလျှင် ငါတို့ဆီ လာရမှာပေါ့။ သူဘယ်သူလဲ မသိဘူး၊ သူ့မှာလဲ အကြံ အစည်တခုခုရှိပါလို့မ်မယ်"

"လူသိ/ လူမြင်မခံဝံ့တဲ့လူပဲ ဖြစ်မလား"

သို့ လင်းမြင့်လှိုင်နှင့်စောစံကြိုင်က ပြောကြလေပြီးကျွန်တော် ရှိရာသို့ ပြန်လာကြတော့၏။

"ကိုပိုက် ဘယ်လိုလဲ သဖ်သာရဲ့လား"

"ဆေးသောက်ပြီး ငြိမ်နေလိုက်တော့ သက်သာပြီပေါ့ဗျာ၊ ကိုလင်း တို့ မအိပ်ကြသေးဘူးလား"

"အိပ်တော့ အိပ်ချင်ပြီပေါ့ဗျာ၊ နို့ပေမင့် ဟိုလူ့ကိစ္စရှိသေး တယ်" ခြောက်လှန့်ပစ်လိုက်သော လူကို ရည်ရွယ်၍ ပြောလေခြင်း ဖြစ်၏။ သို့ကြောင့်....

"ကိုလင်းတို့ အိပ်ချင် အိပ်ပါ၊ ကျွန်တော် မအိပ်ချင်တော့ဘူး၊ တရေးကောင်းကောင်းလဲ ရလိုက်ပြီ၊ သွေးလဲကျသွားပြီဆိုတော့ ဟိုလူ့ အခြေအနေ ကျွန်တော် စောင့်ကြည့်ထားပါ့မယ်"

"ဖြစ်ပါ့မလားဆရာလေးရယ်၊ နားနားနေနေ လှဲနေပါဦးလား"

"ရပါတယ် ဖထိရဲ့ ကျွန်တော် ဆာလည်းဆာလို့ ကြက်ကင် ရှိသေးလား"

"ပေါင်တစ်ချောင်းတော့ ရှိသေးတယ်၊ ကဲ....နို့ဖြင့်လည်း ကျွန်တော်တို့ အိပ်တော့မယ်ဗျနော်"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် ကြမ်းခင်းပေါ် လှဲချလိုက်

တော့ ၏။ စောစံကြိုင်သည်လည်း လင်းမြင့်လှိုင်နားတွင် လှဲအိပ်လိုက်ပြန်သည့်ကြောင့် ကျွန်တော် တဲပေါ်မှ ဆင်းကာ မီးပုံနား သွားလိုက်တော့၏။

ကျွန်တော်သည် မီးကိုထပ်ထည့်လိုက်လေပြီး ကြက်ပေါင်ကင်ကို ယူစားလိုက်တော့၏။

သို့စားရင်းမှ နံဘေးဟွင်လဲကျနေသည့် ဗီစကီပုလင်းပြားလေးကို စေ့စေ့ကြည့်နေမိ၏။

"အရက်လက်ကျန် မရှိတော့ပါကလား"

ကျွန်တော်သည် ကြက်ကင်ကို စားပြီးနောက် ရေသောက်လိုသည်ဖြစ်၍ မီးပုံနားမှထကာ ဝါးတဲနားသွားလိုက်သည်။ ဝါးတဲထောင့်တွင် မှီ၍ ဝါးဆစ်ဗူးဖြင့် ထည့်ထားသည့် ရေရှိသည်ကို။

"ဖျောက်....ဖျောက်"

သစ်ကိုင်းခြောက် နင်းလိုက်သည့်အသံကြောင့် ကျွန်တော်ကပျာကယာ အသံလာရာသို့ လှည့်ကြည့်လိုက်၏။

"ဟင်"

ဝံတကောင်ပါလား၊ မတ်တပ်ရပ်၍ ကျွန်တော်ထံ လျှောက်လှမ်းလာနေ၏။ အံ့ဖွယ်ကောင်းသော လူမကြောက်၊ မီးမကြောက်သည့် ဝံကောင် ပါကလား။

ဝံကောင်တို့သည် မီးကိုကြောက်ကြ၏။ လူနှင့်ထိပ်တိုက်တွေ့လျှင် ပြေးတတ်ကြ၏။ ယခု မီးပုံလည်းရှိနေ၊ လူလည်းရှိနေတာ ဘယ်လိုကြောင့် တန်းတန်းမတ်မတ် လာနေရတာပါလိမ့်။

"ဂါး....ဂနဲ့...ဂါး....ဝူး"

သို့နှယ်လည်း အော်ဟစ်လာသေး၏။

ကျွန်တော်သည် ဝံကောင်ကို အံ့သြတကြီး ငေးကြောင်ကြည့်နေမိ၏။ သို့ရှိစဉ် ဝံကောင်အသံကြောင့် အအိပ်ဆတ်သော

လင်းမြင့်လှိုင်သည် အိပ်ယာမှ လူးလဲထလာချေပြီး....

"ကိုပိုက်....ပစ်လေဗျာ၊ ဘာဝေးကြောင်နေတာတုန်း"လို့ သတိပေးပြောတော့မှ ကျွန်တော်သည် အသိဝင်လာရပြီး လက်တွင်းရှိ သေနတ်ဖြင့် လျှပ်တပြက် ပစ်လိုက်လေတော့၏။

"ဒိန်း"

ဝံကောင်နောက်သို့ ယိမ်းသွားပေမင့် လဲပြိုကျခြင်း မရှိ။ ကျွန်တော့်ထံသို့ လက်ကားယား ခြေကားယားဖြင့် လျှောက်လှမ်း လာနေ ပြန်၏။သို့ကြောင့် ကျွန်တော်သည် တချက်ထပ်ပစ်လိုက်ပြန်၏။

"ဒိန်း"

နောက်သို့ ယိမ်းသွား၍ ပြန်မတ်ကာ ဆက်လျှောက်လာ ပြန်၏။

"ဒိန်း"

အလိုလေးဗျာ၊ ဘယ်လိုပါလိမ့်၊ ဝံကောင် မသေနိုင်သေးပါက လား လဲပြိုး၍ပင် ကျသွားခြင်း မရှိ၊ သို့ကြောင့် ကျွန်တော်အံ့သြခြင်းနှင့် အတူ ထိတ်လန့်တုန်လှုပ်လို့ပင် လာရတော့သဖြင့် ခေါ်ချွေးများ ပျံလာ ၏။ သေနတ်ကိုင် လက်သည် တဆတ်ဆတ် တုန်လှုပ်နေ၏။ သေနတ် ကို ကြာရှည်ကိုင်ထားရန်ပင် အင်အားမရှိသလို ဖြစ်နေတော့၏။

"ကိုပိုက် ဘယ်လို ဖြစ်နေရတာတုန်း"

သို့နှယ် နီးနီးကပ်ကပ် ပြောသံကြောင့် လှည့်ကြည့်လိုက်၏။ လင်းမြင့်လှိုင် ဖြစ်သည်။

ကျွန်တော့်ကို သူရူးတစ်ယောက်လို ကြည့်နေ၏။

"ကိုပိုက် ဘာဖြစ်နေတာတုန်း"

အလိုလေးဗျာ၊ ဝံကောင်ကို သူမမြင်ပေဘူးလား။သို့ကြောင့်...

"ဟိုမှာလေ ကိုလင်းရဲ့"

လို့ပြောကာ ဝံကောင်ကြီးဆီသို့ ကျွန်တော် ပြန်လှည့်ကြည့်

လိုက်၏။

"ဟင်"

ဝံကောင် မရှိတော့ပါကလား။ ကျွန်တော် လှည့်ကြည့်လိုက်သည့် အချိန်ပိုင်းလေးတွင် သည်လောက် မြန်မြန်ပြေးထွက်သွားနိုင်သော ဝံကောင်ကို အံ့ဩမိသေးတော့၏။

"အတော်မြန်တဲ့ အကောင်ပေပဲ၊ ကိုလင်း မတွေ့လိုက်ဘူးလား"

"ဘာကိုတွေ့ရမှာလဲ ကိုပိုက်ရဲ့၊ ကိုပိုက်သာ ဗာဒိန်းဒိန်းနဲ့ ဘာကို ပစ်နေမှန်းမသိဘူး"

"ကိုလင်းရယ် မနောက်စမ်းပါနဲ့၊ ဝံကောင်ကြီးကို စတွေ့တွေ့ချင်း ကျွန်တော်တောင် ငေးကြောင်ကြည့်နေလို့ ကိုလင်းပဲ ပစ်… ပစ်လို့ သတိပေးသေးတယ်လေ၊ ကျွန်တော် ပစ်လိုက်တာ ဝံကောင်က နောက်ယိမ်းသွားရုံကလွဲပြီး ဆက်လျှောက်လာတာကြောင့် ဆင့်ကဲဆင့်ကဲ ပစ်နေတာလေ"

သို့ပြောလိုက်သည်တွင် လင်းမြင့်လှိုင်သည် ကျွန်တော့်ကို အံ့ဩတကြီး ကြည့်လာကာ…

"အလိုလေးဗျာ…ကျွန်တော် ကိုပိုက် သေနတ်သံကြား လို့သာ နိုးလာရတာပါဗျာ၊ ဘာကို ပစ်လို့ ပစ်မှန်းမသိပါဘူး၊ ကျွန်တော် ဘာကိုမှ မမြင်ပါဘူး"

"ဗျာ"

လင်းမြင့်လှိုင်က ကျွန်တော့်ကို နောက်ပြောင်ပြောခြင်း မဟုတ်၊ အတည်ပြောဆိုခြင်း သိလေသည်ကြောင့် ကိုယ့်ကိုကိုယ်ပင် ပြန်၍အံ့ဩမိလေတော့၏။

ကျွန်တော် အိမ်မက်မက်နေခြင်းလည်း မဟုတ်။ ဘယ်လိုဖြစ်ရတာပါလိမ့်။

"ဟား...ဟား...ဟား...ဟား"

သို့ ရယ်သံကြောင့် လှမ်းကြည့် လိုက်၏။ စောစံကြိုင် ကျွန်တော် တို့ကို ကြည့်ပြီး ရယ်နေခြင်း ဖြစ်၏။

"ဆရာလေး ကိုပိုက် ကောင်းကောင်း နေကောင်းသေးတာမှ မဟုတ်သေးတာ"

လို့ သူပြောလာသည်ကို ကြည့်ခြင်းအားဖြင့် ဝံကောင်ကြီးကို ကျွန်တော်သည်မမြင်ဘဲ ထိတ်လန့်တကြားဖြင့် ပစ်ခတ်နေမိခြင်း သေချာပေပြီ။

"အေးဗျာ၊ ကျွန်တော် ဘယ်လိုဖြစ်မှန်းမသိပါဘူး၊ ကျွန်တော့် အမြင်မှာ ဝံကောင်ပါပဲဗျာ၊ ထင်းထင်းကြီးမြင်ရတာ၊ တခုခုတော့ မှားနေပြီ ထင်ပါရဲ့"

သို့ပြောပြီး ကျွန်တော်သည် မီးပုံနားတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့၏။

"နို့ဖြင့်လည်း ကိုပိုက် တောခြောက်ခံရတာ ဖြစ်မလား"

"မပြောတတ်ပါဘူးဗျာ၊ သည်လို တောခြောက်ပုံမျိုး၊ တခါမှ မကြုံဖူးပါဘူးဗျာ"

တကယ်တမ်း သို့ တောခြောက်ပုံမျိုး သည်တစ်ခါသာ ဖြစ်ဖူး ချေ၏။ မကြာခဏဆိုသလို အသံဖြင့်သာ တောခြောက်ခံရဖူးခြင်းသာ ရှိ၏။

"ဒါ တောခြောက်တာ မဟုတ်လျှင်ဖြင့် ကျွန်တော် ဘယ်လို ဖြစ်သွားသလဲ မသိပါဘူးဗျနော်"

"ကဲပါ ကိုပိုက်ရယ်...အချိန်တွေ ရှိသေးတယ်၊ အိပ်လိုက်ပါဦး၊ ခုလို လသာနေတာကို တဒိန်းဒိန်းပစ်လိုက်တာကြောင့် ဟိုလူလည်း သည် နေရာနဲ့ ဝေးရာပြေးလောက်ပါပြီ"

သို့ဖြင့် ကျွန်တော်တို့ စခန်းတဲပေါ် တက်အိပ်လိုက်ကြပြန်၏။

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေပြီး တရေးနိုးလာသည့်တွင် မိုးစင်စင် လင်းနေချေပြီ ဖြစ်လေ၏။ လင်းမြင့်လှိုင်နှင့် စောစံကြိုင် ဘယ်အချိန်က အိပ်ယာမှ နိုးနေကြသည်မသိ။ ထင်းမီးပုံကြီးနားတွင် ထိုင်၍ စကားပြော နေကြ၏။

သို့ကြောင့် ကျွန်တော်သည် သူတို့နား၊ သွားလိုက်သည်။

"နိုးပြီလား"

"အေးဗျာ၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလို့လား မသိဘူး၊ အိပ်ယာနိုးတော့ လူကို လန်းဆန်းသွားတာပဲ"

သို့ ကျွန်တော်က ပြောရင်း သူတို့နားတွင် ထိုင်လိုက်သည် တွင်....

"ညက ကိုပိုက် ဘယ်လိုဖြစ်ရတာလဲ" လို့ မေးလာသည် ကြောင့် ညက အဖြစ်အပျက်ကို ပြန်သတိရလိုက်တော့၏။

သို့ဆိုတော့ ကျွန်တော် ညက တကယ်ဖြစ်ခဲ့သည်ပဲ၊ အိပ်မက် မဟုတ်သည်မှာ ပိုသေချာသွားတော့၏။

"မပြောတတ်ပါဘူးဗျာ"

သို့သာ ကျွန်တော်ပြောပြီး သေနတ်မဂ္ဂဇင်း ဘောက်စ်ကို ဖြုတ်ကြည့်လိုက်၏။

အလိုကျည်သုံးတောင့် လျော့နေပါကလား၊ ညက ကျွန်တော် အသားလွတ်ကျည်သုံးတောင့် ဖြုန်းလိုက်မိပါကလား။

"နို့တောင်မှ ကျွန်တော် ကိုပိုက်ကို သတိပေးမြန်ပေလို့....နို့မှ မဟုတ် ကိုပိုက်မယ် ကျည်လုံးဝ ကျန်တော့မှာ မဟုတ်ဘူး"

သို့နှယ် လင်းမြင့်လှိုင်က ပြုံးထေ့ထေ့ဖြင့် ပြောလာလေ၏။

"ကဲ....သွားကြစို့၊ လမ်းကျမှ သားကောင်ရှာဖွေ ပစ်ပြီး ဗိုက် ဖြည့်ကြတာပေါ့"

သို့ဖြင့် ကျွန်တော်တို့သည် ထိုစခန်းမှ ထွက်ခဲ့ကြပြန်၏။

လင်းမြင့်လှိုင်သည် ညက ချောင်းမြောင်းနေသည့် လူတွေ့ရသော သစ်ပင်ကြီးအောင်တွင် ခြေရာရှာကြည့်နေသေး၏။

"ဟာ....တွေ့ပြီ"

အတော်အတန် အလေးချိန်စီးဟန်တူသော လူတစ်ယောက်ခြေရာ ဖြစ်၏။

"မိစ္ဆာကောင်မ ခြေရာတော့ မဟုတ်နိုင်ဘူး"

စောစံကြိုင်က ခြေရာကို အသေအချာကြည့်၍ ပြောလာလေ၏။

"ညက လူဟာ အရပ်ပုပု ဂင်တိုတို ဖြစ်မယ်ဗျ"

လင်းမြင့်လှိုင်က သို့နှုယ်ကောက်ချက်ချပြီး ထိုနေရာလေးမှ ဦးဆောင်ထွက်သွားလေတော့သဖြင့် ကျွန်တော့်နှင့် စောစံကြိုင်သည် သူ့ နောက်လိုက်သွားကြရပြန်၏။

"ကျွန်တော်တို့ တောင်ကြောပေါ် ပြန်မတက်ကြတော့ဘူးဗျာ၊ သည်မြောင်အတိုင်း စုန်ဆင်းပြီး ကဒွတ်မြောင်မကြီးရောက်လျှင် ဆန်တက် ကြတာပေါ့"

"ကောင်းတယ် ဆရာလင်း"

သို့ဖြင့် မြောင်လေးအတိုင်း လျှောက်ခဲ့ကြရာမှ ရဲရဲနီနေသော ကြက်ခြမ်းသီးများကို ဆွတ်၍ စားလိုက်ကြ၏။ ကြိုက်လွန်း၍ စားခြင်းတော့ မဟုတ်။ ဝမ်းဗိုက်အတွင်း အစာမရှိတာနှင့် စာလျင် တော်သေး၏ ဆိုပြီး ဆွတ်၍စားလိုက်ကြခြင်း ဖြစ်၏။

သို့ဖြင့် ကျွန်တော်တို့သည် ကဒွတ်မြောင်မကြီးသို့ ရောက်လာကြ တော့၏။ ကံအားလျော်စွာပင် မြောင်မကြီးအတွင်း ရေအိုင်ငယ်လေးတခုတွင် ရေဘဲတကောင်ကို တွေ့လေသည်ကြောင့် လင်းမြင့်လှိုင် သည် ကပျာ ကသီပင် သူ့လက်တွင်းရှိ ဝင်ချက်စတာ ရိုင်ဖယ်ဖြင့် ပစ်လိုက်လေ၏။

"ဒိန်း"

ရေဘဲသည် အမွေးများ ဖြာထွက်၍ ရေအိုင်တွင်း ကျသွားလေ၏။ ရုတ်ခြည်း မလွတ်တမ်း ပစ်ရလေခြင်းကြောင့် ရေဘဲ ကိုယ်လုံး တဝက်နီးပါးအသားတို့မှာ ဖွာထွက်သွားလေ၏။ သုံးဃောက်စာ စားရန်အသားအနည်း အကျဉ်းမျှသာ ကျန်တော့၏။

မည်သို့ပင် ဖြစ်စေ အစာပြေတော့ဖြင့် ရပေလိမ့်မည်။

ကျွန်တော်တို့သည် ထိုနေရာနှင့် ခပ်လှမ်းလှမ်း မြောင်ကမ်းပေါ်တွင် ပေါက်နေသည့် သစ်ပုပ်ပင်ကြီး အရိပ်အောက်တွင် နားလိုက်ကြပြီး ရေဘဲကို အရေစုတ် အမွေနုတ် တံစို့ထိုး မီးကင်စားလိုက်ကြ၏။

သို့ရှိစဉ် မြောင်တဖက်ကမ်းပေါ်မှ လူတယောက် ပြေးလွှားသွားသည်ကို လှမ်းတွေ့လိုက်၏။

"သည်လူ ကြည့်ရတာ ညက ကျွန်တော်တို့ စခန်းနား လာချောင်းတဲ့သူ ဖြစ်မယ်ဗျ"

သို့ လင်းမြင့်လှိုင်က ပြောလေ၏။

"သူပြေးလွှားသွားပုံက သားကောင်နောက်လိုက်သွားပုံ မဟုတ်ပေဘူးဗျ။ သူ့နောက်လိုက်လာတဲ့ အန္တရာယ်ကို မျက်ခြေပြတ်အောင် ပြေးလွှားနေပုံပဲဗျ"

"ဘာကောင်များ ဖြစ်မလဲ"

သိချင်သည်ကြောင့် ကျွန်တော်တို့ သူ့နောက်လိုက်လာမည့် သတ္တဝါကောင်ကို စောင့်စားနေလိုက်ကြ၏။

အတန်ကြာ စောင့်ကြည့်နေသည့်တိုင် မည်သည့်သတ္တဝါကောင်မျှ မတွေ့လေသည်ကြောင့်....

"သွားကြဦးဗျာ"

ကျွန်တော်က စိတ်မရှည်စွာဖြင့် ပြောကာ နေရာမှ ထရပ်လိုက်စဉ်....

"ဟိုမယ်....ဟိုမယ်"

သို့ လင်းမြင့်လှိုင်က လက်ညှိုးထိုးပြောလေသည့်ကြောင့် လှမ်းကြည့်လိုက်၏။

အလိုလေးဗျာ၊ မယုံနိုင်စရာပါကလား၊ ကျွန်တော်တို့ တွေ့လိုမြင်လိုသည့် မစ္ဆာကောင်မပါကလား။

ဆံပင်ဖားလျားဖြင့် ဂင်တိုတိုလူ ပြေးလွှားသွားရာဘက် သူမသည်လည်း ပြေးလွှားသွားနေပါကလား။ သို့ဆိုပါလျှင် စောစောက ပြေးလွှားသွားသောလူသည် သူမလက်မှ အလွတ်ပြေးသွားခြင်း ဖြစ်နေပြီပေါ့။ အံ့ဖွယ်ပင် ကောင်းသေးတော့၏။

ရှေ့မှပြေးသွားသော ဂင်တိုတိုလူတွင် ရိုင်ဖယ်သေနတ်အိုတလက် ရှိနေချေပြီး သူမတွင် လေးကိုင်းသာ ရှိနေချေ၏။

ဘယ်လိုကြောင့် အားနွဲ့သော မိန်းမသားတယောက်လက်မှ သန်သန်မာမာ ယောကျ်ားသားတယောက်သည် သေပြေးရှင်ပြေး အလွတ် ပြေးနေရပါလိမ့်။ တကယ်ပဲ မိစ္ဆာကောင်မ ဖြစ်နေလို့များလား။

"ကျွန်တော်တို့ အဲဒီနောက် လိုက်သွားကြမယ်"

သို့ဆိုလျက် လင်းမြင့်လှိုင် ဆုံးဖြတ်လေသည့်အတိုင်း ကျွန်တော် တို့သည် ထိုလူတို့ပြေးသွားရာ တောင်ကြောဘက် ခြေသို့လှည့်ကာ ခပ်သွက်သွက် လျှောက်လှမ်းသွားကြတော့သည်။

သူတို့ထွက်ခွာရာ လမ်းကြောဆိုပေမယ့် ဆင်းလမ်း မဟုတ်ခြင်း၊ လမ်းမြောင်မဟုတ်ခြင်းကြောင့် နောက်မှလိုက်ရသည်မှာ သေချာရေရာသည်မဟုတ်။ သည်ကြား ချုံနွယ်ပင်နှင့် သစ်ပင်ကြီးငယ်တို့ ခပ်စိပ်စိပ် ပေါက်နေကြခြင်းကြောင့် တယောက်နှင့်တယောက် မျက်ခြေမပြတ် ကြည့်နေကြရသေးတော့၏။

ရှေ့မှ ပြေးသွားသော ဂင်တိုတိုလူသည် နောက်မှ ရန်သူကို

အလွတ်ရုန်းပြေးရခြင်းဖြစ်သည်မကြောင့် ခြေဦးတည့်ရာ ပြေးသွားခြင်း ဖြစ်သလို နောက်မှ လိုက်ပါသွားသော မိန်းမကြီးသည်လည်း ခြေဦး တည့်ရာ မှန်းဆပြေးလိုက်သွားဟန်တူချေ၏။ သို့ဆိုသလို ကျွန်တော် တို့သည်လည်း ခြေဦးတည့်ရာ မှန်း၍ လိုက်သွားရခြင်း ဖြစ်သည် ကြောင့် သူတို့ကို လိုက်မီ မမီ မသိနိုင်သလို အရိပ်အယောင် မြင်နိုင် ဖို့ကိုပင် ကံကြမ္မာကို ယုံ၍ ပုံအပ်ရမည့် သဘောဖြစ်ချေတော့၏။

ကျွန်တော်တို့ အတန်ငယ် ခရီးပေါက်လာသည်တွင်....

"ငါတော့ နားချင်ပြီကွာ"

လို့ စောစံကြိုင်က ပြောရင်း အပင်တပင်အောက်တွင် ခြေပစ် လက်ပစ်ထိုင်ချလိုက်တော့၏။

"လမ်းရယ်လို့သတ်သတ်မှတ်မှတ် မဟုတ်လေတော့ နောက် က လိုက်ရတာ သိပ်လွယ်မယ် မထင်ဘူးဗျ၊ ကျွန်တော်တို့က သည် ဘက်လိုက် မိပြီး သူတို့က ဟိုဘက်ရောက်နေလျှင် ဘယ်လို လုပ်မလဲ၊ ဆန့်ကျင်ဖက် တွေ ဖြစ်နေလျှင် ပိုဝေးကြတော့မပေါ့"

"ဒါတော့ ဒါပေါ့ ကိုပိုက်ရယ်၊ နို့ပေမင့်လို့ ဆန့်ကျင်ဘက် ဆိုသလိုတော့ မလွဲနိုင်ဘူး ထင်ပါရဲ့၊ သူတို့ အပြေးစောပြီး အလိုက် နောက်ကျလို့ အရိပ်အယောင်တောင်မတွေ့တာ ဖြစ်မှာပါ" ,

သို့ဆိုသလို လင်းမြင့်လှိုင်က မလျော့သော စိတ်ဓါတ်ဖြင့် ပြောလာပေမင့် ကျွန်တော်တို့နှင့် သစ်ပင်အောက်တွင် ပင်ထိုင်လာ ချေတော့၏။နားလိုသူက နှစ်ယောက်၊ သွားလိုသူက တယောက်ဖြစ် နေခြင်းကြောင့် ကျွန်တော်တို့ သဘောကို လိုက်လျောလိုဟန် ဖြစ် လေ၏။

စောစံကြိုင်က သူ၏ခါးပုံစတွင်းရှိ ပလပ်စတစ် အိတ်ကို ထုတ်၍ အတွင်းရှိ ယာပြီး ကွမ်းတယာကိုထုတ် ပါးစပ်တွင်းထဲ သို့ထည့်ပြီး....

"စားကြဦးလေ"

ဆိုလျက် ယာပြီးကွမ်းယာများထည့်ထားသည့် ပလပ်စတစ်ထုပ်ကို လှမ်းပေးလေ၏။

လင်းမြင့်လှိုင်က လှမ်းယူ၍ ကွမ်းတယာ ထုတ်ယူပြီး ပါးစပ်ထဲ သွင်းထည့်လိုက်ပြန်၏။

"ဆေးပါလား"

သို့ဆိုသလိုကျွန်တော်က မေးလိုက်၏။ ကျွန်တော်သည် ကွမ်းစားလေ့ စားထရှိသူ မဟုတ်ပေမင့် လင်းမြင့်လှိုင်ထံတွင် ဝီစကီလက်ကျန်မရှိတော့သည်ကြောင့် အပျင်းပြေအလို့ငှာစားရန် စောစံကြိုင်ကို မေးလိုက်ခြင်း ဖြစ်၏။

"ဗမာဆေးနဲ့ပဲကွ၊ မကြိုက်လျှင် ဖယ်စားကြည့်ပေါ့"

စောစံကြိုင်ပြောသလို ကျွန်တော်သည် ကွမ်းတယာကို ထုတ်ယူလိုက်လေကာ ဆေးရွက်ကြီး အဖတ်တို့ကို ဖယ်လိုက်လေပြီးမှ ပါးစပ်တွင်းသို့ထည့်လိုက်လေတော့၏။

ကိုယ်စီကွမ်းဝါးဖြစ်နေကြသည်ကြောင့် အပြောအဆို အထွေအထူးမရှိလေဘဲ နားနေကြခြင်း ဖြစ်တော့၏။

လင်းမြင့်လှိုင်နှင့် စောစံကြိုင်သည် ကွမ်းကို ဝါးပြီး မြိုချကြလေသည်လား မသိ၊ ထွေးထုတ်ခြင်း အလျဉ်းမရှိချေ။ ကျွန်တော်မှာမူ ပါးစပ်တွင်း အရည်တို့ ပြည့်လာသည်နှင့်ထွေးထွေးထုတ်နေရချေ၏။ ထိုမှပင် မူးလာလေသည်ကြောင့် သစ်ပင်ကို ကျောမှီမှိန်းလိုက် ရတော့၏။

ထိုသည်ကြားမှပင် မှေးခနဲတချက် ဖြစ်သွားကာ အိပ်ပျော်သွားချေ၏။

"ကိုပိုက်၊ ကိုပိုက်"

သို့ အသံပြု လှုပ်ခါနှိုးလေခြင်းကြောင့် အိပ်ယာမှ နိုးလာရ

တော့၏။

"သွားတော့မလား ကိုလင်း"

"ဘယ်မှ မသွားပါဘူး၊ ဖထီ ဟိုနားဆိုပြီး ထွက်သွားတာ ခုထိ ပြန်မလာသေးလို့ သူ့နောက် လိုက်သွားဖို့ ကိုပိုက်ကို နှိုးရတာ"

"ဟင်....ဘယ်လို ရှင်းအောင် ပြောစမ်းပါ"

ကျွန်တော်အိပ်ပျော်သွားလေခြင်းကြောင့် ဘာမှမသိပါချေ။ သို့ကြောင့်....

"ကိုပိုက် ကွမ်းမူးပြီး အိပ်ပျော်နေတော့ ကိုပိုက်အနိုးကို စောင့်နေကြသေးတယ်၊ အတော်နဲ့ မနိုးနိုင်တာနဲ့ ဖထီက သည်နားလေးတဝိုက် သားကောင်သွားရှာပစ်ချဦးမယ်ဆိုပြီး ထွက်သွားတာ ခုထိ ပြန်မလာသေး တော့ စိတ်ပူပြီး လိုက်ရှာဖို့ ကိုပိုက်ကို နှိုးလိုက်တာ"

လို့ ရှင်းပြလေ၏။

"နို့ဖြင့် ကျွန်တော် ကွမ်းမူးပြီး အိပ်ပျော်သွားတာ ဘယ်လောက် ကြာပြီမို့လဲ"

"သိပ်မကြာသေးပါဘူး ကိုပိုက်ရဲ့၊ နေမွန်းမတည့်မီက အိပ်ပျော်သွားတာ ခု နေအတော်စောင်းနေပြီလေ၊ နေဝင်တော့မယ်"

"ဗျာ"

"နို့ဖြင့် ဖထီအတွက် တကယ်ပဲ စိုးရိမ်စရာ ဖြစ်နေပြီပေါ့၊ ကဲကဲ လာလေ ဘယ်ဘက်လိုက်ကြမလဲ"

သို့ပြောပြီး ကျွန်တော်သည် နေရာမှ ထရပ်လိုက်၏။

"သည်လောက် အချိန်ကုန်အောင် စောင့်ရလား ကိုလင်းရယ်၊ ခပ်စောစောကတည်းက နှိုးလိုက်ချေပေါ့"

"လာ....ကိုပိုက် ရှေ့ဝါးတောဘက်ကို ဖထီထွက်သွားတာပဲ"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် ဝါးတောဘက် ထွက်သွားချေတော့၏။ ကျွန်တော်သည် သေနတ်ကို ပခုံးထက်ထမ်း၍ သူ့နောက်မှ

လိုက်သွားတော့၏။ ဝါးတောဆိုပေမင့် ပျဉ်းမပင်နှင့် ဇင်ပြွန်းပင် တို့ကြား ထဲတွင် ပေါက်ရောက်နေသည့် "ဝါးဘိုး" ဝါးတောသာ ဖြစ်ချေ၏။

ထိုဝါးရုံ သစ်ပင်တို့ကြား မြေလိမ် မြေကောက်ဖြတ်သွားသည့် ဆင်လမ်းအတိုင်း လိုက်သွားကြခြင်း ဖြစ်၏။ ထိုဝါးဘိုးတောကို ကျော် ၍ အရွက်ဖားဖား အုံအုံဆိုင်းဆိုင်း တောသို့ ရောက်သည်တွင် ကျွန် တော်တို့ ရှေ့တူရူမှ လူတယောက် ပြေးလာသည်ကို တွေ့ရလေ၏။

ကျွန်တော်တို့ လိုက်ရှာနေသော တွေ့လိုသော သူပါကလား။ ကြည့်စမ်း။ တွေ့မဲ့တွေ့တော့ ပက်ပင်းကြီးပါကလား။ ဖြုန်းစားကြီး ပါလား။ လင်းမြင့်လှိုင်သည် သူ့လက်တွင်းရှိ သေနတ်ဖြင့် ထိုးချိန်လိုက် လေ၏။ ထိုသူကြည့်ရသည်မှာနောက်မှ ထပ်ကြပ်မကွာ လိုက်လာ သော သူ၏ ရန်သူ လက်မှ လွတ်မြောက်ရေးသာ စိတ်ရှိလေခြင်း ကြောင့် ကျွန်တော်တို့ကို မြင်ဟန်မတူ။

လင်းမြင့်လှိုင်ကလည်း ထိုသူကို ချိန်ရွယ်လေခြင်းမဟုတ်။ ထိုလူ နောက်မှ ကပ်ပါလာမည့် ရန်သူကို ဟန့်တားရန် အလို့ငှာ ဖြစ်ချေ၏။

"ဟာ"

ထိုသူသည် ကျွန်တော်တို့ ရှေ့ကိုက်နှစ်ဆယ်လောက်တွင် လဲကျသွားတော့၏။

သူ့နောက် လိုက်ပါလာသည့် ရန်သူကိုတော့ဖြင့် မမြင်တွေ့ မိပါချေ။ အချိန်အတော်ကြာ စောင့်ဆိုင်းနေကြပြား ရောက်မလာ သေးသဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ထိုလူထံသွားလိုက် ကြတော့၏။

အလိုလေးဗျာ...ဒဏ်ရာအနာတရနဲ့ပါလား၊ ဒဏ်ရာမှာ သေ လောက်သော ဒဏ်ရာတော့ မဟုတ်။ လက်မောင်းတွင် ပြတ်ရှ ဒဏ်ရာ တခုသာရှိချေ၏။ ထိုဒဏ်ရာမှ သွေးတို့ယိုစီးကျနေခြင်း ဖြစ်သည်။

ထိုလူပြေးလွှားရင်း လဲပြိုကျသွားရခြင်းသည် ထိုဒဏ်ရာကြောင့် မဟုတ်။ ပြေးရလွန်း၍ အမောဆိုပြီး လဲကျသွားခြင်း ဖြစ်လေ၏။

သတိလစ်နေသောသူ့ကို ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ကျွန်းပင်ကြီး တစ်ပင်အောက်တွင် ရှင်းလင်း၍ အသာအယာ ချလိုက်လေပြီး....

"ရေ အလျင် သွားရှာမှ ဖြစ်မယ်ဗျ"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် ရေရှာရန် ထိုနေရာမှ ထွက်သွားတော့၏။ ကျွန်တော်သည် ထိုလူ့အနားတွင်သာ ရှိနေ၏။

ထိုသူ ကောင်းကောင်း သတိရလာလေတော့သည်ဖြစ်၍....

"သား....သား ငါမင်းအဖေလေကွာ၊ ငါ မင်းအဖေလေ"

လို့ ကယောင်ကတမ်း ပြောနေလေတော့၏။

"ဒိန်း....ဒိန်း"

သို့ သေနတ်သံနှစ်ချက် ဆက်တိုက် ထွက်လာခြင်းကြောင့် ကျွန်တော်သည် သေနတ်ကို ကပျာကသီ ယူကာ သေနတ်သံနှစ်ချက် ဆင့်ကြားရာသို့ ပြေးသွားလိုက်တော့၏။

ရေရှာသွားသော လင်းမြင့်လှိုင်အတွက် ကျွန်တော် လွန်မင်းစွာ စိုးရိမ်မိသောကြောင့် ဖြစ်၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် အရေးပေါ်ဖြစ်က အချိတ်အဆက် လုပ်ထားကြခြင်း ရှိ၏။

တဦးတယောက်က ဒုက္ခနှင့် ရင်ဆိုင်တွေ့နေလျှင် သေနတ်ကို နှစ်ချက်ဆင့်၍ မိုးပေါ်ထောင်ပစ်ရန် ပြောထားကြခြင်း ဖြစ်၏။

ယခု မိုးပေါ်ထောင်ပစ်သည့် သေနတ်သံနှစ်ချက်ဆက်၍ လင်းမြင့်လှိုင် ထွက်သွားရာဘက်မှ ကြားရချေပြီ။

လင်းမြင့်လှိုင် အန္တရာယ်နှင့် ရင်ဆိုင် ဒုက္ခတွေ့နေလေပြီ

ဖြစ်၏။

ကြားရသည့် သေနတ်သံ ဝေးလံခြင်း မရှိသည်ဖြစ်၍ ပြေးသွားလေတော့သည်။ပျဉ်းမရွက်ကြီးပင်အောက်၏ ရေအိုင်ကြီးတခု အစပ်တွင် လင်းမြင့်လှိုင်ကို တွေ့လိုက်ရသည်ကြောင့် ရင်ထိတ်သွားရတော့၏။ လင်းမြင့်လှိုင် ဖြစ်အင်ကို မြင်သည်နှင့် ကျွန်တော် ဘာလုပ်ရမည်ကို သိလိုက်ပြီး ဖြစ်တော့၏။

လင်းမြင့်လှိုင် တယောက် ကံကောင်းသည်ဟု ပြောရပေသည်။ ခပ်လှမ်းလှမ်းရှိ ပျဉ်းမပင်ပေါ်တွင် တက်နေသည့် နွယ်တပင်ကို ကပျာကသီ ဖြတ်ယူလိုက်လေကာ လင်းမြင့်လှိုင် ရှိရာသို့ ပြန်ပြေး၍ ခုတ်ယူ လာသော နွယ်တဖက် အစကို လှမ်းပစ်လိုက်တော့၏။ လင်းမြင့်လှိုင် နွံနစ်နေ ဖြင်း ဖြစ်၏။ ကျွန်တော် အရောက် မြန်ပေလို့။

"ကျေးဇူးတင်ပါတယ် ကိုပိုက်ရယ်"

"ဘယ်လို ဖြစ်ရတာတုန်း"

"ဟိုလူ့အတွက် ရေဆင်းခပ်တာလေ။ အိုင်အစပ်လောက်တွင် ရေနောက်နေလို့ ရေကြည်ရလို့ခြား ရေအလယ်အိုင်ထဲ ဆင်းလိုက်တာမှ နွံနစ်တော့တာပဲ၊ ကန်ရဲ့ အခြေအနေကို မလေ့လာမိဘူးဗျာ၊ နွံမရှိလောက်ဘူး ထင်တာ၊ သိသိခြင်း ကျွန်တော် ကိုပိုက်သိအောင် သေနတ်နှစ်ချက်ဆင့် ဖောက်လိုက်တာပဲ"

"ကျွန်တော်တို့တွေ အချိတ်အဆက် လုပ်ထားပေလို့ပေါ့နော်"

"နွံဆိုတာ လှုပ်လေ မြုပ်လေ သိလိုက်တော့ ငြိမ်နေတာပဲဗျ၊ အဲ အချက်ပေးသေနတ် ပစ်လိုက်တော့ လူက ဝင်သွားတာကြောင့် ခုလို ရင်ညွန့်ထိနစ်သွားတာပဲ"

ကမ်းမြေမာပေါ်သို့ ပြန်ရောက်သည်တွင် လင်းမြင့်လှိုင် တကိုယ်လုံး ပေကြံနေသော်လည်း ဂင်တိုတိုနှင့် လူကို သတိရလိုက်

သည့်ကြောင့် ကမ္ဘာကသီ ထိုနေရာလေးသို့ ပြန်သွားလိုက်ကြ၏။

အလိုလေးဗျာ၊ ထိုလူမရှိတော့ပါလား။ သူကိုယ်နှိုက် သတိရလာပြီး ထွက်သွားလေသည်လား၊ သို့တည်းမဟုတ် သူနောက်လိုက်လာသော ရန်သူက ဖမ်းသွားလေသည်လား မသိပါချေ။

"အေးဗျာ၊ ကျွန်တော့်ကြောင့် ဒီလူကို လက်လွှတ်ဆုံးရှုံးလိုက်ရတာ၊ ကျွန်တော် တောင်းပန်ပါတယ်"

"သည့်လိုလဲ ဘယ်ဟုတ်ပါ့မလဲ ကိုလင်းရယ်၊ ကိုလင်းကသာ အဓိကပါဗျာ၊ သည်တော သည်တောင်ထဲမှာ ဒီလူကိုဖြင့် တွေ့ရဦးမှာပါ"

သို့ ကျွန်တော်က ပြောလိုက်သည်တွင် လင်းမြင့်လှိုင် အတော်ငြိမ်ကျသွားလေပြီး....

"အသက်ခန္ဓာကိုယ်နဲ့တွဲပြီး ပြန်တွေ့လျှင်ဖြင့် ကောင်းတာပေါ့ဗျာ"

လို့ ပြောလာသဖြင့် ကျွန်တော်သည်လည်း ထိုလူအတွက် စိုးရိမ်ရပြန်တော့၏။

သူရရှိထားသော ဒဏ်ရာက သူ့အသက်ကို မခြွေနိုင်တောင် သူ့ နောက်လိုက်လာသော သူ့ရန်သူက သူ့ကိုလုံးဝအလွှတ်ပေးမှဲ့ပုံ မပေါ်ချေ။

"ကဲ....ကိုလင်းရေ၊ သည့်လိုနဲ့ နေလို့ ဖြစ်မှာ မဟုတ်ဘူး၊ ချောင်းမြောင်ရှာပြီး ရေဆေး ရေချိုးလုပ်ချေဦး"

သို့ဆိုလျက် နှစ်ယောက်သား ထိုနေရာမှလေးမှ ထွက်ခဲ့ကြတော့၏။ ကံကောင်းချင်တော့ မြောင်လေးတခုကို တွေ့လိုက်ကြ၏။ ထိုမြောင်အတွင်း အိုင်လေးတအိုင်အတွင်းရှိ ရေဖြင့် လင်းမြင့်လှိုင်တွင် ပေကျံနေသည့် ရွှံ့နွံတို့ကို ပွတ်သပ်သုတ်သင်ပေးလိုက်၏။ ရေချိုးလောက်အောင် ရေမရှိချေ။

"ဟူး....တော်သေးတယ်"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် အိုင်အစပ်ရှိ ကျောက်တုံးပေါ်တွင် ထိုင်လိုက်၏။

"ဖထီးရှိရင် ကွမ်းတော့ဖြင့် ဝါးရသေးလေရဲ့"

သို့ လင်းမြင့်လှိုင်က တမ်းတမ်းတတ ပြောလာ၏။

"ကျွန်တော် ကွမ်းမစားဝံ့တော့ဘူးဗျာ"

သို့နှယ် ပြောလိုက်လေပြီး ကျွန်တော်ထိုင်ရန် ကျောက်တုံးကျောက်ခဲကြီးကြီးကို အနားတွင် ရှာကြည့်လိုက်သည်တွင် မမျှော်လင့်ဘဲ ရေတောင်လိပ်တကောင်ကို တွေ့လိုက်တော့၏။

"ဟန်ကျတာပဲ ကိုလင်းရေ"

သို့ဆိုလျက် ကျွန်တော်သည် လိပ်ကောင်ကို ကောက်ယူလိုက်သည်။ ကျွန်တော်သည် လင်းမြင့်လှိုင်နားသို့ ပြန်သွားလိုက်လေပြီး လိပ်ကောင်ကို ပက်လက်လှန်လိုက်၏။ ဆောင်ဒါးကို ထုတ်လိုက်၏။ သည်တွင် လင်းမြင့်လှိုင်က....

"အဲလိုနည်းနဲ့ အသားမဖျက်ပါနဲ့ဗျာ"

သို့ဆိုလေသည်တွင် ကျွန်တော်သည် လိပ်ကို မြေပြင်တွင် ပြန်ချလိုက်တော့၏။ သည်ခါလိပ်ကောင်သည် ငြိမ်သက်နေ၍ ခြေလက်တို့ ဝှက်ထားဆဲ ဖြစ်၏။ ကျွန်တော်သည် ဒါးကို ကိုင်၍ လိပ်ကောင်ကို စေ့စေ့ကြည့်နေလိုက်၏။ နှစ်ယောက်လုံးလည်း ငြိမ်သက်စွာ နေ...နေလိုက်၏။

အတန်ကြာလေမှ လိပ်ကောင်၏ ဦးခေါင်းနှင့် လည်တိုင်သည် ရှည်ထွက်လာတော့၏။

"ဝှစ်"

ကျွန်တော်သည် လျှပ်တစ်ပြက် ဒါးဖြင့် လိပ်ကောင်၏ လည်တိုင်ကို ဝိုင်းလိုက်လေသည်။

သွေးတို့ ဖြာထွက် ခေါင်းပြတ်သွားလေပြီ။ သည်တော့မှ ကျွန်တော်သည် သိပ်ကောင်ကို ပက်လက်လှန်၍ ဝမ်းဗိုက် ကဝိုက် ဝိုက်၏။ အစွဲမာတို့ကို ဒါးဖြင့် ကော်ထုတ်ဖွင့်လိုက်၏။ သွေးသံရဲရဲ ကလီစာနှင့် ခြေလက်တံတို့ကို လိပ်ခွံခွက်အတွင်းမှ ခွာထုတ်လိုက်ကာ ရေအိုင်တွင် ရေနှစ်ဆေး၍ တံစို့ထိုးလိုက်တော့၏။

လိပ်တကောင်ကို အသားဖျက်ပြီးသည့်တိုင် နားနေလိုက်ကြပြီးနောက် မြောင်ကြပ်လေးအတိုင်း စုန်ဆင်းခဲ့ကြပြန်၏။

ငါးမိနစ်ခန့် လမ်းလျှောက်လိုက်ပြီးသည်နှင့် မြောင်ဝသို့ ရောက်လာကြ၏။

မြောင်အတွင်း အမှောင်အနည်းငယ် ရှိနေသည်ကြောင့် အချိန်ကို မခန့်မှန်းတတ်။ လင်းမြင့်လှိုင်၏ နာရီသည် နှံနှစ်စဥ် စက်ရပ်သွားလေသည်ပဲ၊ ကျွန်တော်သည် နာရီပတ်လေ့ ပတ်ထ ရှိသူ မဟုတ်သည်ကြောင့် ကျွန်တော့်တွင် နာရီမရှိ။

မြောင်ဝသွားလိုက်သည်တွင် မြောင်ကျယ်တခုသို့ ရောက်ခဲ့ကြ၏။ ကဒွတ်မြောင် မဟုတ်သည်တော့ သေချာ၏။ သို့ဆိုလျှင် ကျွန်တော်တို့ ဘယ်ရောက်နေကြပါလိမ့်၊ စောစ်ကြိုင်ပါလျှင်ဖြင့် ဘယ်နေရာ ရောက်နေသည်ကို သိနိုင်ကြပေလိမ့်မည်။

"ကဒွတ်မြောင် မဖြစ်နိုင်ဘူးဗျ"

မြောင်တွင်မြင်ရသည့် အလင်းရောင်ကို ကြည့်၍ လင်းမြင့်လှိုင်က ခန့်မှန်းပြောလိုက်ခြင်းဖြစ်၏။

"ကျွန်တော်တို့ ဟိုကမ်းစပ်က သစ်ပုပ်ပင်ကြီးအောက်မယ် စခန်းချ နားကြတာပေါ့"

သို့ လင်းမြင့်လှိုင် အကြံပြုလေသည့်အတိုင်း သစ်ပုပ်ပင်အောက်တွင် ရှင်းလင်း၍ နေရာထိုင်ခင်း လုပ်လိုက်ကြ၏။

ပြီးနောက် လိပ်ကောင် မီးကင်ရန် အနားတဝိုက်ရှိ သစ်

## ကံကောင်း ကံမကောင်း ကံကောင်းလေပြား ??

ခြောက်ကိုင်းတို့ကို စုဆောင်းလိုက်သည်။

လင်းမြင့်လှိုင်တယောက် လိပ်ကောင်ကို မီးကင်နေစဉ်....

ကျွန်တော်သည် မြောင်းကျယ်အောက်သို့ နေရာအခြေအနေ ကြည့်ရန် ထွက်ခဲ့တော့သည်။

မြောင်းသည် ကဒွတ်မြောင်လောက် မကျယ်။ သို့ဆိုလျှင်ဖြင့် ပြောင်သေမြောင် ဖြစ်နိုင်၏။ သို့ဆိုရာ၌လည်း မြောင်းအတိုင်း စုန်ဆင်း၍ ကန်ကျုံနီချောင်းရေကျ ဖြစ်မှသာလျှင် ပြောင်သေမြောင်ဟု သတ်မှတ်ရပေမည်။ ကျွန်တော်သည် မြောင်ကျယ်အတိုင်း စုန်ဆင်း၍ မြောင်ကို သွားကြည့်လိုသော်လည်း မြောင်တိုလျှင် အကြောင်း မဟုတ်။ မြောင်ရှည်လျှင် အချိန်မရှိတော့ပြီ ဖြစ်သောကြောင့် နားနေရာ လေးသို့ ပြန်လာလိုက်တော့၏။

"ဘာမြောင် ဖြစ်နိုင်မတုန်း"

လင်းမြင့်လှိုင်က မေးလာချေ၏။

"ပြောင်သေမြောင် ဖြစ်ဖို့များတယ်"

သို့သာပြောပြီး ကျွန်တော်သည် လင်းမြင့်လှိုင်နားတွင် ထိုင် လိုက်၏။

"ကွက်စ်....ကွက်စ်....ကွက်စ်"

"ကွက်စ်....ကွက်စ်....ကွက်စ်"

မြောင်တဖက်ကမ်းအစပ်ရှိ ပျဉ်းကတိုးပင်ပေါ်မှ ဓီးကွက်တကောင်၏ အော်သံဖြစ်ချေ၏။

ကျွန်တော်တို့ ထိုင်ကြည့်နေရာ နှင့်ဆိုပါလျှင် လက်တကမ်း အမြင့်သာရှိနေ၏။ သို့ကြောင့် ကျွန်တော်သည် သစ်ခြောက်ကိုင်း တခုကို ကောက်ယူ၍ လှမ်းပစ်မည် ပြုလေသည်တွင်....

"မလုပ်ပါနဲ့...ကိုပိုက်ရယ်" လို့ လင်းမြင့်လှိုင်က တားလေ၏။

ဓီးကွက်ကောင်သည် ကျွန်တော်တို့ကို မြင်လေသည်

မဟုတ်။

"သူ့အော်သံက ကျွန်တော်တို့အတွက် မင်္ဂလာသံပေပဲဗျ လာဘ်ကောင်းတာပေါ့ဗျာ"

သို့နှယ် လင်းမြင့်လှိုင် ပြောသလိုပင် ကျွန်တော်တို့သည် လိပ်သား မီးကင် စားသောက်ပြီး မြောင်းအတိုင်း ခုန်ဆင်းခဲ့သည်တွင် မြောင်းဝ၌ ဒရယ်တကောင် ပစ်ခတ်လိုက်သည့်ပြင် ကျွန်တော်ထင်ထား သလို ကန်ကျုံနီချောင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့ကြခြင်း ဖြစ်တော့၏။

သို့ဆိုလျှင် ကျွန်တော်တို့ လမ်းမလွဲလောက် လေပြီ။ စောစ်ကြိုင်နှင့်လည်း ပြန်ဆုံစရာ အကြောင်းရှိချေ၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဒရယ်ကောင်ကို တုတ်လျှို ၍ ရှေ့နောက်ထမ်းပြီး ကန်ကျုံနီချောင်းအတိုင်း စုန်ဆင်းခဲ့ကြ၏။

"ဟာ...ကိုလင်း ဟိုရှေ့မယ် ဖထီမဟုတ်လား"

မြောင်းတောင်ကြောထိပ် သစ်ပင်တပင်အောက်တွင် ခြေပစ် လက်ပစ် ထိုင်၍ ကျွန်တော်တို့ကို စောင့်၍နေသည့် စောစ်ကြိုင်ကို တွေ့လိုက် ကြသည်ကြောင့် ဝမ်းသာသွားကြတော့၏။

"ပြောင်သေမြောင်းထဲက သေနတ်သံကြားတာနဲ့ ကိုပိုက်တို့ ပဲဆိုတာ တွက်ထားတာ၊ ကိုပိုက်တို့ဆိုလျှင်ဖြင့် ချောင်းထဲပြန်ဆင်း လာကြမှာသိလို့ သည်ကနေ ထိုင်စောင့်နေတာလေ"

ကျွန်တော်နှင့် လင်းမြင့်လှိုင် အကြောင်းကို တစေ့တစောင်း လေ့လာသိထားဟန်တူသည့် စောစ်ကြိုင်ကို ကျေနပ်သော အပြုံးဖြင့် ပြုံးပြ လိုက်ကြတော့၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် တောတောင်ထဲ လမ်းမှား လျှင် မြောင်းကို တွေ့အောင်ရှာကြ၏။ မြောင်းကိုတွေ့လျှင် ချောင်းသို့ ရောက်အောင် ဆက်ဆင်းခဲ့ကြ၏။ ချောင်းရောက်လျှင် မည်သည့်

ချောင်းမှန်း သိလေလျှင် ဖြင့် ကျွန်တော်တို့ ဘယ်နေရာကို ရောက်နေ တယ်ဆိုခြင်းကို တွက်၍ ရပေပြီ ဖြစ်ချေ၏။

သို့ ကျွန်တော်တို့၏ အမူအကျင့်ကို သိထားသော စောစံကြိုင် ကို လေးစားသွားမိတော့၏။

"ကဲ....ဖထီရေ ဘယ်လိုလုပ် ဝါးတောဘက်သွားရင်း ကျွန် တော်တို့ဆီကို ပြန်မရောက်နိုင်တော့တာလဲ"

သို့ လင်းမြင့်လှိုင်က မေးလိုက်သည်တွင် စောစံကြိုင်က သူထိုင်နေသည့် ခပ်လှမ်းလှမ်းနေရာတွင်ရှိ ကြောင်သေတကောင်ကို လှမ်းပြလေ၏။

"ဝါးတောထဲမှာ ဒီကောင့်ကိုတွေ့တာနဲ့ လှမ်းပစ်လိုက်တာ ထိသွားလေပေမင့် ချက်ကောင်း မထိလို့လား၊ သွေးရူးသွေးတမ်းနဲ့ ပြေးထွက်သွားတာလား မသိဘူး၊ နို့ပေမင့်လို့ သည်ကောင် ငါ့ကို မျက်ခြေ ပြတ် မပြေးနိုင်ဘူးလေ၊ တော်တော်ရှင်းတဲ့ ဝါးတောဆိုတော့ လှမ်းမြင် ရတာပေါ့၊ ငါ့လက်ထဲက လွတ်သွားတဲ့ သားကောင်ကို ငါ ဘယ်တုန်းကမှ လက်ပိုက်ကြည့်မနေတတ်ဘူး၊ သည်လိုနဲ့ သူကပြေး ငါကလိုက်၊ သစ်ပုပ်ပင်တပင်ရဲ့ အခြေနားမှာဝပ်ပုန်းနေတုန်း ငါ ပြန်တွေ့လိုက်တယ်၊ ငါ့ကို တွေ့တော့ သူမာန်ဖီနေ ရုံကလွဲလို့ ပြေးမ လွတ်နိုင်ဘူးလေ၊ ဒါနဲ့ ငါလည်း သေနတ်ဒင်နဲ့ ထုသတ်လိုက်တယ်။ ငါလဲ သူ့ဒဏ်နဲ့ ပြေးလိုက် သွားတာဆိုတော့ စခန်းနေရာ ပြန်ဖို့ မမှတ်မိသလို့ ဖြစ်သွားတယ်လေ၊ ဝါးတောထဲမှာ တလည်လည်ပေါ့၊ နို့ပေမင့် ငါ ဒခန်းနေရာလေး ပြန်ရောက်တော့ ဆရာလေးတို့ မရှိကြ တော့ဘူး ဆရာလေးတို့ ခြေရာကောက်ပြီး လိုက်သေးတယ်။ ကဒွတ် မြောင်းတောင်ကြောမှာလည်း မတွေ့ဘူး၊ မြောင်ထဲ ဆင်းလိုက် ပြန် တော့လဲ ခြေရာမတွေ့ဘူးဆိုတော့ ဆရာပိုက်တို့ တခြားမြောင်ထဲ ရောက်သွားလောက်ပြီဆိုတာ သိလိုက်တယ်၊ ဟိုဘက် ရေကျ မြောင်ထဲ

ဆင်းသွားတာလား၊ သည်ဘက် ရေကျမြောင်းထဲ ဆင်းသွားတာ လား ဆိုတာတော့ သိအောင်လို့ ငါ အပင်ပန်းခံပြီး ရေကျနှစ်ဘက်လုံးကို ဆင်းကြည့်တယ်လေ၊ အဲ ပြောင်သေမြောင်းထဲ ဆင်းသွား တယ်ဆိုတာ သိလိုက်တာနဲ့ ငါ မြောင်းအတိုင်း လိုက်မနေတော့ဘဲ တောင်ကြော တွေကိုဖြတ်ပြီး ကဒွတ်မြောင်းဘက်နေ ပြန်စောင့် နေတာပေါ့၊ ငါ သည် မြောင်းဝကို ရောက်တာ အတော်ကြာနေပြီ၊ ငါပဲ အတွက်အချက်မှား တာလားလို့တောင် ထင်လိုက်မိတယ်၊ နို့ပေမင့် ပြောင်သေမြောင်းထဲက သေနတ်သံကြား လိုက်တော့မှ ငါ့အတွက်အချက် မမှားဘူးဆိုတာ သိလိုက်ရတယ်လေ"

"တော်ပါပေတယ် ဖထီရယ်၊ ကဲ....အမှောင်ထုလည်း ရောက်လာပြီ၊ သည်နားမှာ စခန်းချနားပြီး မနက်မှ ခရီးဆက်ကြတာ ပေါ့"

သို့ ကျွန်တော်က ပြောလိုက်သည်တွင် စောစ်ကြိုင်က ထိုင် ရာမှ ထလိုက်ပြီး....

"ဟိုရှေ့နားမယ် ဝါးခုတ်တဲပဟောင်းလေးတခု ရှိတယ်၊ ဆရာ ပိုက်တို့နဲ့ မဆုံလျှင် ငါ အဲဒီမှာ ညအိပ်ဖို့ ဆုံးဖြတ်ပြီး ရှင်းလင်း ထား တယ်။ အဲဒီသွားကြမယ်၊ ထင်းခြောက်တွေလည်း စုဆောင်း ထားတာ ရှိတယ်၊ ဝါးတဲရဲ့ ရှေ့က ကဒွတ်မြောင်းထဲမယ့် ရေအိုင်ကြီးကြီးတခု လည်း ရှိတယ်"

သို့ပြောရင်း ကျွန်တော်တို့ ပစ်ထားသည့် ဒရယ်ကောင် သေကို ကောက်ထမ်းလေတော့၏။

သည်သို့ဖြင့် ကျွန်တော်တို့သည် စောစ်ကြိုင်ပြောရာ ဝါးတဲ ဟောင်းလေးတွင် စခန်းချနားလိုက်ကြတော့၏။

စောစ်ကြိုင်တယောက် ဒရယ်ကောင်ကို အသားဖျက်နေစဉ် ကျွန်တော်နှင့် လင်းမြင့်လှိုင်လည်း ကဒွတ်မြောင်းတွင်း ဆင်း၍

စောစ်ကြိုင် ပြောသည့် ရေအိုင်ကြီးတွင် ခြေလက်ဆေးကြော သန့်စင်လိုက်ကြတော့၏။

ထိုညတွင် ကျွန်တော်တို့သည် ဒရယ်မီးကင်သားကို စားသောက်နေရင်း စောစ်ကြိုင်နှင့် လမ်းလွဲခဲ့စဉ်က ကျွန်တော်တို့နှစ်ယောက် ကြုံခဲ့သည့် အဖြစ်အပျက်အလုံးစုံကို ပြောပြလိုက်သည်။

"ဟင်....နို့ဖြင့် ဂင်တိုတိုလူကြီးက ဒဏ်ရာပြင်းပြင်းထန်ရထားတာပေါ့"

"သူရထားတဲ့ ဒဏ်ရာပြင်းလား မပြင်းလားတော့ အသေအချာ မကြည့်မိပါဘူးဗျာ၊ လင်းမြင့်လှိုင်ရဲ့ အရေးပေါ် အချက်ပေးသံကြောင့် သူ့ကိုထားပြီး ပြေးထွက်ခဲ့တာဆိုတော့ မပြောတတ်ပေဘူးဗျ"

"ဒါ...မိစ္ဆာမကြီးရဲ့ လက်ချက်လို့ မထင်မိပေဘူးလား"

"အေးဗျာ.......မိစ္ဆာမကြီးရဲ့ လက်ချက်လို့လဲ ပြောမရပေဘူးဗျာ၊ ဘာလို့လဲဆိုတော့ ကျွန်တော်သူနားရှိစဉ်က သူ ကယောင်ကတမ်းသွေးရူးသွေးတန်း ပြောသံကြားရတာတော့...."

"သား သား ငါ မင်းအဖေ လေကွာ၊ ငါ မင်းအဖေလေကွာလို့ကြားခဲ့တာဆိုတော့ စဉ်းစားစရာ ဖြစ်မနေ ပေဘူးလား...."

လို့ ကျွန်တော်က ပြောလိုက်သည်တွင် လင်းမြင့်လှိုင်နှင့်စောစ်ကြိုင်သည် တွေဝေသွားလေတော့၏။ ဖြစ်နိုင်ချေကို စဉ်းစားနေကြလေတော့၏။

"ကဲပါ၊ ကျွန်တော်တို့လဲ စိတ်မော လူမော ဖြစ်နေကြတာ၊ စောစော အိပ်ယာဝင်ကြတာပေါ့ဗျာ"

သို့ဆိုလျှင် လင်းမြင့်လှိုင်သည် ဝါးကြမ်းခင်းပေါ် ခြေပစ်လက်ပစ် လှဲချလိုက်လေတော့၏။

သို့ဖြင့် ကျွန်တော်တို့သည် အိပ်ယာဝင်ခဲ့ကြတော့၏။

## ၈၂ ကိုပိုက်

စောစံကြိုင်နှင့် လင်းမြင့်လှိုင်တို့ကတော့ဖြင့် အိပ်ပျော် မပျော် မသိချေ။ ကျွန်တော်သည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့၏။

မည်မျှကြာကြာအိပ်ပျော်သွားလေသည် မသိသလို ဘယ်အတွက်ကြောင့်ရယ်မသိ ဖျတ်ခနဲ နိုးလာရတော့၏။

မသိစိတ်၏ လှုံ့ဆော်မှုကြောင့် ဖြစ်လေသည်။

စောစံကြိုင်နှင့် လင်းမြင့်လှိုင်သည် မြောင်းအတွင်းမှ ပြန်တက်လာဟန်တူလေ၏။

"ညကြီးမင်းကြီး ဘယ်က ပြန်လာကြတာတုန်း"

ကျွန်တော်သည် လဲလျောင်းနေရာမှ ထထိုင်လိုက်ကာ သူတို့ကို မေးလိုက်သည်။

"အပြင်မှာ သားကောင်တကောင် ဖြတ်လျှောက်သွားသံကြောင့် လိုက်သွားကြတာ"

"ဘာတွေ့တုန်း"

"ဘာကောင်မှ မဟုတ်ဘူး"

လို့ စောစံကြိုင်က ပြောလေ၏။

"တောခြောက်ခံရတာ ဖြစ်မပေါ့"

သို့ ကျွန်တော်က ပြောလေ၏။လင်းမြင့်လှိုင်က ခေါင်းခါပြလာချေ၏။ ပြီးလေမှ....

"မိစ္ဆာကောင်မ"

"ဗျာ"

"ဟုတ်တယ် ကိုပိုက်၊ ကျွန်တော်နဲ့ ဖထီ သူမကို တွေ့ပြီး မြောင်းထဲကို ဆင်းလိုက်သွားတာ ကျွန်တော်တို့မြောင်းထဲအရောက် သူက မြောင်းထဲကနေ တောင်ကြောပေါ် တက်သွားပြီး ဖြစ်နေတယ်လေ၊ နို့ကြောင့် ကျွန်တော်နဲ့ ဖထီလဲ အပြေးအလွှားလိုက်သွားပြီး အော်ဟစ်ဟန့်တားပေမင့် သူက ဝါးဘိုးတောထဲ ပြေးပျောက်ကွယ်သွား

တော့တယ်၊ ဖထီက ဝါးဘိုးတောထဲ သေနတ်နဲ့ ယမ်းသမ်းပစ်မယ် လုပ်လို့ တားထားရသေးတယ်၊ ကျွန်တော်တို့ မြောင်ထဲ ပြန်ဆင်းလာတော့ ဝါးဘိုးတောထဲကနေ ဟက်ဟက်ပက် ပက် လှောင်ပြောင်ရယ်မောသံကြီး ကြားလိုက်ရတယ်"

"နို့ဖြင့် မနက်ကျ ကျွန်တော်တို့ အဲဒီဝါးဘိုးတောဘက် သွားကြတာပေါ့"

ဟု ကျွန်တော်က ပြောလိုက်သလို....

"မိစ္ဆာမ အဲဒီဝါးဘိုးတော တဝိုက်မှာ ရှိနိုင်သလို သူလိုက်နေတဲ့ ဂင်တိုတိုလူလည်း အဲဒီ ပတ်ဝန်းကျင်မှာပဲ ရှိနိုင်သဗျ"

လို့ လင်းမြင့်လှိုင် ကလည်း ပြောလာချေတော့၏။

သို့ဖြင့်ကျွန်တော်သည် ညဦးနက်အချိန်ဖြစ်ခြင်း၊ လေပြေတိုက်ခတ်လာခြင်းကြောင့် ချမ်းစိမ့်စိမ့် ဖြစ်လာရသဖြင့် ထင်းမီးပုံတွင် မီးလှုံရင်း ထိုင်စကားပြောနေကြတော့၏။သို့ရှိစဉ်....

"အား"

ရယ်လို့ လူတယောက်၏ ကြောက်လန့်တကြား အော်ဟစ်သံနှင့် အတူ ဆက်တိုက်ပြေးလွှားသံများ ကြားလိုက်ကြရသောကြောင့် အသံလာရာ ရှေ့တောင်ကြောဆီသို့ လှမ်းတဲ့ ကြည့်လိုက်တော့၏။

ထိုကြားလိုက်ရသောအသံသည် တဒင်္ဂမျှသာဖြစ်ပြီး တိတ်ဆိတ် ငြိမ်သက်သွားတော့၏။

"တောခြောက်တာများလား"

သို့ ကျွန်တော်က ထင်မြင်ချက်ပေးလိုက်၏။

"ဖြစ်လဲ ဖြစ်နိုင်တယ်၊ ဖြစ်လဲ မဖြစ်နိုင်ဘူး"

လင်းမြင့်လှိုင်က မတင်မကျ ပြောလ၏။

"ဘာလို့လဲ...." ကျွန်တော် မေးလိုက်၏။

သည်တွင် ကျွန်တော့်ကို ကြည့်ကာ ပြုံးပြလေပြီး....

"ညဥ့်နက်သန်းခေါင် မိစ္ဆာမကို တွေ့လိုက်တာလေ၊ သူက ဂင်တိုတိုလူကြီးနောက် မျက်ခြေမပြတ် လိုက်နေတဲ့သူလေ၊ သူလိုက်နေတဲ့ သူနဲ့ ထိပ်တိုက်ရင်ဆိုင်တွေ့သွားလေသလားမှ မသိတာ"

သို့ လင်းမြင့်လှိုင်က ပြောလေသဖြင့် ကျွန်တော်သည် လင်းမြင့်လှိုင်ကို ကြည့်ကာ သရော်ပြုံး ပြုံးပြလေပြီး....

"မိစ္ဆာမသာ လူသားစင်စစ် ဖြစ်လျှင်ဖြင့် စောစောက ထိတ်လန့်တကြား အော်သံဟာ သူမရဲ့ အသံဖြစ်မှာပေါ့"

လို့ ပြောလိုက်လေတော့၏။

"ကျွန်တော်တို့မြင်နေသိနေတာကတော့ ဂင်တိုတို လူကြီးက သူ့လက်ကလွတ်အောင် ပြေးလွှားနေရတာလေ၊ ပြီးတော့ သူမလဲ ဒဏ်ရာကြီးနဲ့ လက်ထဲ သေနတ်ကိုင်ထားတယ်ဆိုပေမင့် ကျည်ရှိချင်မှ ရှိမှာပေါ့၊ နို့ကြောင့် လည်း မြားတံအပြည့်နဲ့ မြားကိုင်းကိုင်လိုက်နေတဲ့ မိစ္ဆာကြီးလက်က လွတ်အောင် သေပြေးရှင်ပြေး ပြေးနေရတာပေါ့ဗျာ၊ သည်လောက်ဆိုလျှင်ဖြင့် ကိုပိုက်သဘောပေါက်လောက်ပါပြီ"

သို့ လင်းမြင့်လှိုင် ပြောလာတော့လည်း ကျွန်တော် လက်ခံရမလို ဖြစ်သွားချေတော့၏။ မည်သို့ပင် ဖြစ်စေ၊ သည်ည ကြားလိုက်ရသော အသံ သည် တောခြောက်ခြင်း မဟုတ်ပါက နက်ဖြန် ထိုနေရာလေးတွင် ကျွန်တော်တို့ သိလိုသော အဖြေရှိနေပေလိမ့်မည်။

နောက်တနေ့ နံနက်တွင် ကျွန်တော်တို့သည် ညက စူးစူးဝါးဝါး ထိတ်လန့်တကြား အော်သံကြားလိုက်ရသည့် တောင်ကြော ကလေးသို့ ထွက်ခဲ့ကြတော့၏။

ချုံပုပ်ပင်တို့ သိပ်မရှိလှဆိုသော်လည်း မြက်ရိုင်းခြောက်တို့ကြား ဝက်သိုက်ဟောင်းများ ရှိခြင်းကြောင့် မြွှားကောင်များ ရန် ကြောက်ရသည့်ကြောင့် ရှောင်ကွင်းသွားကြရ၏။

သို့ ရှက်ခြောက် မြက်ခြောက်တို့ပေါ် စမ်းတဝါးဝါးနှင့်

လျှောက်ခဲ့ရာမှ လွန်စွာမှ ကြီးမားသော မြွေကြီးတကောင်ကို ကျွန်တော်တို့သွားလမ်းရှေ့တွင် ကန့်လန့်ဖြတ် ခံနေသည်ကို တွေ့ရလေ၏။ လွန်စွာမှ ကြီးမားသော မြွေကြီးသည် စပါးကြီးမြွေ ဖြစ်နေ၏။ သားကောင်ကို မြိုထားခြင်းကြောင့် ဝမ်းဗိုက်ဖောင်းကား နေသည် ဖြစ်၍ လွန်စွာမျှ ကြီးမားလွန်းသည့် မြွေဟု ထင်မှတ်လိုက်ခြင်း ဖြစ်၏။ တကယ်တော့ ထိုမြွေကြီး၏ ပကတိအရှိ လုံးပတ်သည် ထွားထွားကြိုင်းကြိုင်း တုတ်တုတ်ခိုင်ခိုင် စောစံကြိုင်၏ ခြေသလုံးခန့်သာလျှင် ရှိချေ၏။

"အတော်ပဲဗျ" ဆိုလျက် စောစံကြိုင်သည် မြေပြင်တွင် ဆန့်တန်း၍ ဦးခေါင်းကို ဝပ်စင်း၍ ငြိမ်သက်စွာ မှေးနေသော မြွေကြီး၏ ဦးခေါင်းကို သေနတ်ဖြင့် ချိန်ရွယ်လိုက်ခြင်းကြောင့်....

"မသတ်ပါနဲ့ ဖထီရယ်" လို့ ကျွန်တော်က ဟန့်တားလိုက်ရချေ၏။

သို့ဖြင့် ကျွန်တော်တို့သည် ထိုမြွေကြီးကို ကျော်ခွ၍ ရှေ့ဆက်လျှောက်ခဲ့ကြပြန်၏။

"ညက တောခြောက်တာ ဖြစ်ပါလိမ့်မယ်"

သို့ ကျွန်တော်က ပြောလိုက်ပေမင့်....

"ဟာ"

ကျွန်တော်တို့ သွားလမ်းရှေ့ ညာဘက်ခြမ်း ချုံပုပ်ပင်တို့ကြားမှ တောတိုးပြေးလွှားသံကြောင့် ရှေ့မှဦးဆောင်သွားနေသော ကျွန်တော်သည် ရုတ်တရက် ထိတ်လန့်သွားကာ လက်တွင်းရှိ သေနတ်ဖြင့် ကပျာ ကသီ ထိုးချိန်လိုက်တော့၏။

"အလိုလေးဗျာ၊ သေပြေးရှင်ပြေး ပြေးလာသော လူတစ်ယောက်ပါကလား"

"ဟင်"

ကျွန်တော်တို့ ရှေ့ကိုက်တစ်ရာလောက်တွင် ထိုလူမှောက်ခုံကြီး လဲကျသွားတော့၏။

အမောဆို့ အရှိန်လွန်လဲကျသွားခြင်း၊ ခလုတ်တိုက်လဲကျသွားခြင်းမဟုတ်။

ထိုသူနောက် ပြေးလိုက်လာသော ရန်သူ၏ လက်ချက်ကြောင့် ဖြစ်၏။

"မိစ္ဆာမကြီးပါလား"

ထိုသူလဲပြိုကျသွားသည်နှင့် မိစ္ဆာမကြီးသည်လည်း ကျွန်တော်တို့ကို မြင်လိုက်သည်ဖြစ်ခြင်းကြောင့် ကပျာကသီ နောက်လှည့်ပြေးသွား ချေတော့၏။

"ဒိန်း"

လျှပ်တစ်ပြက် ဖြစ်ပျက်လာသော အခြေအနေကို တွက်ချက်ဆုံးဖြတ်နိုင်သော လင်းမြင့်လှိုင်က သူ့လက်တွင်းရှိ သေနတ်ဖြင့် လှမ်းပစ်လိုက်ခြင်း ဖြစ်လေ၏။

ချုံပုပ်ပင်တို့ကြားတိုးဝင်သွားသော မိစ္ဆာမကြီးရှေ့သို့ ဟှပ်ထိုးလဲကျသွားလေ၏။

သို့ဖြစ်၍ ကျွန်တော်တို့သည်လည်း ပြေးလိုက်သွားကြ၏။ ကျွန်တော်နှင့် စောစံကျိုင်သည် မိစ္ဆာမကြီး လက်ချက်ဖြင့် လဲပြိုသွားသော ဂင်တိုတိုလူကြီးနားတွင် ရပ်တန့်၍ အခြေအနေကို လေ့လာကြည့်လိုက်၏။ လင်းမြင့်လှိုင်သည် မိစ္ဆာမကြီးလဲကျသွားသည့်နေရာသို့ ချက်ချင်း ပြေးသွားလေတော့၏။

"အလိုလေးဗျာ၊ မိစ္ဆာမကြီး ရက်စက်လှချည်လား"

ထိုသူ၏ ကျောတွင် စိုက်ဝင်နေသည့် မြားတံထိပ်တွင် လူးထားသည့် အဆိပ်ကြောင့် အသက်မရှိတော့ပါကလား။

လူလူချင်းတောင်မှ အဆိပ်လူးမြား သုံးရတယ်လို့ အတော်

မိုက်ရိုင်းလွန်းလှ၏။ ရက်စက်လွန်းလှ၏။ မည်သို့သော အငြိုးများ ကြောင့်ပါလိမ့်။

"တောက်"

ကျွန်တော် မိစ္ဆာကောင်မိန်းမကြီးကို လွန်မင်းစွာ စက်ဆုပ်ရွံရှာသွားတော့၏။

သေနတ်ဖြင့် ပစ်ခတ်ဖမ်းလိုက်သော လင်းမြင့်လှိုင်ကိုပင် အပြစ် မမြင်မိပါချေ။

လင်းမြင့်လှိုင်နောက်သို့ လိုက်သွားလိုက်သည်။

လင်းမြင့်လှိုင်တယောက် ချုံပုပ်ပင်တခုနောက်ကွယ်တွင် ရပ်ကာ အဝေးသို့ လှမ်းကြည့်နေလေ၏။

သူလက်လွန်သွားလေပြီလား။

သို့ကြောင့် လင်းမြင့်လှိုင်နားသွားရပ်လိုက်ကာ...

"ဘယ်လိုလဲ ကိုလင်း၊ ဟိုလူတော့ သေပြီ၊ မိစ္ဆာမကြီးကော သေပြီ လား"လို့ မေးလိုက်ရင်း အနားတဝိုက် မြေပြင်သို့ ကြည့်လိုက်၏။

"ဟင်"

သစ်ရွက်ခြောက်များပေါ်တွင် စွန်းပေနေသည့် သွေးကွက် သာလျှင်တွေ့ရ၏။ မိစ္ဆာမကြီးကို မတွေ့ရပါလား။

"ကျွန်တော် ခြေထောက်ကို ပစ်ချလိုက်တာပဲ၊ နို့ပေမင့်လို့ ထောက်လှမ်းပြေးသွားနိုင်လောက်တဲ့ ဒဏ်ရာလေးဘဲ ရသွားတယ် ထင်ပါရဲ့"

"သူ ဝေးဝေး ပြေးနိုင်မယ် မထင်ပါဘူး"

သို့ ကျွန်တော်က ပြောလိုက်၏။

လင်းမြင့်လှိုင်က ခေါင်းကို ခါယမ်းလိုက်လေပြီး...

"ဟိုရှေ့တောင်ကြောမယ် တောတိုးသွားတာ တွေ့လိုက်

တယ်၊ သူပဲ ဖြစ်မှာပေါ့" လို့ စိတ်ဓါတ်ကျသွားဟန်တူသော လေသံဖြင့် ပြောလာလေတော့၏။

"ဘာပြောပြောလေ၊ ဟိုလူကို သူသတ်တာ သိလိုက်ပြီပဲ၊ သူဟာ အများပြောသလို မိစ္ဆာကောင် မဖြစ်နိုင်ဘူး၊ လူသားစင်စစ်ပဲ ဖြစ်မယ်ဆိုတာ သေချာပြီလေ၊ ဒို့ဖြင့် သူ့ကို အလွတ်ပေးလို့ မဖြစ်တော့ဘူး၊ သူ ဒဏ်ရာအနာတရ ရသွားဟန်၊ လိုက်သွားကြတာပေါ့"

"ဟိုလူ့ကိစ္စ ဘယ်လိုလုပ်မလဲ"

ကျွန်တော်က မေးလိုက်၏။

"ကိုပိုက်နဲ့ ဖထီ ခဏနေခဲ့ကြချေဗျာ၊ ကျွန်တော် လိုက်သွားမယ်" သို့ဆိုလျက်ပင် လင်းမြင့်လှိုင်သည် ပြေးထွက်သွားလေ၏။ သို့ဖြင့် ကျွန်တော်သည် စောစံကြိုင်ရှိရာသို့ ပြန်သွားလိုက်တော့၏။

ကျွန်တော်နှင့် စောစံကြိုင်သည် အလောင်းကောင်နားတွင် ထိုင်၍ စောင့်နေကြသည်မှာ အတန်ကြာသွားချေပြီ ဖြစ်၏။ လင်းမြင့်လှိုင် ပြန်ရောက်လာဖို့ မပြောလေနှင့် အရိပ်အယောင်ပင် မမြင်မိပါချေ။

ဒဏ်ရာရသွားသော မိန်းမဟယောက်က အချိန်တိုတိုအတွင်း လင်းမြင့်လှိုင်ကို မျက်ခြေပြတ်နိုင်သည်မှာ အံ့ဖွယ်ပင် ကောင်းသေးတော့၏။

လင်းမြင့်လှိုင်လက်မှ မည်သည့်သားကောင်မဆို ဒဏ်ရာအနာတရ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ရသွားပါက လွတ်ရိုးထုံးစံမရှိခဲ့ချေ။ စောစံကြိုင်ပြောသလို လူသားစင်စစ် မဟုတ်၊ မိစ္ဆာကောင်များ ဖြစ်နေလေရော့လားလို့ပင် တွေးလိုက်မိ၏။ သို့ရှိစဉ်....

"ရှပ်....ရှပ်....ဖလပ်....ဖလပ်....ရှပ်....ရှလပ်"

အတော်လှမ်းလှမ်းရှိ သူးချုံနွယ်ပင်နောက်ကွယ်မှ သို့အသံကြောင့် ကျွန်တော်သည် စူးစိုက်ကြည့်လိုက်၏။

ကြက်အစာကောက် ခြေယက်သံ ဖြစ်လိမ့်မည်။

"ဖယ် ခဏနေချေဦးဗျာ" ဆိုလျက် ကျွန်တော်သည် ထို ကြက်ကို ချောင်းမြောင်းပစ်ခတ်ရန် အလို့ငှာ နေရာမှ ထသွားလိုက်၏။ သို့ တိုးကပ်ချောင်းမြောင်းသွားခဲ့ရာမှ ပေအစိတ်နီးနီးအကွာအဝေး လောက်တွင် မှဆိုးဒူးထောက်ထိုင်ချလိုက်ကာ လက်တွင်းရှိ သေနတ် ဖြင့် ဆူးချုံနွယ်ပင်ရှိရာသို့ လှမ်းထိုးချိန်လိုက်သည်။ ကောင်လုံးမှတော့ ဖြင့် သဲသဲကွဲကွဲ မမြင်ရသေးချေ။

ဝိုးတဝါး ရိပ်ခနဲ ရိပ်ခနဲ တော့ဖြင့် မြင်ရ၏။

တောကြက်ဆိုလေလျှင် သို့အမြင်လောက်နှင့် လုံလောက် ပေပြီ။ သည့်ထက် အချိန်ဆိုင်းလျှင် တောကြက်ကောင်သည် ထပျံသွား နိုင်လောက်၏။ အလွတ်ပေး၍ မဖြစ်။

ကျွန်တော်တို့သည် မနက်ကတည်းက ဘာမှ မစားရသေး သည်ပဲ၊

"ချောက်"

သေနတ်မောင်းတင်လိုက်ကာ မောင်းထိန်းခလုတ်ကို ဆွဲ ညှစ်လိုက်မည် အလုပ်တွင်....

"မလုပ်ပါနဲ့ဗျာ၊ မလုပ်ပါနဲ့ဗျာ" လို့ အသံကြားလိုက်ရသည် ကြောင့် ကျွန်တော်အံ့ဩတကြီး ဖြစ်သွားရ၏။

ဆူးချုံနွယ်ပင်နောက်တွင်ရှိနေသည်မှာ တောကြက်ကောင် မဟုတ်ပါကလား။

သို့ကြောင့် ကျွန်တော်သည် ထလိုက်ကာ သေနတ်ကိုတော့ ဖြင့် အရံသင့်ပစ်ခတ်နိုင်ရန် ချိန်ရွယ်ထားလေပြီး တိုးကပ်သွားလိုက်၏။

"ဟင်"

ဆူးချုံနွယ်အောက်တွင် တွေ့လိုက်ရသူက မိစ္ဆာမကြီး ဖြစ်နေ တော့၏။

လွန်မင်းစွာ အံ့ဩမိတော့၏။ ဘယ်လို ဖြစ်ရတာပါလိမ့်။ မိစ္ဆာ

မကြီးသည် မြေပြင်တွင် ဝပ်တွားလဲကျနေ၏။ ခြေထောက်တွင် ဒဏ်ရာ အနာတရ ရှိနေ၏။

ဒဏ်ရာအနာတရကြောင့် သူ၏ လက်ချောင်းလေးများကို မြေကြီးသို့ ကုပ်ခြစ်နေရာမှ ပေါ်လာသော အသံကို ကျွန်တော်က ကြက်ခြေယက်သံဟု ထင်မိခြင်း ဖြစ်၏။

လင်းမြင့်လှိုင်က သူ့ကို အဝးသို့ ရောက်သွားပြီထင်၍ လိုက် သွားခြင်း ဖြစ်၏။ တကယ်တော့ သူသည် လဲပြိုကျသွားသော နေရာနှင့် မဝေးလောက်သော သုံးချိုနွယ်နောက်တွင် ပုန်းအောင်းနေခြင်း ဖြစ် တော့၏။ လင်းမြင့်လှိုင်သည် ထိုနေရာလေးသို့ ရောက်သည်နှင့် ခပ် လှမ်းလှမ်းဘက် ပြေးမှ သားကောင် တောတိုးသွားသည်ကို မြင်လိုက် သည်ကို သူ(မိစ္ဆာ) ရယ်လို့ ထင်လိုက်ကာ အပြေးတပိုင်း လိုက်သွား လေခြင်း ဖြစ်လေ၏။

"ကဲ….ခင်ဗျားကြီး လိုက်ခဲ့ချေ" ဆိုလျက် ကျွန်တော်သည် သူမ၏ ကျောကုန်းကို သေနတ်ဖြင့် ပင့်တင်၍ ထိုးလိုက်၏။

သူ့ခြေထောက်ဒဏ်ရာကြောင့် မထနိုင် ဖြစ်နေ၍ သို့ကြောင့် ကျွန်တော်သည် စိတ်ချလက်ချဖြစ်သွားကာ သေနတ်ကို သိုင်းလွယ်၏။ သူမကို တွဲထူလိုက်၏။

"ဟင်"

သူမကို ကျွန်တော် သက်သမကင်း ဖြစ်မိတော့၏။ သူမ၏ ခန္ဓာ ကိုယ် အဆက်အပေါက်သည် မိန်းမတယောက်ကဲ့သို့ ဖြစ်သော် လည်း အရိုးအဆစ် ကြွက်သား အသားစိုင်တို့သည် ယောကျာ်းသား တယောက်လို ဖြစ်နေချေ၏။

သို့ကြောင့် ကျွန်တော်သည် သူမကို ဖေးမတွဲထူနေရာမှ ရုတ်ခြည်း ဆိုသလို လက်လွှတ်လိုက်၏။

"အား"

သူမ မြေပြင်ပေါ်သို့ ခွေလဲကျသွား၏။
ကျွန်တော့်အပြုအမူကြောင့် အံ့သြတကြီးဖြစ်ကာ မျက်နှာငယ်လေးဖြင့် ကြည့်နေလေ၏။
ကျွန်တော် သူ့မျက်နှာကို စေ့စေ့ကြည့်လိုက်ပြီး ရုတ်ခြည်းဆိုသလို သေနတ်ဒင်ရာရထားသော သူ့ခြေသလုံးသားကို ပိတ်ကန်လိုက်တော့၏။
"အား"
လွန်မင်းစွာ နာကျင်သွားရသည်ကြောင့် အလန့်တကြားအော်ဟစ်လေတော့၏။
"မင်း ဘယ်သူလဲ၊ မှန်မှန်ပြောစမ်း"
သို့ခပ်မာမာ မေးရင်း သေနတ်ပြောင်းဖြင့် သူမအင်္ကျီရင်ဘတ်ကြယ်သီးကို ဆွဲဖြုတ်လိုက်၏။
ကျွန်တော် ထင်ထားသလိုပါပဲလား၊ မိန်းမလို ဝတ်ထားသော ယောကျ်ားသားတယောက်ပါကလား။
"ကျွန်တော်...ကံကောင်းပါဗျာ"
"ကျွန်တော် သူ့ကို ယောကျ်ားသားတယောက်ပဲ ဖြစ်လိမ့်မယ်လို့ ထင်ထားပြီးသားပါဗျာ"
သို့အသံကြောင့် နောက်သို့ လှည့်ကြည့်လိုက်၏။
လင်းမြင့်လှိုင် ဖြစ်လေသည်။
"ကဲ...မှန်မှန်ပြောစမ်း၊ ဟိုလူ့ကို မင်း ဘယ်လို အညှိုးဖြင့် သဲကြီးမဲကြီး လိုက်သတ်နေရတာလဲ၊ အဲဒီလူကကော ဘယ်ရွာကလဲ၊ ဘယ်သူလဲ"
သို့ ကျွန်တော်က မေးလိုက်၏။
"ကျွန်တော့်အဖေ"
"ဟင်"

## ၂ ကိုပိုက်

"ဟာ"

လွန်မင်းစွာ အံ့သြသွားသည့်ပြင် ထိတ်လန့်တုန်လှုပ်လိုက်သွားရတော့၏။

ဖအေကို ပြန်သတ်သည့်သား အဇာတသတ်ပင်ရှိလေလည်း ဒဏ္ဍာရီလို့ပင် ကြိတ်မှိတ်သတ်မှတ်ခဲ့၏။ ယခုမျက်မြင်ကိုယ်တွေ့ အရှင်လတ်လတ် တွေ့ရပါပကောလား။

"မင်း လူကော ဟုတ်ရဲ့လား"

လင်းမြင့်လှိုင်က မေးလေ၏။

"ကျွန်တော်ကိုယ်နိုက် တိရစ္ဆာန်တကောင် ဖြစ်ချင်နေတာပါဗျာ"

"ဟင်"

"ဟာ"

ဘယ်လို လူစားလာတွေ့နေပါလိမ့်။

"မင်း တိရစ္ဆာန်တောင် မဖြစ်သင့်ဘူးသိလား။တိရစ္ဆာန်ကောင်တောင်မှ သခင်ဆိုတာကို အသိအမှတ်ပြုပြီး ယဉ်ယဉ်ကျေးကျေး ဆက်ဆံတတ်တယ်ကွ၊ ခုမင်းက ဖအေဖြစ်သူကို ဒေါသအလျောက် သတ်လိုက်မိတာတောင် မဟုတ်ဘူး။ ငါတို့သိရသလောက် ပြောရလျှင်ဖြင့် သဲကြီးမဲကြီး အငြိုးအတေးထားပြီး ရက်ရှည်လများ နောက်ကနေ လိုက်သတ်နေတာ မဟုတ်လား"

"မင်း အတိတ်ကံကြောင့် သည်ဘဝ လူလာဖြစ်တာက လွဲပြီး နောက်လာမယ့် ဘဝတွေတိုင်းမှာ ဘယ်လိုသတ္တဝါ ဖြစ်မလဲ မသိဘူး၊ ငါမြင်ချင်ပါတယ်ကွာ"

သို့ ကျွန်တော်က ပြောရင်း သူ့ခြေသလုံးကို ခပ်ပြင်းပြင်းကန်လိုက်ပြန်၏။

"အား....ကျွန်တော် သတ်ချင်လို့ သတ်ရတာ မဟုတ်ပါဘူး

ဗျာ၊ အဖွားက ခိုင်းလို့ပါ”

“ဟင်”

“ဘာယ်လို”

ပို၍ အံ့ဩရပြန်သေးတော့၏။ အဖွားက သတ်ခိုင်းတယ်ဆို တော့ အဖွားဆိုတဲ့ မိန်းမကြီးက သားကိုသတ်တာပေါ့၊ မြေးကိုသတ် ခိုင်းတာပေါ့၊ ဘာယ်လိုတွေလဲ၊ မယုံနိုင်လောက်အောင်ပါကလား၊ သို့ ကြောင့် လင်းမြင့်လှိုင်ကို လှမ်းကြည့်လိုက်၏။

လင်းမြင့်လှိုင်သည် ကျွန်တော့်ကို သွားတက်လေး ပေါ်ရုံပြုံး ပြလေပြီး....

“သည်ကိစ္စ သူပြောမှ သိရမှာလေဗျာ” လို့ ပြောလာလေ တော့ သဖြင့်....

“ကဲ....မင်း ငါတို့ကို မင်းအဘွားက ဘာယ်သူဖြစ်တယ်၊ မင်း အဖေကို မင်းဘာလို့ သတ်ရတယ်ဆိုတာ အမှန်အတိုင်း ပြောပြချေကွာ၊ မဟုတ်တန်းတရားတွေတော့ လျှောက်ပြောဖို့ မစဉ်းစားနဲ့ ဟုတ်ပ လား”

“ဟုတ်ကဲ့၊ ကျွန်တော် အမှန်အတိုင်း ပြောပြပါ့မယ်ဗျာ၊ ကျွန် တော့် ခြေထောက်အနာကိုသာ အရင် စဉ်းစားပေးကြပါဗျာ၊ ကျွန်တော့် ခြေထောက်က အတော်လေး နာနေကိုက်နေလို့ပါ”

သူ့စကားကြောင့် ကျွန်တော်ပြုံးမိသေးတော့၏။ လူတဖက် သား ကိုတော့ဖြင့် ရက်ရက်စက်စက် သတ်ဖြတ်လိုက်ပြီး သူကိုယ်နှိုက် ကတော့ဖြင့် နာကျင်မှုဝေဒနာလေးကိုပင် မခံနိုင်ပါကလား။ အတော် ဟုတ်တဲ့ကောင်ပေပဲ။

သို့ပေမင့် သူပြောလာမည့် အကြောင်းအရာတွေကို သိလို သည်ကြောင့် သူ့ခြေထောက်ဒဏ်ရာကို ကျွန်တော်တို့တွင် အမြဲဆောင် ထားလေ့ရှိသည့် ဆေးဝါးတို့ကို ထုပ်၍ အသုံးပြု ပတ်တီးစည်း

ပေးလိုက်တော့၏။

သူအတော်အတန် သက်သာသွားဟန် ဖြစ်၏။ သည့်တွက် ပြုံးယောင်သန်းလာသည့် သူ့မျက်နှာတွင် ဝမ်းနည်းကြေကွဲရိပ်တို့ ရောယှက်နေသည့်ကြားမှ အားတင်းပြောပြလာသည့် သူ့အဖြစ် အပျက်ဘဝဇာတ် လမ်းကို သို့နှယ် သိရလေတော့သည်။

* * *

သူသည် ပုန်းကွယ်ချောင်းမြောင်းနေရာနှင့် ကိုက်ငါးဆယ်လောက်အကွာတွင် ဂျို(ချေ)တကောင် ရှိနေသည်ကို သူသိ၏။ သို့ပေမင့် ယမထာ ကြိမ်အုံပင်အောက်တွင် ဖြစ်နေခြင်းကြောင့် အချိန်ကုန်ခံ စောင့်နေခြင်း ဖြစ်၏။ သည်နေ့အတွက် သူသားကောင်ရပြီး ပြန်မှဖြစ်ချိမ့်မည်။ တမနက်လုံး မည်သည့်သားကောင်မျှ မတွေ့လေသည်ကြောင့် ပူပန်မှု ဖြစ်လာရလေ၏။ နေသည်ပင် အတော်ကျနေပြီ ဖြစ်၏။သို့ကြောင့် ယခု တွေ့လိုက်သော ဂျို(ချေ)ကောင်ကို အလွတ်မပေးပစ်ခတ်ရန်သာရှိတယ်။ မပိုင်ဘဲ ပစ်လို့က ဖြစ်လိမ့်မည် မဟုတ်။ နောက်ထပ် သားကောင်တစ်ကောင် တွေ့ဖို့ဆိုတာ လွယ်သည့်ကိစ္စ မဟုတ်။ သို့ကြောင့် သူ စိတ်ရှည် ရှည်ထားကာ ကြိမ်အုံပင်နောက်ကွယ်မှထွက်လာမည့် သားကောင်ကို စောင့်နေခြင်း ဖြစ်၏။

"ဝိုးလို"

သို့အသံကြားရခြင်းကြောင့် အနည်းငယ်တော့ စိတ်သက်သာ

ရာ ရသည်ဆိုပေမင့် စိတ်လှုပ်ရှားလို့တော့ဖြင့် နေချေ၏။

စိတ်လှုပ်ရှားနေသည်ကြောင့် ရင်တဒိတ်ဒိတ် ခုန်နေ၏။

ဟော ထွက်လာလေပြီ။

"ပီးလ်....ပီးလ်" အော်လျက် တလှမ်းချင်း လှမ်းထွက်လာခြင်း ဖြစ်၏။ တော်သေးတာပေါ့။ ရုတ်ခြည်းပြေးထွက်သွားလျှင်ဖြင့် ခက်ရချည်ရဲ့။

ဂျီ(ချေ)ကောင်ကို သူ ဘေးတိုက်အနေအထားမှ မြင်နေရသည့် ကြောင့် အတိုင်းထက်အလွန် ဝမ်းသာသွားတော့၏။

"တောစောင့်နတ်မင်းကြီးရယ် ကျေးဇူးတင်ပါတယ်" လို့ စိတ် မှာကြိတ်၍ ပြောလိုက်လေပြီး သူလက်တွင်းရှိ လေးကိုင်းကို ဆွဲဆန့်လိုက်တော့၏။ လေးကိုင်းကို စိတ်ကြိုက်ကွေးဆွဲလိုက်လေပြီးနောက် လေးကိုင်းတွင် ဖိကပ်ထားသည့် လက်ညိုးနှင့်လက်မကို ခွာလိုက်လေသည်တွင် မြားတံသည် လေကိုခွင်း၍ ဂျီ(ချေ)ကောင်၏ ရှေ့လက်ပြင် ရှိရာသို့ တန်းတန်း မတ်မတ် ထွက်သွားလေတော့၏။

"ဝှစ်"

လေကိုခွင်းအရှိန်ဟုန်ပြင်းပြင်း ပြေးထွက်လာသည့် မြားတံကြောင့် ဂျီ(ချေ)ကောင်လေးသည် ရုတ်ခြည်းဆိုသလို အားစိုက်ပြေးထွက်လိုက်ပေမင့်လည်း အနည်းငယ်မျှအသိ၊ လှုပ်ရှားမှု နောက်ကျသွားရခြင်းကြောင့် နောက်ခြေတင်ပါးကိုတော့ဖြင့် စူးနစ်ခံလိုက်ရတော့၏။ သို့ပေမင့် ဂျီ(ချေ)ကောင်လေးသည် ရန်သူ့လက်မှ လွတ်မြောက်ခဲ့ရချေတော့၏။

"တောက်"

သူ ကံကောင်းမလိုနှင့် ကံဆိုးလေခြင်း ဖြစ်သည်။ ဘာလို့များ အဖေက ကံကောင်းလို့ မှည့်ထားရတာပါလိမ့်။

သူသည် စိတ်ပျက်စွာဖြင့် နေရာမှာပင် စိတ်ပျက်လက်ပျက်

ထိုင်ချလိုက်တော့၏။

သူ ဘာဆက်လုပ်ရမလဲ၊ မြားတန်းလန်းနှင့် ဂျီ(ချေ)ကောင်နောက်ပဲ လိုက်ရလေမလား၊ ထိုနေရာလေးမှ ထွက်ကာ အချိန်လေးရှိတုန်း သားကောင်တကောင် ရှာရလေမလား။

သည်အတိုင်း လက်ချည်းသက်သက် စခန်းပြန်သွား၍တော့ ဖြစ်မည်မဟုတ်။

သူ့အဖေ သူ့ကို ဆော်ပလောတီးပေလိမ့်မည်။

"သားကောင်မတွေ့လို့ လက်ချည်းသက်သက် မုဆိုးပြန်လာရတာကို ငါလက်ခံနိုင်တယ်၊ အေး နို့ပေမင့် သားကောင်ကို တွေ့လျက်နဲ့ မပစ်လိုက်ရတာတို့၊ လွဲချော်တာတို့ဆိုတာမျိုးကိုတော့ ငါခွင့်မလွှတ်နိုင်ပေဘူးကွ"

ကြည့်စမ်း ခုပိုဆိုးလေပြီ။

"သားကောင် မတွေ့ဘူး" လို့ ညာပြော၍လည်း ဖြစ်တော့မည် မဟုတ်။ မြားတံတချောင်းက ဂျီ(ချေ)ကောင်နှင့်အတူ ပါသွားပြီလေ။ ဘယ်လို လိမ်ညာပြော၍ ရပါလိမ့်မည်နည်း။

အဖေသည် သူ့ကို အမဲပစ်ထွက်လျှင် မြားတံငါးချောင်း ပေးနေကျ ဖြစ်သည်။

ထိုငါးချောင်းမှ နှစ်ချောင်းသည် အဆိပ်လူးမြားတံ ဖြစ်ချေ၏။

"မင်းကြိုက်သလို အသုံးပြုလို့ရတယ်၊ အေး...တခုတော့ရှိတယ်၊ သားကောင်တော့ ပါလာရလိမ့်မယ်"

သို့ အဖေပြောသလို အဖေလုပ်တတ်သည်က သားကောင်မရဘဲ ပြန်လာသည့်နေ့ဆိုလျှင် သူ့ကျောပြင်ကို အရိုးထင်အောင် ရိုက်ဘတ်၏။ "တောတောင်ထဲမှာ ရှာဖွေမစားတတ်လို့ကတော့ ဝေါ် ပေါ့" ဆိုလျက် သူ့ကို ဘာမှ မကျွေးလေတော့ပြန်ချေ။ မရှိ၍ မကျွေးခြင်း မဟုတ် ရှိလျက်နှင့်လည်း အငတ်ထားခြင်း ဖြစ်၏။

ဘယ်လို အဖေပါလိမ့်။

သို့တင်ပဲလား မဟုတ်။ ရံခါဆိုသလို သူ့အဖေ စိတ်ကူးပေါက်လျှင်....

"သညကနေ့ တောဝက်သားတော့ စားချင်တယ်ကွာ"

"မျောက်ချေးခါး မစားရတာ ကြာပြီ၊ မျောက်ညိုတကောင်လောက် ပစ်ခဲ့စမ်းကွာ"

"ဖွတ်သားမစားရတာ ကြာပြီ"

အစရှိသဖြင့် ဂျီကျပြောတတ်မှာတတ်သေး၏။ ဘယ်လိုဖြစ်နိုင် မှာတုန်း။ မုဆိုးက အမဲပစ်သွားတာ၊ တွေ့တဲ့ရတဲ့ အကောင်သာ ပစ်ရတော့မပေါ့လော။

သူစားလိုသည့်အကောင် ပစ်ခတ်မရခဲ့ပါလျှင်လည်း ပြဿနာရှာချေတော့၏။

ကနေ့ဖြစ်ရပ်သည် သူ့အမှားကြောင့်လည်းပါသည်ဟု သူတွက် ဆမိ၏။ တကယ်ဆိုလျှင် စောစောက ဂျီ(ချေ)ကောင်ကို အဆိပ်လူးမြားဖြင့် ပစ်လိုက်လျှင် သူတွက်ခံသာသေးတော့၏။

ဆို့ စဉ်းစားလိုက်မိပေမယ့်လည်း အဆိပ်လူးမြားကို သူအသုံးမပြုလိုပေ။

ဘာလို့များ သူ့အဖေက သူ့ကို အဆိပ်လူးမြားတွေ ထည့်ပေးရတာပါလိမ့်။

သူ ဉာဏ်မီသလောက် စဉ်းစားမိသည်ကတော့ သူ့အား အဆိပ်လူးမြားကို ထာဝရအားကိုးအားထား အသုံးပြုစေလိုခြင်းကြောင့်များလား။ ဘယ်လိုကြောင့်ပါလိမ့်။

အမှန်အတိုင်းဆိုရလျှင် အဆိပ်လူးမြားကို သူ မသုံးချင်ပေ။ သားကောင်တွေအပေါ် နိုင်ထက်စီးနင်း ပြုရာကျ၏။

သူမုဆိုးဖြစ်ပေမင့် သားကောင်တွေအပေါ် အခွင့်အရေးဆို

ဘာတော့ ပေးရပေမည်။

သေဘေးမှ လွတ်အောင် ရှောင်ပြေးနိုင်ခြင်း၊ ကံကြမ္မာကြောင့် အသက်ချမ်းသာရခြင်းကို သူကျေကျေနပ်နပ် ခွင့်လွှတ်နိုင်ရမည်။ သူတို့၏ အားထုတ်မှု၊ ကြိုးစားမှု၊ ကံကြမ္မာကိုတော့ဖြင့် အသိအမှတ်ပြုရပေမည် မဟုတ်ပါလား။ ဘယ်နှယ့် သားကောင်တို့ကို မစားရလည်း သူတို့သေကို သေရမည်ဆိုသည်ကိုတော့ သူ လက်မခံလိုပေ။

ဂိုဏ်းတွေးများ အဖေ့တွင် ရှိစေချင်၏။

ပြောခဲ့ဖူး၏။ သည်တုန်းက အဖေပြောခဲ့တဲ့စကားကို သူကြားခဲ့ရ၏။

"သားကောင်က သားကောင်ပဲ ဖြစ်ရမှာပေါ့၊ မင်းပြောပုံအရဆိုလျှင် သားကောင်က မုဆိုးပြန်ဖြစ်သွားလိမ့်မယ် ဆိုပါစို့ကွာ၊ သားကောင် ကို မင်းပစ်လိုက်ပါပြီတဲ့၊ ဟော...မင်းလက်က လွတ်သွားပြီဆိုပါတော့ အဲဒီသားကောင်က သည်အတိုင်းနေမယ်ထင်လား၊ သူနာသွားပြီလေ၊ သူ့အခဲကျေမှာ မဟုတ်တော့ဘူး၊ ကျားနာခဲ ပြန်ခဲ တော့မယ်၊သည်ခါ မင်း မုဆိုးကနေ သားကောင် ပြန်ဖြစ်ရတော့မှာပေါ့၊ မင်းက မုဆိုးပါကွာ၊ မုဆိုးက မုဆိုးအလုပ်ပဲ လုပ်ပါ၊ မုဆိုးစိတ်ပဲ ထားပါ"

သို့ ဆိုလေသတဲ့။ အဖေ့ကြောင့် သူ တွေဝေခဲ့ရ၏။ သို့ဖြစ်ရာသူလည်း ပင်ကိုယ်စိတ်ဓါတ်ပျော့လေခြင်းကြောင့်လားမသိ။ အဖေ့ရဲ့ ခိုပ်စက် ညှင်းပန်းခြင်း အကြိမ်ကြိမ်အလီလီ ခံရလေခြင်းကြောင့်လားမသိ၊ ရံခါဆိုသလို အားငယ်သည့်စိတ်၊ ကြောက်ရွံ့သည့်စိတ် ဖြစ်ခဲ့ရ၏။ သည်အခါမှာ အဘွားကို သတိရမိ၏။ အဘွားကို တွေ့လိုလှ၏။ အဘွား၏ ရင်ခွင်တွင်း အားကိုးတကြီး နားခိုလိုလှ၏။ အဘွားသည် သူ့ရဲ့ အားဖြစ်ပေလိမ့်မည်။

သို့ကြောင့် သူ့အခြေအနေပေးလျှင် ပေးသလိုသာလျှင် အားလျှင် အားသလို အဘွားကို သူသွားရှာခဲ့၏။ အဖေ့ရဲ့ ရိုက်နှက်ဆုံးမခြင်း

ခံရလေ အဘွားကို သတိရလေ ဖြစ်တော့၏။

သူ၏ ဖွဲ့ကြောင့်ပေလားမသိ။အဘွားနှင့် ပြန်ဆုံခဲ့ရ၏။ အဘွားနှင့် သူ နောက်ဆုံးဆုံခဲ့သည့်နေရာ သူ ကောင်းကောင်း မှတ်မိ နေ၏။ သည်တုန်းက သူ ကလေးရှိသေးသည်။ ငါးနှစ်သား အရွယ်ဖြစ် ချေ၏။ ဝါးတဲတလုံးတွင် သူနှင့် အဘွားသာ ရှိချေ၏။ သူမှတ်မိနေသေး၏။ သူဆာလောင်နေ၏။ ကြောက်လို့နေ၏။ ချမ်းအေးနေ၏။ သည်တုန်းက အဘွား သူ့ကို ရင်ခွင်တွင်း ထည့်ပွေ့ဖက်ထား၏။

"ငါ့မြေး မကြောက်နဲ့ အဘွားရှိတယ်"

သည်တော့ သူဘယ်ကြောက်တော့မလဲ၊ ဆာတယ်ဆိုတော့လည်း အဘွားက ငါးကင်ကျွေး၏။

သို့ကြောင့်သူ ဆာလောင်ခြင်း မရှိတော့။ ကြောက်ခြင်းလည်း မရှိတော့။ ချမ်းအေးခြင်းလည်း မရှိတော့သဖြင့် အဘွားရင်ခွင်တွင်း၌ နှစ်နှစ် ခြိုက်ခြိုက် အိပ်ပျော်သွားတော့၏။ သို့ရှိစဉ်....

"ဒိန်း"လို့ ထိတ်လန့်ဖွယ် အသံကြီး ကြားလိုက်ရသည်ကြောင့် အိပ်ယာမှ နိုးလာရ၏။

သူ့နားတွင် အဘွားမရှိချေပြီ။ သို့ကြောင့် သူသည် တဲပေါ်မှနေ၍ ချောင်းဘက် လှမ်းကြည့်လိုက်သည်။

"ဟင်"

ချောင်းရေစပ်တွင် အဘွား လဲအိပ်နေပါကလား။ အဘွားဘေးမှာလည်း လူကြီးတစ်ယောက်။ သူနှင့် မျက်လုံးချင်းပင် ဆုံမိသေးတော့၏။သည်လူကြီးက ဘယ်သူလဲ၊ သူ့အဘွားအိပ်နေတဲ့နားမယ် ဘာလုပ် နေတာတုန်း။ ထိုလူကြီးသည် သူ့ထံမှ အကြည့်ကို မျက်နှာလွှဲသွားလေပြီး ထိုနေရာမှ လှည့်ထွက်သွားတော့သဖြင့် အဘွားထံ ပြေးသွားလိုက်တော့သည်။

အိပ်နေသော အဘွားကို နှိုးလိုက်၏။

"အဖွား...အဖွား၊ ထ...ထပါဦး၊ သားဆာပြီ"

အဘွားသည် အအိပ်ကြီးလိုက်တာ၊ သို့ကြောင့် သူ ကြောက်စိတ်ဝင်လာရပြန်သည်ကြောင့်...

"အဖွား...အဖွား သားတယောက်တည်း မနေရဲဘူး အဖွားရယ်၊ ထပါတော့၊ သားဆာလည်းဆာပြီ၊ ဟီး...ဟီး...ဟီး...ဟီး"

တကယ်လည်း သူကြောက်လို့ သွားလေ၏။

ကြောက်ပါတယ်ဆိုမှ စောစောကလူကြီး ပြန်ရောက်လာ၏။ ပို၍ ကြောက်သွားသည်ကြောင့်...

အော်ဟစ်လို့သာ နေလေတော့၏။

"အီး...ဟီး...ဟီး...အီး...ဟီး...ဝါး"

"တိတ်စမ်း"

သို့အသံကြောင့် သူသည် တဆတ်ဆတ် တုန်ယင်သွားတော့၏။ ထိုလူကြီး၏ မျက်နှာဆိုးဆိုးကြီးကို သူ ရင်ဆိုင် မကြည့်ဝံ့တော့ချေ။

"လာစမ်း" ဆိုလျက် ထိုလူကြီးသည် သူ့လက်ကို ဆောင့်ဆွဲလိုက်လေသဖြင့် ထိုလူကြီးနောက် ယက်ကန်ယက်ကန်ပါသွားချေတော့၏။

အဘွားကို အားကိုးတကြီး လှည့်ကြည့်တော့ ခွေခွေလေး အိပ်နေဆဲဖြစ်၏။

သည်သို့ဖြင့် သူ ထိုလူကြီးနောက် ပါသွားရ၏။ ထိုလူကြီးနှင့် မနေချင်ဘဲနေခဲ့ရ၏။

ထိုလူကြီးသည် အဘွားလို မဟုတ်။

ကျွေးတော့ကျွေးပါရဲ့။ မဝှိုမပို။ အိပ်ပြန်တော့လဲ အဘွားလို မဟုတ်။ ထိုလူကြီး၏ ခြေရင်းတွင် အိပ်ရ၏။

ချမ်းလွန်း၍ ခိုက်ခိုက်တုန်နေသည့်ကြားမှ အိပ်ပျော်အောင် အိပ်ရသည့်ရက်တွေ မနည်း ဖြစ်ချေ၏။

သူသည် ထိုလူကြီးခိုင်းသမျှ လုပ်ပေးခဲ့ရ၏။
"အဘွားကော"
"သေပြီ"
"အဘွားဆီသွားမယ်"
"သေပြီဆိုတာ မရှိတော့ဘူးလေကွာ၊ မင်း ငါနဲ့ပဲ နေရတော့မယ်"
"ဘာဆိုင်လို့လဲ၊ အဘွားဆီပြန်ပို့"
"ငါ ပြောနေတာ မင်း နားမလည်ဘူးလား"
သို့ဆိုလျက် လက်ဝါးကြမ်းကြမ်းဖြင့် သူ့ကို လွှဲရိုက်လာလေ၏။
"ဖြန်း"
"အား"
ထိုလူကြီး သူ့ကို ခေါ်သွားပြီးကတည်းက သည်တကြိမ်သည် ပထမဆုံး သူ့ကို စတင်ရိုက်နှက်လေခြင်း ဖြစ်တော့၏။
သူ အတော်ကလေးလည်း ကြောက်သွားရ၏။
သည်နောက်ပိုင်း သူ အဘွားကို မမေးဝံ့တော့ချေ။ သို့ဖြစ်ရခြင်းသည် နောက်ရက်များတွင် အဘွားကို မေးမိလေတိုင်း ရိုက်နှက်ခံရခြင်း မကြာခဏ ဖြစ်လာခြင်းကြောင့်ပင်။
"မင်း မှတ်ထား၊ မင်းမှာ အဘွားမရှိတော့ဘူး၊ ငါ မင်းအဖေဖြစ်သွားပြီ၊ မင်း ငါနဲ့ပဲ နေရမယ်၊ ငါ့ကို အဖေလို့ပဲ ခေါ်ရမယ်"
ထိုလူကြီးက သူ့အဖေဆိုပါကလား။
"ဟုတ်....ဟုတ်ကဲ့"
မဟုတ်ကဲ့လို့လည်းမရပေဘူးလေ။ ထိုလူကြီး၏ လက်ဝါးကြမ်းကြီးကြောင့် သူ နားတွေ အူခဲ့ရ၏။
အမှောင်ကို ကြောက်တတ်သောသူ့ကို အဘွားရှိတုန်းက

အဘွားသည် သူ့ကို ပွေ့ဖက်ထား၏။

အဘွားရှိတယ် မကြောက်နဲ့ဟု ပြောခဲ့ဖူး၏။

"ဘာကြောက်စရာလိုလဲ ယောကျ်ားပဲကွာ"

ဆိုလျက် သူ့ကို အမှောင်ထဲတွင် ကြိုးတုပ်၍ တယောက်တည်း ထားခဲ့၏။ သူနားကို အလာမခံ။

အဲဒီတုန်းက သူကြောက်လို့ ငိုခဲ့ရတာ မှတ်မိလေ၏။

ကြောက်လိုက်တာလည်း မပြောပါနဲ့တော့။

မိုးစင်စင်လင်းပြီး အလင်းရောင်ပေါ်လာလေတော့မှ သူအငိုရပ်ခဲ့ရ၏။

သုံးရက်လောက်သို့ဆိုသလို အမှောင်ထဲတွင် တယောက်တည်း နေခဲ့ရ၏။ အသံပြာမတတ် ငိုခဲ့ရ၏။

နောက်ပိုင်းတော့ သူအမှောင်ကို မကြောက်ချေတော့ပြီ။

သူ့အရွယ်နှင့်မလိုက်အောင် အလုပ်တွေ လုပ်ခဲ့ရ၏။

"မင်းကို အလကား မကျွေးနိုင်ဘူး။ ညအတွက် ထင်းခြောက်တုံးတွေ မင်းရှာတော့"

သို့ဆိုတော့ သူ နေ့စဉ်နှင့်အမျှ ဆိုသလို မနိုင်မနင်း ထင်းခြောက်တုံးတွေ လိုက်ရှာစုဆောင်းခဲ့ရ၏။

မလုပ်မိတဲ့ရက်ဆိုလျှင် သူအတီးခံရပြန်၏။ အစာရေစာ ဖြတ်ခံရပြန်၏။

သည်တော့ သူ အစားလေးတလုတ်အတွက် အနှိပ်စက်မခံလိုသောကြောင့် ထိုလူကြီး ပြောသလို နေခဲ့ရ၏။ ခိုင်းတာလုပ်ခဲ့ရ၏။

သူမှတ်မှတ်ရရ ငယ်စဉ်က သူ ပုတ်သင်ညိုလေးကို တုတ်နှင့် ရိုက်သတ်ခဲ့သည်ကို သိသောအဘွားက....

"ငါ့မြေး တိရစ္ဆာန်လေးတွေကို မသတ်ရဘူးနော်၊ ငရဲကြီးလိမ့်မယ်" လို့ ပြောဆို ဆုံးမဖူး၏။

ထိုလူကြီးကမူ အဘွားလိုမဟုတ်။

"လိပ်ခေါင်းထွက်လာလျှင် ခါးနဲ့ပိုင်းခုတ်ချေ"

ဆိုလျက် လိပ်ခွံတွင်းမှ လိပ်ခေါင်းထွက်မလာမချင်း နံဘေးမှ ထိုင်ကြည့်ကာ နေခိုင်း၏။ လူသံတိတ်ဆိတ်သွား၍ လိပ်ခေါင်းပြူထွက်လာလျှင် သူက ဓါးနှင့် ခုတ်ဖြတ်ရ၏။ တချက်နှင့် လိပ်ခေါင်းမပြတ်လျှင် ထိုလူကြီးက သူ့ဇက်ပိုးကို ဖြန်းခနဲနေအောင် ရိုက်တတ်လေ၏။

သည်သို့နှင့်စကာ သူလက်ရဲဇက်ရဲ ဖြစ်လာ၏။ သတ်ရဲ ဖြတ်ရဲ ဖြစ်လာ၏။

သူနှစ်လိုခြင်း မရှိပေမင့်....

"မင်းမသတ်လျှင် ငါ မင်းကို သတ်မယ်" ဆိုသည်ကြောင့် သတ်ခဲ့ဖြတ်ခဲ့ရခြင်း ဖြစ်လေသည်။

အံတုပြိုင်ဝံ့ဖို့ နေနေသာသာ ငြင်းဆန်ဝံ့ခြင်းပင် သူ့တွင် မလုပ်ဝံ့ပါချေ။

သည်လိုနှင့် သူ လူလားမြောက်ခဲ့ရ၏။

ထိုလူကြီး၏ အဆို၊ သူ့အဖေ၏ အလိုကျနေခဲ့လေတော့ အရိုက် အနှက်ခံရခြင်းမှ အနည်းအကျဉ်းတော့ဖြင့် သက်သာခဲ့ရချေ၏။ သို့ဆိုသလို လွတ်လပ်စွာ တောလည်သွားလာခဲ့ရ၏။ သို့ဆိုပေမင့် အပြန်တွင် သားကောင်တကောင်တော့ဖြင့် ပါလာရပေ၏။

သူ့အရွယ်ရောက်လာသလို ထိုလူကြီးလည်း အရွယ်လွန်ခဲ့ချေတော့၏။

သည်တော့ သူသာလျှင် အမဲပစ်ထွက်ရ၏။

မည်သို့ပင်ဆိုစေ ထိုလူကြီး ခိုင်းခဲ့လေသည်ကြောင့်လေးမြား တင်မဟုတ် သေနတ်ကိုပင် ပစ်တတ်လာ၏။ သားကောင်ကို ရှာတတ်လာ၏။

သို့ဆိုတော့ ရုံခါဆိုသလို သူ့အဘွားကို သတိရလေသည်

ကြောင့် အဘွားနှင့် နောက်ဆုံး ဆုံခဲ့ရသည့်နေရာကို သွားရှာခဲ့၏။

အစက ဘယ်နေရာဆိုတာ သူ မသိခဲ့ချေ။ ဖြစ်နိုး ဟုတ်နိုး သွားရှာလာရင်းမှ ရေးတေးတေး မှတ်မိလာ၏။ သို့တောင်မှ ထိုလူကြီး ဘာစိတ် ကူးပေါက်လေသည်မသိ။ သူနှင့် အမဲပစ်သွားခဲ့ရာမှ ကန်ကျူ နီချောင်းနား အရောက်တွင်....

"ငါ မင်းကို သည်နေရာကနေ ခေါ်လာတာ"

လို့ ပြောလေသည်ကြောင့် သူမှတ်ထားလိုက်၏။ နောက်နေ့တွင် သူ ထိုနေရာသို့ ပြန်လာခဲ့၏။

ထိုနေရာလေးတွင် အတော်ကြာကြာ ထိုင်နေလိုက်၏။ သည်တော့ တဖြည်းဖြည်း ရေးရေးပေါ်လာသလို ဖြစ်ခဲ့၏။

"ဟာ...ဟုတ်ပြီ၊ ချောင်းနားမှာ အဘွားခွေခွေလေး အိပ်နေတာပဲ"

သို့ကြောင့် သူသည် ကပျာကသီ ချောင်းရေစပ်နားသွားလိုက်သည်။

"ဟင်"

အဘွားမရှိတော့ပါကလား။ မည်သို့ပင်ဆိုစေ သူကျေနပ်ခဲ့ရ၏။

တနေ့မဟုတ် တနေ့ အဘွားနှင့် တွေ့ရမည်ဟု မျှော်လင့်ထား ၏။ သို့ကြောင့် အခြေအနေပေးလျှင် ပေးသလို ထိုနေရာလေးသို့ လာခဲ့တော့ ၏။ အဖွားကိုမျှော်ခဲ့လေ၏။

သူ့စိတ်တွင် အဖွား ထိုပတ်ဝန်းကျင်တွင်သာ ရှိနေသည်ဟု ထင်နေမိ၏။

သို့သော စိတ်ထင်ခြင်း ဖြစ်၏။ အဖွားဖြစ်သူကို စိတ်မှာ တွေးဆကြည့်ရာ ရုပ်လုံးပင် ရေးတေးတေးသာ ရှိချေ၏။

သည်သို့ဖြင့် သူ ရက်တွေ တရွေ့ရွေ့ ကြာရှည်ခဲ့၏။

တွေ့နိုးတွေ့နိုးဖြင့် ကန်ကျူနီချောင်းတဝိုက် ရောက်ရောက်လာတတ်၏။ သို့ကြောင့်လည်း သားကောင်တွေ ရခဲခြင်း ဖြစ်လေ၏။ ကနေ့လည်း သူ ကန်ကျူးနီချောင်းနားတွင် ဝေ့ဝဲသွားလာမိ နေခြင်းကြောင့် နေစောင်း လုတိုင် သားကောင် မတွေ့ရခြင်း ဖြစ်၏။ တနေ့တာ အချိန်ကုန်လုချိန်တွင် ဂျီ(ချေ)ကောင်ကို တွေ့သော်လည်း မြားတန်းလန်းနှင့် ထွက်ပြေး လွတ်မြောက်သွားချေ၏။

သူမည်သို့ တတ်နိုင်ပါမည်နည်း။ ထိုသည်ကား ကံကြမ္မာချည်းပဲမဟုတ်။ သူ၏ ချို့ယွင်းချက်ကြောင့်လည်း ဖြစ်၏။

သူလုပ်ရမည်မှာ တနေ့တာ ထွက်လာခြင်းအတွက် ဦးစွာသားကောင်တကောင်ကို မတွေ့တွေ့အောင် ရှာပြီးလေမှ ကန်ကျူးနီချောင်းတဝိုက် သွားသင့်၏။အဖွားကို တွေ့နိုး တွေ့နိုးဆိုသည်မှာ မရေရာတဲ့ ကိစ္စ မဟုတ်ပါကလား။

သူ့ပတ်ဝန်းကျင်မှာ လူတွေရှိနေလျှင်....မိတ်ဆွေ သူငယ်ချင်းတွေရှိနေလျှင် သူ့ကို အရူးတစ်ယောက်လို သတ်မှတ်ကြပေလိမ့်မည်။

တကယ်တော့ သူ့ဘဝသည် မထူးဆန်းသလိုနှင့် ဆန်းဆန်းပြားပြား ဖြစ်နေ၏။ သူ လူရယ်လို့ ဖြစ်လာပြီး သိတတ်စအရွယ်တွင် အဘွားဖြစ်သူနှင့်သာလျှင် လက်ပွန်းတတီး နေရ၏။ အဘွားထံမှ မေတ္တာတွေ ကရုဏာတွေ ရခဲ့၏။ အဘွားလုပ်သည်သာ အားကိုးစရာ၊ အဘွား သည်သာ အားကျစရာ၊ မွေးသဖခင် မိခင်တောင်မှ သူ ကောင်းကောင်း သိခဲ့ရခြင်း မရှိ။ သို့ဆိုသလို အဘွားနှင့် ရင်အုပ် မကွဲဘရှိခဲ့ရာမှ အဖေဆိုသည့်လူကြီးနှင့် နေခဲ့ရ၏။

အဘွားနှင့်တော့ တခြားစီရယ်။

ဆက်ဆံပုံ ခက်ထန်လိုက်တာ၊ ကြမ်းတမ်းလိုက်တာ။

ထိုအဖေဆိုသည့် လူကြီးနှင့် နေခဲ့ရသည့်တလျှောက် ယခု

တိုင် စိတ်ချမ်းသာခြင်းဆိုတာ မရှိခဲ့ချေ။

သူ့ကို လူလားမြောက်အောင် ကျွေးမွေးခဲ့သည်ဆိုပေမင့် သူ သိရသလောက် သူ့အားသူကိုးခဲ့တာ များချေ၏။ ရံခါဆိုသလို ထို အဖေ ဆိုသူအပါးမှ ပြေးထွက်ချင်၏။ သို့ပေမင့် သူ ဘယ်ကို သွားမလဲ၊ ဘယ် သူ့ ဆီသွားမလဲ၊ အဘွားကို သူ ဘယ်မှာသွားရှာရမလဲ၊ ဘယ်သို့ပင် ဆိုစေ သူ့အသိတွင် ရေးရေးမျှ ရှိခဲ့သည့် အဘွားကိုတော့ဖြင့် အား ကိုးလိုလှချေ၏။ ပြန်ဆုံလိုလှချေ၏။

အဘွားသည် အိပ်မက်ထဲ ဒဏ္ဍာရီထဲက မိန်းမကြီးတ ယောက် အဖြစ်သာ သတ်မှတ်ခဲ့ရ၏။

ဟော...တလောက သူ့ကို အဖေဆိုသူက အဘွားရဲ့ ပုံရိပ် ပြန်ဖော်ပေးခဲ့၏။

ကန်ကျုံးနီချောင်းဘက် ရောက်ခဲ့စဉ်...

"ဒါ...မင်းနဲ့ ငါ စဆုံခဲ့တဲ့ နေရာ" ဟု ပြောခဲ့သည်နှင့် သူ့အသိ တွင် အဘွားဆိုတာ ပြန်ပေါ်လာ၏။ အဘွား၏ ပုံရိပ်ကို သူ ကြုံးစား စဉ်းစားလိုက်၏။

မှတ်မိချေပြီ။ ချောင်းရေစပ်တွင် ခွေခွေလေး လဲနေသော အဘွားကို ပြန်မြင်ယောင်လာ၏။

အဖေဆိုသည့် ထိုလူကြီးကိုလည်း ပြန်သတိရလိုက်၏။

ထိုလူကြီးသည် အဘွားကို ထားရစ်ကာ သူ့ကိုခေါ်လာခဲ့၏။ ဟုတ်ပြီ သည်လောက်မှတ်မိလျှင် အဘွားကို ပြန်ရပ်လုံးဖော်ဖို့ မခက် ချေတော့ပြီ။ သို့ကြောင့် ထိုနေရာလေးသို့သာ သွားနေရ၏။

သို့ကြောင့်လည်း ထိုအဖေဆိုသောလူကြီး သူ့ကို နှိပ်စက် လေသည့်နေ့များတွင် ထိုနေရာလေးသို့ မဖြစ်မနေ သွားခဲ့တော့၏။

တကယ်တော့ အဘွားကို ပြန်တွေ့ချင်၏။ အားကိုးလို၏။ အဘွားနဲ့တွေ့လျှင် သူ လိုက်သွားတော့မည်။ ထိုအဖေဆိုသော လူကြီး

ထံ ပြန်မသွား၊ ဘာ့ပြီ။

သို့ သူဆုံးဖြတ်ထားသော်ငြား အကောင်အထည် ဖော်ရသည်ကို မရှိပါချေ။ သို့ကြောင့် သူသည် နောက်ဆုံး ထိုအဖေဆိုသော လူကြီးထံသို့ပင် ပြန်သွားရချေတော့၏။

မြားတစ်စင်း ဆုံးရှုံး၍ သားကောင်မရခဲ့လေခြင်းကြောင့် သူခံရမည့်အပြစ်ဒဏ်ကို ကြိတ်မှိတ်ခံရပေဦးမည်။

အဖေဆိုသည့် ထိုလူကြီးသည် သူ့ ဥပဒေကြီးကို ပြုပြင်ခြင်း အလျဉ်းမရှိချေ။

ထုံးစံအတိုင်း သူ့ ကျောပြင် အရိုးထင်လေရပြန်၏။

ချမ်းအေးခြင်းနှင့် ဆာဝလောင်မွတ်သိပ်ခြင်း ဒဏ်ခံရပြန်၏။

နောက်နေ့မနက်တွင် သူ စမ်းချောင်းရေကို တဝသောက်၍ ထွက်ခဲ့ရပြန်၏။

"တောစောင့်နတ်ကြီးရယ်၊ ကျွန်တော့်ကို သနားပါ။ ချိုကျိုး နားရွက်ပဲ့တကောင်ပေးပါ"

သို့ သူတိုင်တည်ခဲ့ရတော့၏။

တောချွေးတအုပ်ကြားမှ ဒဏ်ရာဒဏ်ချက်များစွာဖြင့် ပြေးလွတ်သွားသော ဂျို(ချေ)ဖိုကြီးတကောင်ကို လွယ်လင့်တကူ ပစ်ခတ်ရလိုက်လေ၏။

စောစောစီးစီး စခန်းတဲနှင့် မဝေးလောက်သော နေရာမှရလိုက် သည်ကြောင့် စခန်းသို့ ပြန်ခဲ့ကာ အသားဖျက် ချက်ပြုတ်စားလိုက်၏။ နေ့ဖို့ ညစာ အလို့ငှာ မီးကင်ထားလိုက်၏။

သို့ဆိုတော့ သူ နှစ်ရက် သုံးရက်တော့ဖြင့် နားနေလို့ ရချေပြီ။ အဖေဆိုသော ထိုလူကြီး၏ အဆိုးထဲမှ အကောင်းလေးတခုပြောရပေမည်။ ထိုအချိန်မျိုးတွင် သူ လွတ်လပ်စွာ နေခွင့်ရလေ၏။

သည်တော့ သူ ကနက်ကျုံ့နီချောင်းဘက်သို့သာ ထွက်ခဲ့

တော့၏။ သို့ အခွင့်အရေးရသည့်အချိန်လေးတွင် သူအဘွားကို သူ သွားရှာရပေဦးမည်။

သည်သို့ဖြင့် သူ ရေးရေးမှတ်မိသလောက် အဘွားလဲကျနေသည့် ချောင်းရေစပ်သို့ ရောက်လာခဲ့၏။

အလိုလေးဗျာ...အဖွား...အဖွား....အဖွား ရှိနေပါကလား။ ခွေခွေလေး ဖြစ်၏။ သူ သိပ်ဝမ်းသာသွားလေ၏။

သူ သည်ကနေ့ သူ့ နာမည်နှင့်လိုက်အောင် "ကံကောင်း" ဆိုသည့်အတိုင်း ကံကောင်းနေပါကလား။

ကြည့်လေ...မနေ့က တနေကုန် သားကောင် မတွေ့ခဲ့။ တကောင် ရှားရှားပါးပါး တွေ့ပြန်တော့လဲ ပစ်ခွင့်ရခဲ့ပေမင့် ထိမှန်ခဲ့သော်လည်းချက်ကောင်း မမှန်ခဲ့လေခြင်းကြောင့် လက်လွှတ်ဆုံးရှုံးခဲ့ရသဖြင့် သူ့အပြစ်ပေးခံရပြန်၏။

ကနေ့ကျတော့ မထင်မှတ်ဘဲ ဂျီ(ချေ)ဖိုကြီး တကောင်ရလိုက် ၏။ အဖွားကို လာရှာပြန်တော့လဲ အဖွားကို တွေ့ရပြန်တော့၏။ သို့ ကြောင့် သူသည် ခွေခွေလေးလဲနေသော အဖွားထံ ပြေးသွားလိုက်၏။

"ဟာင်"

လူတယောက် ဖြစ်နေပေမင့် သူ့အဖွားတော့ဖြင့် မဟုတ်ပါချေ။ ဆံပင်ရှည် ဖါးလျားနှင့် ဖြစ်ချေ၏။

မျက်နှာတွင် ဒဏ်ရာဒဏ်ချက်များကြောင့် သွေးအလိမ်းလိမ်း ဖြစ်နေ၏။ ရင်ဘတ်နှင့် လက်တို့သည်လည်း ဒဏ်ရာများရှိနေ ပြန်သေး၏။ သွေးတို့ယိုစီးကျနေသေး၏။

"အိး....အား...အင်း....အိး"

နာကျင်လွန်းသည်ကြောင့် ညည်းညူနေ၏။ ဘယ်လိုဖြစ်တာ ပါလိမ့်။ "ဘာဖြစ်တာလဲ" သူမေးလို့လည်း ပြောနိုင်လိမ့်မည်

မဟုတ်။ သို့ဖြင့် ထွေးပိုက်လို့သာ ထားပြီး ပတ်ဝန်းကျင်ကို ဝေ့ဝိုက်ကြည့်လိုက် ၏။ တိတ်ဆိတ်ငြိမ်သက်လို့နေ၏။ သူ ထိုသူ့ကို ထမ်းပိုး၍ စခန်းသို့ ခေါ်သွား ရန် စဉ်းစားလိုက်၏။

အဖေဆိုသည့် လူကြီးကတော့ ဘာလုပ်ရမည် သိပေလိမ့်မည်။ သူကတော့ ဘာလုပ်ရမည် မသိ။

သို့ရှိစဉ်....

"နော်....ဝေ....ဝေ" လို့ ထူးဆန်းသောအသံတသံကို ကြားလိုက်ရသဖြင့် ကပျာကသီ နောက်သို့ လှည့်ကြည့်လိုက်၏။

"ဟင်"

လူတယောက်ပါကလား။သူ့လို ဆံပင်ရှည်ရှည်တော့မဟုတ်၊ တိုနံ့နံ့ ဆံပင်ငုတ်တိုလေးတွေကြောင့် ကတုံးနှင့်ရယ်လို့လဲ ပြောလို့ရလိမ့်မည် မဟုတ်။

ဝတ်စားထားပုံကလည်း သူလှမ်းတွေ့နေကျ ဝါးခုတ် သစ်ခုတ်သမားတွေလို မဟုတ်။

ဒဏ်ရာရ လူကြီးကို ပွေ့ထားလျက် ထိုလူဆန်းကြီးကို ကြည့်နေသည်။

သူ့နားရောက်လာသည်တွင် ထိုလူဆန်းသည် ဒဏ်ရာနှင့်လူကို စိတ်မကောင်းစွာ ကြည့်လိုက်လေပြီး....

"ဝံကောင်လက်ချက်မိသွားရတာကိုး" လို့ တီးတိုး ပြောလာလေသဖြင့် သူလည်း သူ့ရင်ခွင်တွင်းမှ လူ ဘယ်လိုဖြစ်ရလေသည်ကို သိလိုက်ရတော့၏။

"ကောင်လေး၊ သူ့ကို ဘရသေ့ ကျောင်းသခ်န်းဆီ ပွေ့လာပေးစမ်းပါ"

သို့ကြောင့် ထိုဒဏ်ရာနှင့်လူကို ပွေ့မ၍ လူဆန်းကြီးခေါ်ဆောင်ရာ နောက်လိုက်သွားချေတော့၏။

တမြောင်ဝင် တမြောင်တက်၊ တမြောင်ဆင်း တမြောင်ထွက် ဖြင့် လိုက်သွားခဲ့ရာမှ ဝါးတောလေးတခုသို့ ရောက်လာလေ၏။

ထိုဝါးတောလေးကို သူခုမှ ရောက်ဖူးခြင်း ဖြစ်တော့၏။ ထိုဝါးတောလေးအတွင်းရှိ ဝါးတဲလေးတခုသို့ ရောက်သည်တွင် သူ ထိုသူ့ကို ပွေ့ချီစရာ မလိုတော့ချေ။

"ကောင်လေး ငါ့ကို ကူညီပါ"

သို့ဆိုတော့ သူ ထိုလူဆန်းကြီးနှင့် သဟဇာတ ဖြစ်သွားတော့၏။ ထိုလူဆန်းကြီး ခိုင်းတာ လုပ်ပေး၏။ သို့ဆိုတော့ ဝံကိုက်ကုတ်ခံရသော လူကြီး ကံကောင်းသည်ဟု ပြောရပေမည်။

ယိုစီးသောသွေးတို့ မရှိကြတော့ချေ။ ဆေးမြစ်ဆေးဥတွေ ယုထောင်းကြိတ်၍ အုံကာ စည်းနှောင်သိပ်ထည့်ခဲ့ရခြင်းကြောင့် နာကျင်မှု ဝေဒနာ သက်သာသွားဟန်တူ၏။

ညည်းညူခြင်း အလျဉ်းမရှိလေတော့။ အိပ်ပျော်သွားပုံရချေ၏။

သည်တော့မှ လူဆန်းကြီးက....

"ကောင်လေးက မုဆိုးလား၊ ဘယ်မှာနေလဲ" လို့ ပြောလာလေ သဖြင့် သူအံ့ဩမိသေးတော့၏။

ကြည့်စမ်း၊ သူ့အဖေပါဆိုသည့် လူကြီးပြောပုံ ဆိုပုံနှင့် တခြားစီပါကလား။ ပျော့ပျောင်းငြင်သာလိုက်တာ။

"ဟုတ်ပါတယ်....မြောင်ဖျားမှာ အဖေနဲ့နေတာပါ"

သို့ သူက ပြောလိုက်လေပြီး တဆက်တည်းဆိုသလို ဒဏ်ရာရလူကြီးကို ကြည့်လိုက်ပြီး....

"သူဘယ်သူလဲ၊ ခင်ဗျားသားလား" ဟု မေးလိုက်သည်တွင် ထိုလူဆန်းကြီးသည် သူ့ကို ထူးခြားသော သတ္တဝါတကောင်လို ကြည့်လိုက်ပြီး....

"ဘရသေ့လို့ ခေါ် ပြောပါ၊ ခင်ဗျားဆိုတာ မပြောရဘူး၊ ဘာလို့လဲဆိုတော့ ဘရသေ့က လူမဟုတ်လို့ဘဲ" ပြောသည်ဖြင့် အံ့အားသင့်သွားတော့၏။

"ဗျာ"

"ကောင်လေး ကြည့်ရတာ လူတွေနဲ့ အနေနည်း အထိအတွေ့နည်းတယ် ထင်ပါရဲ့ ဟုတ်လား"

သို့ မေးလာပြန်သဖြင့် သူသည် စစ်ဆေးမေးမြန်းခြင်း မရှိသော်လည်း သူ့အကြောင်းကို အိတ်သွန် ဖာမှောက်ပြောလိုက်လေတော့၏။

"ဟော"

ဘရသေ့ ဆိုသောလူကြီးသည် သူ့ကို ဂရုဏာသက်စွာ ကြည့်နေ လေပြီး...

"ဟုတ်ပြီ၊ ဘရသေ့ သဘောပေါက်ပြီ" ဆိုလျက် ဒဏ်ရာဖြင့် မှိန်းနေသော လူကြီးကို စေ့စေ့ကြည့်လိုက်လေကာ...

"သူကံကောင်းတဲ့ နိမိတ်တော့ ရနေပြီ၊ နို့ပေမင့် သူ့ ကံကြမ္မာ အကြောင်းက ဘယ်လို အခြေအနေရှိနေတယ်ဆိုတာကိုတော့ဖြင့် ဘရသေ့ မသိရသေးဘူး" လို့ ပြောလေ၏။

သူ ဘာကို နားလည်ရမှန်းလည်း မသိပါတော့ချေ။ သို့ကြောင့် သူ မျက်လုံးအပြူးသားနှင့် ဘရသေ့ဆိုသူကြီးကို စိုက်ကြည့်နေမိတော့၏။ သည်တွင် ဘရသေ့ဆိုသူသည် သူ့ကို ပြုံး၍ ကြည့်လေပြီး...

"လှောင်အိမ်ထဲက ငှက်တကောင် လွတ်မြောက်သွားတော့မယ်။ နို့ပေမင့်လို့ အဲဒီငှက်ကလေးရဲ့ ကံကြမ္မာကလည်း ဆိုးမယ် ကောင်းမယ် ဆိုတာ မပြောနိုင်သေးဘူးကွဲ့" လို့ ပြောလာပြန်၏။

သူ ဘာမှ နားမလည် ဖြစ်ရပြန်၏။

"ကောင်လေး အခု ဘယ်ပြန်မလဲ"

သို့ ဘရသေ့ဆိုသော လူကြီးမေးလာလေမှ သူ့အဖေဆိုသော လူကြီးကို သတိရလိုက်တော့၏။

အလိုလေးဗျာ၊ အချိန်မနည်းတော့ပါကလား။ ခုမှ သတိရတော့၏။ သူပြန်ရပေမည်။ သို့ကြောင့်....

"ကျွန်တော် အဖေ့ဆီပြန်မယ်" ဆိုလျက် နေရာမှ ထထိုင်သည်တွင်....

"အဖေ့ဆီ ပြန်မယ်ဆိုလျှင်ဖြင့် သည်မှာပဲ ထိုင်နေလေ၊ ဘယ်သွားမလို့လဲ"

လို့ မေးလာသဖြင့်....

"ဟုတ်တယ်လေ၊ အဖေ့ဆီပြန်မှာဆိုတော့ အဖေရှိတဲ့ မရမ်းမြောင် ပြန်ရမှာပေါ့"

လို့ ပြောလိုက်သည်တွင် ဘရသေ့ဆိုသောလူကြီးက ပြုံး၍ အတန်ကြာမျှ နေလိုက်လေပြီး....

"အဲဒီအဖေက မွေးစားအဖေလေ၊ မင်းအဖေရင်းက သူပေပဲပေါ့"

"ဗျာ"

သူလွန်မင်းစွာ အံ့ဩမိတော့၏။ သူ နားမလည်သေးချေ။ သို့ကြောင့် "နို့ဖြင့် အဖွားကော ဘယ်မှာလဲ" လို့ မေးလိုက်၏။

"အင်း ဘရသေ့ ကောင်လေးကို နားလည်အောင် ပြောရမယ်ဆိုလျှင်ဖြင့် အချိန်ယူမှ ဖြစ်တော့မယ်၊ သည်တော့ ဒီလိုလုပ်၊ ကောင်လေး မပြန်ဘဲ ဒီမှာပဲ နေတော့"

သို့ ပြောလာသဖြင့် သူ ထိတ်လန့်တုန်လှုပ်သွားတော့၏။ သူ့အဖေဆိုသည့် လူကြီး၏ မျက်နှာကို မြင်ယောင်မိသည်နှင့် သူ့ကို ရိုက်နေကျ ကြိမ်လုံးကြီးကိုလည်း မြင်ယောင်လာ၏။ သူ့ကို ကြိုးနှင့် ပူးကပ်ချည်နှောင်ထားသည့် 'တရော်' ပင်ငယ်ကိုလည်း မြင်ယောင်မိ

၏။ မဖြစ်ချေပြီ။ သွားတော့မည့်ဟန် ပြင် လိုက် သည့်တွင်....

"ခုက္ခ တောထဲ ပြန်မသွားချင်ပါနဲ့တော့ ကောင်လေးရယ်၊ သည်က မင်းအဖေရင်းနဲ့သာ လိုက်သွား" ဆိုလေသည့်တွင် သူတွေဝေသွားပြန်၏။

သူ့အဖေရင်းဆိုပါကလား။ သူရေးတေးတေး သတိရသွားသည် မှာ သူ့အဖေပါဆိုသည့် လူကြီးက သူ့အဖေ မဟုတ်ဘူးဆိုတာ သိနေ သလို အဖွားနှင့် နေစဉ်က သူ့တွင် အဖေရှိသည်ဆိုသည်ကို သိခဲ့ဖူး၏။ အဖွားပြောခဲ့တဲ့ သူ့အဖေဆိုတာ သည်လူကြီးပေပဲပေါ့"

သူ ဘာလုပ်ရမည်မသိ။ တွေဝေနေတော့၏။

"ကဲ....ကောင်လေး ငှက်ပျောသီး စားလိုက်ဦး။ ကောင်လေး နားလည်အောင် ဘရသေ့ ဂဃနဏ ပြောပြမယ် ဟုတ်လား"

"မြန်မြန်ပြောပါ၊ အပြန်နောက်ကျလို့ အဖေက ရိုက်ဦးမယ်၊ အငေါ်ထားဦးမယ်"

"ကောင်းပြီလေ၊ ကောင်လေးနားထောင်၊ ပြီးလျှင်တော့ ကောင်လေး သဘောပဲပေါ့"

"ဟုတ်"

လို့ သူပြောလိုက်လေပြီ၊ ဘရသေ့ဆိုသူ ကမ်းပေးလာသော ငှက်ပျောသီးတစီးကို လှမ်းယူ၍ အမော်မရ အစွံ့အွာစားလိုက်လေ တော့၏။

ဆာနေလို့လား မသိ၊ စားကောင်းလိုက်တာ။

ပါးစပ်တွင် မျိုမြကာ ရင်တွင်၊ အေးသွားတော့၏။

"စားကောင်းလား"

"အင်း"

"ကောင်းမှာပေါ့။ ကောင်လေး စားခဲ့သမျှ အစာတွေက မသ ထာ ရေစာတွေလေ၊ သစ္စဝါလေးတွေရဲ့ အသက်ကို သတ်ဖြတ်

ခဲ့ရတာတွေ၊ မျက်ရည်ကြီးငယ် ပေါက်ပေါက်ကျအောင် ငိုကြွေးပြီးမှ စားရတာတွေ၊ ဘယ် ကောင်းပါ့မလဲ၊ မှ ကောင်လေး စားလိုက်ရတဲ့ ငှက်ပျောသီးက တောင်ယာ လုပ်ကိုင်စားတဲ့ လူတွေက ဘရသေ့ကို သဒ္ဓါတရားထက်သန်ပြီး လှူဒါန်း ထားတာလေ၊ အင်မတန် စားကောင်း မှာပေါ့၊ ဘရသေ့ကလည်း ကောင်လေးကို ရင်တွင်း အပူတွေ ငြိမ်းသွား လာအောင် ကျွေးတာလေ"

ဘရသေ့ဆိုသူပြောမှ သူသတိထားမိ၏။ ဟုတ်ပါ၏။ သူစားခဲ့ သမျှသည် ယခု ဘရသေ့ဆိုသူ ကျွေးခဲ့သော ငှက်ပျောသီးလောက် စားမကောင်းသည်ကို သတိပြုမိတော့၏။

သို့ စဉ်းစားမိသည်ကြောင့် သူ ပီတိဖြာသွားရတော့၏။ ဘရ သေ့ဆိုသောလူဆန်းကြီးကိုလည်း မော့ကြည့်ပြုံးပြမိတော့၏။

ဘရသေ့ဆိုသော လူဆန်းကြီးကလည်း သူ့ကို နှစ်လိုဖွယ် ပြုံးပြလာတော့၏။

ဘာကြောင့်ရယ်မသိ။ သူ ထိုအပြုံးကို ကျေနပ်နေမိတော့၏။ သို့အပြုံးမျိုး....သူ့အဖေဆိုသော လူကြီးထံတွင် လုံးဝမရှိသည်ကို တွေးလိုက်မိပြန်သဖြင့် ကြိတ်ရှုံ့ပြုံး ပြုံးလိုက်မိတော့၏။

တသက်လုံး ပြုံးတတ်လိမ့်မည်လည်း မထင်။ သူ့ကို ပြုံးပြ လိမ့်လည်းမဟုတ်။

"အင်း....အီး....အင်း....အဲလ်....အင်း"

သို့ရှိစဉ် ဒဏ်ရာရလူကြီးသည် ညည်းညည်းငြူငြူ လှုပ်ရှား လာ သည်ကြောင့် ဘရသေ့ဆိုသူသည် ထိုဒဏ်ရာရလူကြီး၏ လက် ကောက်ဝတ် ကို ကိုင်၍ သွေးခုန်နှုန်းကို စမ်းလိုက်လေပြီး....

"အင်း ဖြစ်နိုင်လျှင် သူ့ကို ဆေးရုံဆေးပေးခန်း ခေါ်သွားနိုင် လျှင် ပိုကောင်းတာပေါ့" လို့ ပြောလေ၏။

သည်တွင် သူ့အဖေဆိုသော အသိက သူ့တွင် ရှိလေသည်

ကြောင့်....

"ကျွန်တော်ခေါ်သွားချင်ပါတယ်။ နို့ပေမင့်လို့ မသွားတတ် မလာတတ်ဘူးလေ" လို့ ပြောလိုက်သည့်တွင် ဘရသေ့ဆိုသူ လူကြီး က သူ့ကို ပြုံး၍ ကြည့်လာချေပြီး....

"ဘရသေ့ လူကြုံနဲ့ ထည့်ပေးပါ့မယ်၊ ညဥ့်နေစောင်းလျှင်ဖြင့် ဟောဟိုကပေတရာ ကားလမ်းမကြီးကနေ ရွာပြန်လူညီးတွေ လာ တတ် တယ်၊ ကောင်လေးလိုက်သွားချေ၊ ဒါ ကောင်လေး အဖေပဲ၊ ဘရသေ့ သိ သလောက် ပြောပြမယ်" လို့ ပြောလာလေတော့၏။

သို့ကြောင့် သူသည် ဘာတွေပြောလာလေမည်နည်း။ သိလို ဇော ဖြင့် ရှေ့သို့ တိုးကပ်ကာ နားစိုက်ထားလိုက်တော့၏။

* * *

မီးလောင်ကုန်းရွာသား ဖိုးကြည်ခင်သည် ကြားလိုက်ရသော စကားကြောင့် သောက်ထားသော ထန်းရည် အမူးသည်ပင် ဘယ်လို လွင့်ပြယ် သွားလေသည် မသိ။ ထန်းရည်ဆိုင်မှ အိမ်သို့ ဒုံးပြေးပြန်ခဲ့ တော့၏။

"ငါတောထဲ လိုက်သွားပါဦးမယ်၊ မျက်မြင် ကိုယ်တွေ့ဆို လျှင်ဖြင့် ငါလက်ခံပါတယ်၊ မဖြစ်နိုင်ဖို့ များပါတယ်၊ ကန်ကျူနီ တဝိုက် မှာ ကျားရှိတယ်ဆိုတာ မဖြစ်နိုင်ပါဘူး၊ အမြိတမ်း ဝါးခုတ်၊ သစ်ခုတ် လူမပြတ် ရှိနေတာပဲ"

သို့ဆိုသလို ဖိုးကြည်ခင် ဇနီးသည် မယ်တင်ကို နှစ်သိမ့် စကား ပြောခဲ့လေသည်။ လွန်ခဲ့သော တလခန့်က "ဆပုဂံရွာသား" မှဆိုးထွန်းကြိုင် ကျားတကောင်ပစ်လိုက်တာမှာ ဒဏ်ရာနှင့် ပြေးထွက် သွားသော ကျားနာကောင် ထိုဝန်းကျင်တဝိုက် လှည့်လည်ကျက် စားနေသည်ဟု သိရ၏။ ဖြစ်နိုင်ချေတော့များ၏။ ပိုသေချာအောင်

သူကြီးနှင့်အတူ လိုက်ပါခဲ့ခြင်း ဖြစ်တော့၏။ ဖိုးကြည်ခင်၏ ယောက္ခမများဖြစ်ကြသော ဖိုးလှကြည်နှင့် မယ်မျှင် ပန်းပုပ်ကြီးစခန်းသို့ သွားကြသည်တွင် လမ်း၌ ကျားကောင်နှင့် တွေ့၍ နွားနှစ်ကောင်ရော ဖိုးလှကြည်ရော ကျားစားခံရလေပြီး မယ်မျှင်နှင့် မြေးဖြစ်သူ ပျောက်နေသည်ဟု သိရ၏။

သို့သတင်းဆိုးကို သူလက်မခံချင်ဘဲ လက်ခံရတော့၏။ ဘယ်အတွက်မှ ယောက္ခမဖြစ်သူ ဖိုးလှကြည်အလောင်း သူ့အိမ်တွင် ရောက်နေသည်ကို။ သူ သို့ထက်ပိုပူရသည်မှာ သားလေး ဖိုးထောင်ကြောင့်ဖြစ်၏။ ယောက္ခမဖြစ်သူ မယ်မျှင်နှင့်လည်း သားလေး ပျောက်နေ၏။ အလောင်း မတွေ့လေသည်ကြောင့် သေပြီဟုလည်း ပြောမရ၊ သို့ကြောင့် တောနင်းသွားရှာကြလေသည်။

သည်သို့ဖြင့် သူကြီးအပါအဝင် သူတို့သည် အခင်းဖြစ်ရာ ကန်ကျုံနီချောင်းတဝိုက် လူအင်အားကောင်းကောင်းနှင့် ရှာကြလေ၏။ သို့ ရှာကြသည်ဆိုရာ၌ လူသားစား မိသွားသော ကျားနာကောင်၏ ရန်ကို လည်း ရှောင်ရသေး၏။ မဆိုးလည်း ဖြစ်သည့်ပြင် ပြည့်သူ့စစ်ခေါင်းဆောင် ကိုလှကြည် လိုက်ပါခဲ့၍ တော်သေးတော့၏။

တညလုံး တောနင်းရှာကြသော်လည်း မတွေ့၊ မှောင်လုတွင် ရှာဖွေသူ လူတစု ငိုက်မြည်းလာကြသည်ကြောင့် ကန်ကျုံနီချောင်း ကမ်းစပ်ပေါ်တွင် ခဏတဖြုတ် နားနေလှဲနေကြခြင်း ဖြစ်ကြတော့၏။

ကိုကြည်ခင်က သားဇောနှင့် ဗလောင်ဆူပွက်နေသည်ကြောင့် နားနားနေနေ ခဏတဖြုတ် အိပ်လိုက်ဖို့ နေနေသာသာ အားရှိဖို့ပင် မှိန်းနေလိုက်ဖို့ပင် မဖြစ်နိုင်ချေ။ သူတို့ကို ထားခဲ့ပြီး တယောက်တည်း လိုက်ရှာချင်စိတ်ပင်ပေါက်ခဲ့သော်လည်း လမ်းတလျှောက် တွေ့ရသော ကျားခြေရာတို့ကြောင့် အားမလိုအားမရ ဖြစ်နေရတော့၏။

"အားလုံးလည်းပင်ပန်းနေပြီ၊ ခဏတဖြုတ် နားနေအိပ်လိုက်

ကြဦးစို့”

ရယ်လို့ အကြံပြုပြောလာသည့် သူကြီးကို မကျေမနပ် ကြည့်နေမိတော့၏။

အားလုံးက အိပ်ပျော်နေကြချေပြီ ဖြစ်၏။ သူသာလျှင် သားဖောနှင့် အိပ်မပျော်လေခြင်း ဖြစ်၏။

သို့ပေမင့် သူသည် မျက်ခွံများလေးလာခြင်းကို ဘယ်လိုမှ မတားဆီးနိုင် ။ယူဖွင့်သော်လည်း ဘယ်လိုမှ ဖွင့်မရ၊ နောက်ဆုံး ငိုက်မြည်းနေရာမှ လုံးလုံးလျားလျားကြီး အိပ်ပျော်သွားတော့၏။

မည်မျှကြာကြာသို့ သတိလစ် အိပ်ပျော်သွားခဲ့လေသည်မသိ။

“ဒိန်း”

ပြင်းထန်သော ယမ်းအားပေါက်ကွဲသံတခုကြောင့် ဆတ်ခနဲ လူးလွန့်နိုးလာရတော့၏။

သို့သေနတ်သံကြောင့် အားလုံးနိုးလာကြတော့၏။

မုဆိုးလှကြည် သားကောင်တွေ့၍ ပစ်လိုက်ပြီဟု ထင်ကြ၏။ ဘယ်ဟုတ်ပါ့မလဲ မုဆိုးလှကြည်သည်ပင် သူတို့နားတွင် ရှိနေ၏။ သူတို့နှင့် အတူနိုးလာခြင်း ဖြစ်၏။

သည်တွင် သူကြီးသည် သူ၏ နှစ်လုံးပြူးသေနတ်ကို ပခုံးထက်ထမ်းလိုက်လေပြီ။

“ငါတို့ အဲဒီဘက် သွားကြမယ်” ဆိုလျက် ရှေ့မှ ဦးဆောင်သွားလေတော့သဖြင့် အဖွဲ့သားအားလုံး သူကြီးနောက် လိုက်သွားကြတော့၏။

သေနတ်သံကြားလိုက်ရသောနေရာသည် မည်သို့မျှ ဝေးလိမ့်မည် မထင်ရပေမယ့် တကယ်တမ်းလိုက်သွားသောအခါတွင် ရှေ့မှ ဦးဆောင်သော သူကြီးလမ်းမကျွမ်းကျင်မှုကြောင့် တစ်နာရီ နီးပါး အချိန် ကုန်လောက် ခရီးလျှောက်ခဲ့ပြီးမှ သေနတ်သံကြားရသည့်

နေရာသို့ ရောက်လာကြတော့၏။

"ဟင်"

ပျောက်နေသော မြေးအဖွားမှ အဖွားဖြစ်သူ မယ်မျှင်ကို တွေ့လိုက်ကြသည့်တွင် တုန်လှုပ်ခြောက်ခြားသွားကြတော့၏။

မယ်မျှင့်တယောက် ကန်ကျုံ့နီချောင်းရေစပ်တွင် ခွေခွေလေးလဲကျသေဆုံးနေလေ၏။

ထင်ထားသည်မှာ မယ်မျှင်တယောက် ကျားကောင် လက်ချက်ဖြင့် သေရလေခြင်းဟု ဖြစ်ငြား၊ မယ်မျှင်သေရခြင်းသည် သေနတ်မှန်၍ သေရခြင်း ဖြစ်တော့၏။

ဘယ်လို ဖြစ်ရတာပါလိမ့်။

သို့ အားလုံးမသိနိုင်ကြသည့်အဖြေကို မုဆိုးလှကြည်က ပြောပြခဲ့လေသည်။

ချောင်းရေစပ်တွင် ရေခပ်နေသည့် သို့မဟုတ် ရေသောက်နေသည့် မယ်မျှင်ကို မုဆိုးတယောက်က မျက်စိမှောက်ပြီး သားကောင်ထင်၍ ပစ်လိုက်ခြင်း ဖြစ်နိုင်၏။

နို့ဖြင့် သူ့သား ဖိုးထောင်ကော ဘယ်မလဲ။

ထိုသည်ကို မုဆိုးလှကြည်ပြောနိုင်သည်က ထိုနေရာတဝိုက်ရှိ ခြေရာလက်ရာကိုကြည့်၍ ပြောလေသည်မှာ...

ဖိုးထောင်လေးသည် အခင်းမဖြစ်မီ အချိန်က သူ့အဖွားဖြစ်သူနားတွင် ရှိနေနိုင်၏။ သို့မဟုတ် ခပ်လှမ်းလှမ်းတွင်ရှိနေနိုင်၏။

မုဆိုးသည် သူပစ်လိုက်သည်မှာ သားကောင်မဟုတ်မှန်း အနားရောက်မှသိလေသည်တွင် ထွက်ပြေးသွားပုံရ၏။

ဖိုးထောင်လေးသည် အဖွားဖြစ်သူ သေဆုံးသည့်နားတွင် အချိန်အတန်ကြာကြာ ရှိနေပုံပေါ်၏။ သည်နောက် ဘယ်ထွက်သွားလေသည် မသိ။ မုဆိုးသည်ပင် ကလေးကိုခေါ်သွား အစဖျောက် လိုက်

လေသလား မသိ။

သို့မှုဆိုးလှကြည်၏ ဖြစ်နိုင်ချေ ပြောစကားကြောင့် ဖိုးကြည်ခင်တယောက် ပို၍ စိုးရိမ်ရသေးတော့၏။

သူတို့သည် ဖိုးထောင်ကို လိုက်ရှာပြန်၏။ မည်သို့မျှ ရှာမတွေ့သည့်အဆုံး ရွာသို့ပြန်ခဲ့ကြတော့၏။

ဖိုးကြည်ခင်တယောက် ရွာပြန်ရောက်သည်တွင် ပဋ္ဌာဝမြေလူးကိန်း ဖြစ်ရချေတော့၏။

အဖေလည်းသေ၊ အမေလည်းသေ၊ ပြီးတော့ တဦးတည်းသောသားဖြစ်သူလည်း ပျောက်ချင်းမလှ ပျောက်နေခြင်းကြောင့် နှလုံးရောဂါ အခံရှိသူ မယ်တင်တယောက် ရင်ကွဲနာကျ ဆုံးပါးသွားရပြန်တော့၏။သည်တွင် ဖိုးကြည်ခင်တယောက် သားဖြစ်သူ တွေ့ရလေနိုးဖြင့် တောထဲပြန်ထွက်ခဲ့လေတော့၏။

"မဖြစ်နိုင်တဲ့ ကိစ္စလုပ်မနေပါနဲ့တော့၊ ဖိုးကြည်ခင်ရယ်၊ တရားနဲ့သာ ဖြေပါ"

သို့ သူကြီးက ပြောပါသေး၏။ သူဇွတ်ထွက်ခဲ့တော့၏။ အဝတ်တထည် ကိုယ်တခုအပြင် ဝါးခုတ်ဓါးမတချောင်းသာလျှင် သူနှင့်အတူ ပါလာလေ၏။

ကြုံသည့်နေရာတွင် အိပ်သည်။ ကြုံသလို ရှာဖွေစားခဲ့လေသည်။ နေပူတာ၊ မိုးရွာတာ၊ သူမသိ၊ သူ့တွင် သားဇောသာ ရှိနေချေ၏။

သူ့တွင် ခိုင်မာသော ဆုံးဖြတ်ချက် တခုတော့ ရှိ၏။

လူမမယ်ခလေးကို တွေ့အောင် ရှာမည်။ အသေတွေ့တွေ့ အရှင်တွေ့တွေ့။ သို့မှသာ စိတ်ဖြောင့်ပေရော့မည်။

အထီးကျန်တယောက်တည်းလည်းဖြစ်၊ သားဇောလည်းဖြစ်လေ သည်ကြောင့် သူ့ဘဝကို တောထဲတွင်သာ နှစ်မြုပ်ထားလိုက်တော့၏။

သည်သို့ဖြင့် နှစ်တွေအလီလီ ပြောင်းခဲ့၏။

ပျောက်သောသူရှာလျှင် တွေ့ဆိုသည် သူလက်စံယုံကြည်ထားခြင်းကြောင့် သူ အသက်ရှင်နေထိုင်ခဲ့၏။ သို့ပေမင့် သွေးနှင့်ကိုယ်သားနှင့် ကိုယ်ဖြစ်လေသည်ကြောင့် ရုပ်နာမ်ဓါတ်ဆိုသလို နာမကျန်း ဖြစ်ခဲ့၏။ တောတောင်ထဲဆိုတော့ ဆေးမြီးတိုဖြင့်သာ ပြီးခဲ့ရ၏။

သည်တော့ အကင်းပျောက်ခြင်း အရှင်းပျောက်ခြင်း မရှိချေ။

ခန္ဓာကိုယ်ပေါ်တွင် ဖြစ်ခဲ့သည့် ထိခိုက်ဒဏ်ရာရခြင်းသည် အချိန်တို့နှင့် ပျောက်ကင်းသည် ရှိသလို အတော်ကြာကြာ နှစ်ရှည်လများ တနှံ့နှံ့ စံစားပြီးမှ ပျောက်ကင်းခြင်းလည်း ရှိချေ၏။

သို့ပေမင့် ပူပင် သောကကြောင့် ဖြစ်လာသည့် စိတ်ဝေဒနာကတော့မှ တစတစ ကြီးထွားလာတော့၏။

လုံးလုံးလျားလျားကြီး မဟုတ်သော်လည်း တချက်တချက်တော့ဖြင့် မှေ့ပေါက်လာတတ်၏။

သို့ဖြစ်လေလျှင် ဦးတည်ရာ ပြေးလွှားသွားတတ်၏။ စိတ်လွတ် ကိုယ်လွတ်ဖြစ်သွားချေတော့၏။

မြင်မြင်သမျှကို ထွဲရမ်းပစ်တတ်၏။

သည်သို့ဖြင့် ဖိုးကြည်စင်သည် လေလွင့်ရိုးသည်လို့ပင် ပြောရလေမလား။ ရသေ့ထံသို့ စိုက်စိုက်မြိုက်မြိုက် ရောက်လာတော့၏။ သည်တုန်းက အသိရှိ စိတ်မှုမှန် နေသေး၏။ သို့ကြောင့်လည်း သူ့ကြောင်းများကို ပြောပြနိုင်ခဲ့ခြင်း ဖြစ်လေသည်။

မှတ်မှတ်ရရ ရသေ့နှင့်နေစဉ် အချိန်ကာလများတွင်း နှစ်ကြိမ်မျှ စိတ်ဖောက်ပြန်စဉ် ဦးတည်ရာမယ် ပြေးထွက်သွားဖူး၏။ ပထမတခေါက်က တောင်ကြောပေါ်မှ အရှိန်လွန် လိမ့်ကျသွား၏။

ပွန်းပဲ့ဒဏ်ရာလောက်ဖြင့် ရသေ့ထံ ပြန်ရောက်ခဲ့ရ၏။

"ဘယ်လိုဖြစ်သွားမှန်းမသိဘူး ရသေ့ကြီးရယ် ခွင့်လွှတ်ပါ"သို့

တောင်းပန်ခဲ့လေ၏။

နောက်တစ်ကြိမ်မတော့ ရေအိုင်စပ်မှ ရေသောက်နေဒသာ တော ဝက်ကောင်ကို စိတ်ဖောက်ပြန်ကာ ပြေး၍ ဓါးဖြင့် ခုတ်လေ၏။

ရုတ်တရက်ဆိုတော့ တောဝက်ကောင်က ထိတ်လန့်တကြား ဖြေဦးတည့်ရာ ပြေးထွက်သွား၍ တော်ပေတော့သည်။

သည်တကြိမ်တော့ဖြင့် အုံဖွယ်ကောင်းသည်မှာ ညဘက်တွင် ထယောင်လေ၏။

"သား....သား...သား" လို့ အိပ်နေရင်းမှ အလန့်တကြား ထ အော်လေ၏။

ရသေ့ တရားထိုင်ပြီး၍စကြီလျှောက် မေတ္တာပို့နေသည် ကြောင့်..

"ဘာဖြစ်တာတုန်း"ဟု မေးလေ၏။

"ကျုပ်သူ့ကို ပြန်တွေ့ပြီ ရသေ့ကြီးရဲ့"

သို့ဆိုသလို ဝမ်းသာအားရ ပြောလေ၏။

"အိပ်မက်မက်နေတာ မဟုတ်ပေလား"

ရသေ့ မှုပါလက မေးလေ၏။

"ဟိုမယ်....ဟိုမယ်....ဟိုမယ်" ဆိုလျက် အဝေးတနေရာသို့ လှမ်းပြလေပြီး ရုတ်ခြည်းဆိုသလို အမှောင်ထုတွင်း ပြေးသွားတော့၏။

"အင်း...အပူမီးတွေ ကိုယ်တိုင်မွှေးနေကြပါကလား"

သို့ဆိုသလို ရသေ့မှုပါလ ရေရွတ်လိုက်လေတော့၏။ တ ကယ်တော့....

"ပုထုဇနော ဥမ္မတကော" ချည်းပါကလား။

လူတယောက် တမျိုးစီ ရူးသွပ်နေကြခြင်းပါကလား။

"ဟင်၊"

စင်္ကြံလျှောက် မေတ္တာပို့နေလေခြင်းကြောင့် ဗိုးကြည်စင်

နောက်ငှဲ့ လိုက်မသွားနိုင်၊ မလိုအပ်လို့လည်း ထင်ခဲ့၏။ သို့ပေမင့်....

မိုးစင်စင်လင်းသည့်တိုင် ကျောင်းသခ်ာန်းတဲသို့ ပြန်မရောက်လာသည်ကြောင့် ရသေ့ဓမ္မပါလ ပူရချေပြီ။ ရသေ့လည်း ဘာထူးလည်း သူ့အတွက်ပူရချေပြီ။

ကျောင်းသခ်ာန်းမှ ထွက်ကာလာခဲ့ရ၏။

ဖိုးကြည်ခင် ကံဆိုးလေသည့်ကြားမှ ကံကောင်းထောက်မစွာ ဝံကောင်၏ ကုတ်ချက်ဖြင့် အနာတရဖြစ်ကာ လဲကျနေတုန်း ဖိုးကံကောင်း ရောက်လာလေ၏။

ရသေ့သည်ပင် ရောက်လာပြန်ကာ ကျောင်းသခ်ာန်းသို့ ပြန်၍ခေါ်လာချေပြီ။ ဆေးဝါးကုသပေးလေ၏။

သို့ပေမင့် ဖိုးကြည်ခင် အတွက်လည်း စိတ်ချရ၊ ရသေ့အတွက်လည်း အဆင်ပြေလောက်သည့် ဆုံးဖြတ်ချက်ကို ချလိုက်၏။ ထိုသည်ကား ဖိုးကံကောင်းသည် ဖိုးကြည်ခင် ပျောက်ဆုံးနေသည့် သားပင် ဖြစ်ရချေမည်။ ဖိုးကံကောင်းကလည်း တစိတ်တဒေသ ပြောပြခဲ့သည် မဟုတ်ပါ ကလား။

ကံကြမ္မာတို့ ဆန်းကြယ်ပုံကိုကြည့်။ တိုက်တိုက်ဆိုင်ဆိုင် သားအဖနှစ်ယောက် လာဆုံကြချေပြီ။ စဉ်းစား၍ပင် ဖြစ်မလာလောက်သည့်ကိစ္စ တကယ်ပဲ ဖြစ်လာချေပြီ။

သည်တော့ ရသေ့ဓမ္မပါလ သို့ စီစဉ်လိုက်တော့၏။ သားအဖနှစ်ယောက်ကို လူ့အသိုင်းအဝိုင်းသို့ ပြန်ပို့ရပေတော့မည်။ လှည်းကြုံစောင့်၍ ပြောပြ။ လှူကြုံထည့်ပေးလိုက်မည်။ အနီးဆုံး ရွာသည် မိုးလောင် ကုန်း ဖြစ်၏။ မိုးလောင်ကုန်းရွာသူကြီး ဦးဇာမဏိသည် သူ၏ ဒကာတယောက်ဖြစ်ချေ၏။

အကူအညီအထောက်အပံ့ တောင်းခံလိုက်ရပေရော့မည်။

သို့ရသေ့ ဓမ္မပါလ ပြောပြလေသည်ကြောင့် ဖိုးကံကောင်း

တယောက် ဓာတ်ရည်လည် သွားရ၏။

သို့ကြောင့်လည်း အဖေဆိုသူ လူကြီးက မညှာမတာနိုင်း၊ ရက်ရက်စက်စက် ရိုက်နှက်တတ်လေခြင်းပေပဲ။

အဖေဆိုတာကို သူတွေ့ဖူးလေပြီ။ မြင်ဖူးလေပြီ။ ဆုံရလေပြီ။ သို့ပေမင့်....

အဖေသည် သူ့ကို သားရယ်လို့ မသိနိုင်သေးပါကလား။ ပြင်းထန်သော ဒဏ်ရာဖြင့် နာကြင်မှုတွေ ခံစားနေရ၏။ သို့ကြောင့် သူ့တွင် အသိမရှိနိုင်သေးပြီ။

ဖိုးကံကောင်းအနေဖြင့် လတ်တလော အဖေရယ်လို့ အသိအမှတ် ပြုပြီး လှူကြဲ့ဖြင့် ရွာသို့ လိုက်ရမည်။ အဖေ့ကို ဆေးဝါးကုသစေမည်။ ဒဏ်ရာများ ပျောက်ကင်းသက်သာလေလျှင် အံ့ဖွယ်ကောင်းစွာ ပြန်ဆုံ စည်းမိကြသော သူတို့အဖြစ်ကို ပြောပြရပေမည်။

"ကဲ....ကောင်လေး၊ မင်းဘဝ အစက ပြန်စချေတော့၊ ဘရသေ့ပြောတာ ယုံပါ၊ လက်ခံပါ၊ ညနေကျလျှင် ပေတရာလမ်းမကြီးဘက် လိုက်ပို့မယ်၊ လှည်းကြဲ့တင်ပေးလိုက်မယ်၊ မင်းကို ရွာသူကြီးဆီပို့ပေးလိမ့်မယ်၊ ဘရသေ့ စာတစောင် ပေးလိုက်မယ်"

သို့ဆိုသလို ညနေစောင်းလောက်တွင် ဘရသေ့ဆိုသူသည် သူ့ကို လှည်းကြဲ့ လှူကြဲ့ဖြင့် မီးလောင်ကုန်းရွာသို့ လိုက်သွားစေတော့သည်။

သည်သို့ဖြင့် သူသည် မီးလောင်ကုန်းရွာသို့ ရောက်လာတော့၏။

ရသေ့ဟောင်းခံသည့် အကူအညီအတိုင်း လှည်းဆဲရာ သည်သူနှင့်ဒဏ်ရာရ သူ့အဖေကို ရွာသူကြီးအိမ်တိုင်ရာရောက် လိုက်ပို့ခဲ့လေပြီး ရသေ့ကြီး ပေးလိုက်သောစာကို သူကြီးဆိုသည့် ကရင်အဖိုးကြီးထံ ပေးလိုက်လေတော့၏။

သူကြီးဆိုသူ ကရင်အဖိုးကြီးသည် ရသေ့ကြီး ပေးလိုက်သော စာကို ဖတ်လိုက်ပြီးသည်နှင့် ဒဏ်ရာရလူကြီးကို ကြည့်လိုက်ကာ အံ့အားသင့်နေလေတော့၏။ ပြီးလေမှ....

"အားမှူရေ....လာစမ်းပါဦးဟ၊ သူ ဖိုးကြည်ခင် မဟုတ်ပေဘူးလား" လို့ ဇနီးဖြစ်သူကို လှမ်းခေါ်၍ ဒဏ်ရာလူကြီးကို ပြလေ၏။

သည်တွင် ပိန်ရှည်ရှည် အဖွားကြီးတယောက် အနား ရောက်လာ လေပြီး သူ့အဖေဆိုသူကို စေ့စေ့ကြည့်လိုက်လေပြီး....

"ဟုတ်တာပေါ့ အပါးရယ်၊ ဒါ ကြည်ခင်လေ၊ သူ့ယောက္ခမ နှစ်ယောက် ကန်ကျုံးနီမှာ ကျားကိုက်ခံရလို့ သေသွားပြီး သားဖြစ်သူ ပျောက် နေတာယ်လေ၊ သူ့မိန်းမလေး မယ်တင်လည်း မိဘနှစ်ပါးစိတ် ကြောင့် သားစိတ်ကြောင့် သေသွားတာလေ၊ သည်တော့ ကြည်ခင် လည်း အဲဒီကတည်းက ရွာကထွက်သွားပြီး ပျောက်နေလိုက်တာ ဘယ်လိုလုပ် ဒီအခြေအနေနဲ့ ပြန်ရောက်လာတာလဲ၊ သူလေးကကော ဘယ်သူ တုန်း"

သို့အဖွားကြီးက သူ့ကို စေ့စေ့ကြည့်မေးလာလေသည်။

သူကြီးက စာပါအကြောင်းအရာတို့ကို ပြောပြလိုက် လေသဖြင့် လွန်မင်းစွာ အံ့ဩသွားသည်ကို သူသိလိုက်လေတော့၏။

"ကဲ အားမှူရေ၊ ဖိုးစွားခေါ်ပြီး ဆေးဆရာကို သွားခေါ်ခိုင်း ချေ၊ ပြီးတော့ သူ့ကိုလည်း ထမင်းကျွေးချေဦး"

"အေး" ဆိုလျက် အဖွားကြီးသည် အိမ်ရှေ့ကွပ်ပြစ်တွင် အိပ်နေသည့် သူနှင့်သက်တူရွယ်တူ ကောင်လေးကို ပုတ်ခေါ်နှိုး လိုက်လေပြီး သူနားမလည်သည့် ဘာသာစကားဖြင့် ဘာတွေပြော လိုက်လေသည်မသိ၊ ကောင်လေးသည် "အေး" ဆိုလျက် အိမ်မှပြေး ထွက်တော့၏။

(အဖွားကြီးက သားဖြစ်သူကို ကရင်ဘာသာစကားဖြင့်

ပြောလေ ခြင်း ဖြစ်၏။)

သည့်နောက် သူ့ကို ထမင်းဟင်း ခူးခပ်ကျွေးမွေးလေ၏။

နတ်သုဒ္ဓာအလား စားကောင်းလှလေ၏။ စားကောင်းတော့ မပေါ့။ အကျအန ချက်ပြုတ်ထားတာကိုး။ တောတောင်ထဲတွင် မတော့ သူတို့ဖြစ်သလို စားခဲ့ကြသည်ကိုး။ အထူးသဖြင့် မီးဖုတ်၊ မီးကင်၊ ပြုတ် စားကြခြင်းသာ ရှိချေ၏။ ဆီမပါ၊ ဆားမပါ၊ ဘယ်ကောင်းပါ့မလဲ၊ ရသေ့ ပြောသလို သူ့ဘဝ အသစ်က ပြန်စလေခြင်းများလေလား။

"မင်းပြောပုံအရ မင်းနာမည် ကံကောင်းဆိုပေမင့် မွေးစား အဖေဆိုးကြောင့် ကံမကောင်းခဲ့ပေဘူးပေါ့။ အေး....နို့ပေမင့်လို့ အချိန် အခါရောက်လာပေဟ့လည်း ကံကောင်းဆိုတဲ့အတိုင်း ကံကောင်း ရသေး တာပေါ့ကွာ။ ကဲ...ကဲ စားစား။ ဝအောင်စား။ နောက်ပြီး မင်းတို့ သားအဖ ငါ့အိမ်မှာဘဲနေချေ။ မင်းအဖေကို ဆေးဆရာလာလျှင် ဆေးပါးကုသပေး လိမ့်မယ်၊ သူကုသမှုကြောင့် ကျန်းကျန်းမာမာ ထွားထွား ထောင်ထောင် ဖြစ် လာလျှင်ဖြင့် မင်းအဖေသဘောပဲ၊ ရွာတောင်ပိုင်းမှာ မင်းတို့ အိမ်ပြေရှိတယ်"

"ဟုတ်"

သို့ဖြင့် အတန်ကြာအချိန်တွင် စောစောက ထွက်သွားသော ကောင်လေးနှင့်အတူ သူ့ထက် အတန်အသင့်ကြီးပြီး သူ့အဖေဆိုသူ ထက် ငယ်သောသူ တယောက်ပါလာလေ၏။

"ဆရာလေးရယ်၊ မိလွှ ဝံကုတ်ခံရတာဗျ။ ဘရသေ့က ဆေး ဝါးကုသပေးလို့ ကျပ်ဆိုမှိုလိုက်တာ၊ ကုစမ်းပါဦးဗျာ"

ဆရာလေးဆိုသူသည် အဆွေအထူး ဘာမျှမပြော ပေတော့ဘဲ သူ့အဖေကို စေ့စေ့ကြည့်နေ၏။

ဘရသေ့ ညှပ်နှောင်ပေးလိုက်သော ပတ်တီးကို ဖြေလေ၏။ ပေကျံနေသော သွေးကို ဆေးကြောလိုက်ချေ၏။ သူက ဘေးမှ ကူညီ

ပေးရ၏။

ကွဲနေသော အသားအစတို့ကို ပူးကပ်သီချုပ်ပေးလေ၏။ ဆေးဝါးလိမ်းကျံပေးလေ၏။ ပတ်တီးစည်းနှောင်းထားလေ၏။ ပြီးလျှင် အဖေ့တင်ပါးနှင့် လက်ဖျံကို ဆေးထိုးပေးချေ၏။

ပြီးလျှင် ဆရာလေးဆိုသူသည် သူ့လက်ကို ဆေးကြော လိုက်လေကာ...

"သတိရလာလျှင် ဒါလေး တိုက်ထိုက်ပါ။မနက် ကျနော်လာခဲ့ ပါဦးမယ်" ဆိုလျက် ဆေးလုံးလေးများကို ပေးခဲ့လေ၏။ သူ ဘာလုပ် ရမည်နည်း။ သည်တွင် လူကြီးက သူ့ကို ဆရာလေးလှမ်းပေးလာ သည့် ဆေးလုံးများကို ကြားဖြတ်လှမ်းယူလိုက်လေပြီး...

"သူ ဘာမှ မသိဘူး ဆရာလေး၊ ကျုပ်ကို မှာခဲ့ချေ" ဟု ပြောလေသည်ကြောင့် ဆရာလေးဆိုသူသည် သူ့ကို အံ့ဩသော အမူ အရာ ဖြင့် ကြည့်နေလေတော့၏။

သည်တွင် သူကြီးဆိုသူ ကရင်အဖိုးကြီးက စောစောက ကရင်အဖွားကြီးနှင့် သားဖြစ်သူတို့ ပြောသည့် စကားများဖြင့် ရှည်လျား စွာ ပြောနေလေတော့၏။

သူ့စကားဆုံးသွားသည်နှင့် ဆရာလေးဆိုသူသည် သူ့ကို ပြန် ကြည့်လာပြန်၏။ သည်တခါ ဆရာလေးဆိုသူ၏ အကြည့်သည် ဂရု ဏာ သက်ရောက်နေချေတော့၏။

ဘာကြောင့်ရယ်မသိ။ သူ ကျေနပ်ခဲ့ရတော့၏။

ပြီးနောက် ဆရာလေးဆိုသူသည် သူ့ကို ပြုံးပြလာချေပြီး သူ့တွင်ပါလာသည့် ပုလင်းတခုတွင်းမှ ဆေးတ[illegible]ကာ ကမ်းပေး လေ၏။

"ဘာလုပ်ရမလဲ"

သူက မေးလိုက်၏။

"သောက်လိုက်ပါ" ဟု ပြောလာသဖြင့် သူ့ပါးစပ်တွင်းထည့် မျိုချလိုက်တော့၏။

ဘာမှလည်း အရသာမရှိပါကလား။

"အဲဒါ အားဆေး၊ ငါးကြီးဆီလို့ခေါ်တယ်"

သူခေါင်းဆတ်ပြလိုက်၏။ အားဆေးဆိုပါကလား။ သို့ကြောင့် သူသည် နေရာမှ ရုတ်ခြည်းထလိုက်ကာ တဲရှေ့တွင်ရှိ ထင်းတုံးကြီး တခုကို သောက်မလိုက်၏။

"အီး"

အားဆေးဆိုပေမင့် မ မနိုင်ပါကလား။ ဘယ်မှာ အားရှိလို့လဲ။

သူ့ကိုကြည့်ပြီး ဆရာလေးဆိုသူက ပြုံးစိစိကြည့်နေတော့၏။

ပြီးနောက်....

"ကျနော် ပြန်ဦးမယ်" ဆိုလျက် အိမ်မှ ထွက်သွားလေ တော့၏။

"ကဲ....ကောင်လေး မင်းအဖေနားမှာပဲ အိပ်ချေ" ဆိုလျက် သူကြီးဆိုသူက ခေါင်းအုံးနှင့်စောင်တို့ပေးချေတော့၏။

အတော်ဟုတ်ပါကလား။

နွေးနွေးထွေးထွေးနှင့် ဖိမ်ရှိလိုက်တာ။ မကြာမီ အိပ်ပျော် သွားတော့၏။

မည်မျှ ကြာကြာအိပ်ပျော်သွားလေသည်မသိ။ ခွေးဟောင်သံ၊ ဆူဆူညံညံကြောင့် နိုးလာရတော့၏။ မိုးစင်စင်လင်းလေပြီပဲ။

သူ ဘယ်ရောက်နေပါလိမ့်။ နိုးစက ပတ်ဝန်းကျင်သစ် ဖြစ် သည့်ကြောင့် ကြောင်သွားရပေမင့် ညက အဖြစ်အပျက်များ ပြန်သတိ ရလိုက်လေသည်ကြောင့် သူ ပြုံးလိုက်မိ၏။

ဘရသေ့ဆိုသူ လူဆန်းကြီးပြောသလို. သူ့ဘဝတခုကို ပြောင်းလဲရောက်နေခြင်းများလေလား။ အိပ်မက်နေခြင်းများလေ

လား။ ပြီးမှ သူ့အဖေကို သတိရ၍ ကြည့်လိုက်၏။

"ဟင်"

ညက ထိုလူကြီးနားတွင် အိပ်နေတုန်းပဲ။ယခု သူ့အဖေ ဘယ်ရောက်သွားပါလိမ့်။

သူ ဟိုသည်ှ လှည့်ပတ်ကြည့်လိုက်၏။

ပတ်ဝန်းကျင်တွင် ဘယ်သူမှမတွေ့၊ ဘယ်ရောက် ကုန်ကြပြီလဲ၊ သို့ကြောင့် သူသည် လူးလဲထလိုက်ကာ တဲပြင်သို့ ထွက်လိုက်၏။

"ဟာ"

သူ့အဖေကို လှည်းပေါ်သို့ ပွေ့တင်နေကြ၏။ သူအနားသို့ ပြေးသွားလိုက်၏။

"မင်းအဖေကို ဆေးရုံတင်ရလိမ့်မယ်"

လှည်းနောက်ပိုင်းတွင် ခြေတွဲလောင်းထိုင်နေသော ညက ဆေးဆရာလေးဆိုသူက လှမ်းပြောလေသည်။

"ကောင်လေး ငါတို့နဲ့ နေခဲ့ချေ။ ဆရာလေးတို့ မင်းအဖေကို ဥက္ကံ ဆေးရုံပို့ကြလိမ့်မယ်၊ တပတ်လောက် ကြာလျှင် နေကောင်းသွားမှာပါ"

သူတို့ဘာတွေပြော ဘာတွေလုပ်နေကြသည်မသိ။

သူ ဆာနေသည်သာ သိသည်။ သို့ကြောင့်....

"ကျွန်တော် အမဲသွားရှာချေဦးမယ်" ဆိုလျက် သူသည် လေးမြားကို ယူလိုက်သည်တွင် သူကြီးနှင့် သူကြီးကတော်ဖြစ်သူက သူ့ကိုပြုံးစေ့ စေ့ မျက်နှာများဖြင့် ကြည့်နေကြလေပြီး....

"ဘာဖြစ်လို့ အမဲသွားပစ်ဦးမှာတုန်း၊ ဆာလျှင်ဖြင့် ထမင်းကြမ်း စားချေကွဲ့" လို့ဆိုလျက် ထမင်းဟင်း ခူးခပ်ကျွေးလေတော့၏။

ညက စားသော အစာပင် ဖြစ်ချေ၏။ သူဆာလောင်သည်နှင့် ပလုတ်ပလောင်း စားလိုက်လေတော့သည်။

"ခွားစော...ရွာထဲ သွားကြမယ်"

သူ စားသောက်ပြီးသည်နှင့် သူကြီး၏ သားဖြစ်သူက ခေါ်လေသဖြင့် သူလိုက်သွားတော့၏။

သူမြင်တွေ့ရနေကျ မြင်ကွင်းမဟုတ်ပါကလား။ လူတွေသွားကြ လာကြ၊ ကလေးတွေ လမ်းနံဘေးမှာ ပြေးလွှားကြ၊ ကစားကြ၊ လူနေတဲတွေ ခပ်စိမ့်စိပ်ပါကလား။

ေ...ာထဲတွင်မတော့ လူနေတဲ မပြောလေနှင့် ဝါးခုတ်တဲ သည်ပင် တွေ့ရခဲ၏။ တောတောင်ထဲတွင် ဝါးခုတ်သူတွေကိုတော့ဖြင့် ရံခါဆိုသလို အဝေးမှ လှမ်းတွေ့ရ၏။

"မင်း အဲဒီ ဝါးခုတ်သမားတွေဆီ သွားစရာ အကြောင်း မရှိဘူး ဟုတ်လား" လို့ သူနှင့်အတူနေ သူ့အဖေဆိုသူ လူကြီးက ပြောဖူးသည်ကြောင့် သွားရောက်ခြင်း မရှိခဲ့ချေ။

"ဘာလို့လဲ အဖေ" လို့တော့ မေးဖူး၏။

"မင်းက သားကောင်တွေကို လိုက်လံချောင်းမြောင်းပစ်နေတာလေ၊ သားကောင်ပစ်ရင်း မတော်တဆ သူတို့ကိုများမှန်လျှင် ဒုက္ခရောက် မှာပေါ့။ ပြီးတော့ အဲဒီ ဝါးခုတ်သမားတွေရှိလျှင် သားကောင်တွေ မရှိတတ်ဘူးကွ၊ နို့ကြောင့် သူတို့ကို တွေ့လျှင် ဝေးဝေးရှောင်ချေ ဟုတ်လား"

သို့ ပြန်ပြောဖူး၏။ သို့ကြောင့်လည်း ဝါးခုတ်သမားတွေ့လျှင် ရှောင်ကွင်းသွားလေတော့၏။ အမဲရဖို့အတွက် အဓိက မဟုတ်ပါကလား။

ရွာတွင်း တနေကုန် လျှောက်လည်ပြီး ပြန်ကြသည်တွင် အိမ်ပြန်ရောက်သည်နှင့် သူ လဲ့အိပ်လိုက်တော့၏။

သူကြီးသားက သူ့ကို ရွာတွင် စားသောက်စရာတွေ အများကြီး ဝယ်ကျွေးခဲ့သည်။ သူမစားဖူးသော အစားများ မစားရကြာပြီ

ဖြစ်သော အစားများကို အားပါးတရ စားခဲ့လေခြင်းကြောင့် ဗိုက်ကြီးပင် ဖေါင်းကား နေလေပြီ။

ဟန်ကျလိုက်တာ၊ တောထဲတွင် အစာရေစာ ဝေါ်ပြတ်ခဲ့၏။ ရုံခါ ရှိလျက်နှင့် မစားရ၊ ဒဏ်ခံရပေါင်းလည်း မနည်းပြီကိုး။ တောတောင်ထဲ ပင်ပင်ပန်းပန်းလဲ သွားရလာရ၊ သားကောင်ရှာဖွေရ၊ သို့တောင်မှ ဝဝလင် လင် စားရလေခြင်းမရှိ။ ခုတော့ ကြည့်စမ်း ဘာမှ မလုပ်ရ မကိုင်ရပဲ "မစားနိုင်ပြီ" ဆိုတာတောင် မရ။

ဘရသေ့ဆိုသည့် လူဆန်းကြီး ပြောသည့် သူ့ဘဝသစ်ဆိုတာ စလေပြီလား။ ဘရသေ့ကိုပင် ကျေးဇူးတင် မိသေးတော့၏။ သို့ပေမင့် ညရောက်သည်တွင် အိပ်မပျော်လေသည်ကြောင့် ခြံထဲဆင်းထိုင်ကာ ဟိုဒီ တွေးနေမိရာမှ သူ့အဖေဆိုသည့် လူကြီးကို သတိရလိုက်တော့၏။ သူ့ကို မျှော်နေရှာမည်။ မတွေ့လျှင် သည်များလိုက်လာဦးလေမလား။ သို့ဆိုလျှင်ဖြင့် သူမလွယ်။ ယခင်ကထက် နှစ်ဆမက ရိုက်နှက်နှိပ်စက်ခံရပေမည်မှာ မလွဲဧကံ ဖြစ်တော့၏။

"ခွေးစော"

သို့အသံကြောင့် တုန်လှုပ်သွားတော့၏။

"မင်း မအိပ်သေးဘူးလား"

"အိပ်မရလို့ပေါ့ကွ"

"နို့ဖြင့်လည်း ငါတို့ ငှက်သွားပစ်မယ်"

"အေး"

သို့ဖြင့် သူတို့နှစ်ယောက် ရွာစပ်ရှိဝါးတောသို့ ရောက်လာကြ၏။

"ဒါဘာတွေ လုပ်ထားတာတုန်း"

ဝါးတောစပ်တွင် တွေ့ရသည့် မှတ်တိုင်များ မြေပုံများကို ကြည့်ကာ မေးလေ၏။

"ဒါ သချိုင်းလို့ ခေါ်တယ်၊ လူတွေ သေလျှင် မြှုပ်တာလေ"

"အော်"

"အပါးက ပြောတယ် ခွားစောက...မင်းဟာ အဖိုးမယ်မျှင်ရဲ့ မြေးဆို"

"ပြောတာပဲ၊ ဘရသေ့ပြောလို့ သိရတာပဲ"

"ပြောတာပဲ မလုပ်လေနဲ့လေကွာ၊ နို့ဖြင့် မင်းအမေက ဒေါ်မယ်တင်ဆို"

"အေး အဲဒါတော့ ငါကောင်းကောင်းသိတယ်၊ အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ၊ ဒီနားမှာ ရှိတယ် မင်းမတွေ့ချင်ဘူးလား"

သူခေါင်းခါပြလေ၏။

"အေးလေ၊ ခွားစောက မိဘာဘိုးဘွားတွေနဲ့ ငယ်ငယ်က တည်းက ခွဲသွားတာကိုး။ ကဲ...နို့ဖြင့်လဲ ဒီလိုလုပ်ကွာ၊ မင်း သူတို့ကို ဂါရဝတော့ ပြုလိုက်ပေါ့ကွာ၊ လမ်းကြုံတုန်းပေါ့"

သို့ဆိုလျက် သူ့ကို ဦးဆောင်ခေါ်လာလေတော့၏။ ပျက်စီး ယိုယွင်းနေသော အုတ်ဂူနှစ်ခုယှဉ်လျက် ရှိနေသည့်နေရာ ရောက် သည်တွင်....

"ဒါ ခွားစော အဘွားနဲ့ အမေရဲ့ဂူပဲ၊ မင်းအဖိုးဂူကတော့ မရှိ တော့ဘူး" လို့ ပြောလေ၏။

"ငါ ဘာလုပ်ရမှာလဲ"

"ထိုင်ကန်တော့ပေါ့ကွ"

သို့ကြောင့် သူသည် ဘာမသိ ညာမသိ ထိုင်ကန်တော့လိုက် လေပြီး....

"ငှက်အိပ်တန်းကို မင်း တွေ့ထားလို့လား" မေးလိုက်၏။

"အေး"

ဆိုလျက် ထွက်သွားလေသည်ကြောင့် သူနောက်မှ လိုက်သွားရပြန်၏။ သည်သို့ဖြင့် ဝါးရောင်းငှက် အိပ်တန်း ရောက်သည် တွင် အိပ်တန်းဝင် ငှက်အတော်များများ ပစ်ခတ်ရလိုက်တော့၏။

နှစ်ယောက်သား အိမ်ပြန်လာကာ ကြော်စားလိုက်ကြ၏။ တောထဲတွင်မူ သူတို့ ရလာပါက ငှက်မီးကင်သားသာ စားရ၏။ ကြော်လှော်စရာ ဆီမရှိသည်ကိုး။

စားရသည့်အရသာ ကွာလှချည်လား။

သည်သို့ဖြင့် သူသည် အိပ်လိုက် စားလိုက် ရွာထဲသွားလိုက်ဖြင့် သုံးရက်ခန့်ကြာသည်တွင်....

"ကောင်လေး မင်း အဖေသေပြီ" လို့ သူကြီးက ပြောလေ၏။

သူ မည်သို့မျှ မခံစားမိချေ။ သို့ကြောင့် သူ့ကို သူကြီးက စေ့စေ့ကြည့်နေလေပြီး....

"အေးလေ....ဒါ သဘောပေါက်ပါတယ်၊ အဲဒါလဲ တမျိုးကောင်းပါတယ်" လို့ ပြောလာသည်ကို သူ နားမလည်ခဲ့ပါချေ။

သည်သို့ဖြင့် ရက်တွေ လတွေ ကြာလာခဲ့သည်တွင် သူ့စိတ်တမျိုးပြောင်းလာလေ၏။အဖေ၊ အမေ၊ အဘိုး၊ အဘွားတို့နှင့် ပတ်သက်၍လည်း သိသင့်သလောက် နားလည်သင့်သလောက် သိနားလည်လာလေခြင်းကြောင့်လည်း ဖြစ်လေသည်။

ရွာတွင်းရှိ လူကြီးလူငယ်နှင့် ရင်းနှီးခဲ့သည်ကိုး။ သည်တော့ သူ့ ယခင်အချိန်များ ဖြတ်သန်းလာခဲ့ရသည့် ဘဝအကြောင်းကို မေးကြ၏။ သူ သိသည်များကို သူ ပြောပြကြ၏။ သည်တော့ သူ့အဘွားကို သူပြန်၍ သတိရလာ၏။ အဖေ၊ အမေနှင့် အဘိုးကိုလည်း သတိရလာ၏။ ရင်းနှီး လာသလို ဖြစ်လာ၏။

သတိပြုမိသည်မှာ သူ့အဖေပါဆုံးသည့် တောထဲက လူကြီးကို အားလုံးက ရှုံမုန်းနေကြခြင်း ဖြစ်သည်။ သူသည်လည်း သူတို့လို ဖြစ်မိ

တော့၏။

"မင်းဘဝကို ဖျက်ဆီးတာ အဲဒီလူကြီးပဲ" ဟု ပြောလာကြ၏။

"မင်းချစ်တဲ့ အဘွားကို သတ်တာ အဲဒီလူကြီးပဲ၊ ငါသာဆိုလျှင် အဲဒီလူကြီးကို ပြန်သတ်တယ်၊ ငါသာဆိုလျှင် အဲဒီလူကြီးကို အလွတ် မပေး ဘူး"

စသဖြင့် ပြောလာကြ၏။ သည်တော့ သူသည် ထိုလူကြီး နှိပ်စက် ညှင်းပန်းခဲ့သည်ကို ပြန်လည်မြင်ယောင်လာတော့၏။

"အေးကွာ ငါ ဒီလူကြီးကို အဘွားအတွက် ပြန်သတ်မယ်"

သို့ သူဆုံးဖြတ်ပြောလိုက်မိတော့၏။

တကယ်လည်း သူသတ်ချင်လာပြီ ဖြစ်၏။ သို့ပေမင့်....

"ငါ ဘယ်လို လုပ်ရမလဲ"

"သွားပြန်သတ်ပေါ့ကွ"

"သူကြီးက ပေးလွှတ်မှာ မဟုတ်ဘူး"

"အဲဒါတော့ ဟုတ်တာပေါ့ကွ၊ သည်လိုလုပ်၊ မင်းသည်ရွာကနေ ခိုးပြီး ထွက်သွားလိုက်၊ အလွန်ဆုံး နှစ်ရက် သုံးရက်ခရီးပေါ့ကွာ၊ ငါ ဝါးတွေ သွားတိုက်စရာ ရှိတယ်။ မင်းကို ခေါ်သွားမယ်လို့ ငါ့ အပါး ဆီမှာ ခွင့်တောင်းပေးမယ်"

"အေး ကောင်းတယ်"

သည်သို့ဖြင့် သူနှင့် သူကြီးသားသည် "ဖာလာ" ဝါးခုတ် စခန်းတွင် ဝါးများတိုက်ရန် ထွက်ခဲ့ကြတော့သည်။

ဖာလာ စခန်းသို့ ရောက်သည်တွင်....

"ကဲ....ခွားစေ မင်း အဖေစခန်းကို သွားတတ်သလား"

သူကြီးသားက မေးလေ၏။

"အေး"

သို့သာဆိုပြီး သူသည် လေးမြားကို ကိုင်၍ ခရီးဆက်မည်

ပြုလေသည့်တွင် သူကြီးသားက....

"နေဦး....မင်း မွေးစားအဖေကို မမြင်ကွယ်ရာကနေ ချောင်းမြောင်းပြီး သတ်တာထက် သူနဲ့ မျက်နှာချင်းဆိုင်ပြီး နာကျည်းခဲ့တာတွေ၊ စိတ်နာခဲ့တာတွေကို ပြောပြပြီးမှ သတ်တာ မကောင်းဘူးလား"

ပြောလာ၏။

"ဟာ ဒါသိပ်ကောင်းတာပေါ့၊ ချောင်းမြောင်းလုပ်ကြံရမယ်ဆိုလျှင် ယောကျ်ား မပီသရာလည်း ရောက်မယ်၊ ပြီးတော့ ငါ့ လုပ်ရက်မှာလည်းမဟုတ်ဘူး၊ မင်းပြောသလို မျက်နှာချင်းဆိုင်မယ်။ နာကျည်းစရာတွေပြောမယ်၊ စိတ်နာခဲ့ရတာတွေကို ပြောမယ်၊ သည်တော့ သူက ငါ့ကိုဒေါသထွက်ပြီး ထရိုက်မယ်၊ ငါ့အသားနာလျှင် ငါပိုပြီး စိတ်နာသွားမယ်၊ ဒေါသထွက်သွားမယ်၊ သည်တော့ အလျင်ကလို ဒေါသတွေ ချုပ်တီးမထားဘဲ လွှတ်ပေးလိုက်တော့မလား"

သို့ သူကအားရဝမ်းသာပြောလိုက်၏။

"အေး ကောင်းတယ်၊ ဒါလည်း ယူသွားဦး" ဆိုလျက် သူကြီးသားသည် သူ့ကို အထုပ်တထုပ်ပေးလာသဖြင့် သူလှမ်းကြည့်လိုက်၏။

"ဟင်"

"ဘာတွေလည်း မိန်းမထဘီနဲ့ အင်္ကျီပါကလား"

သို့ သူက တအံ့တသြဖြင့် မေးလိုက်သည်ကို သူကြီးသားက သဘောကျပြုံးနေလေပြီး....

"မင်းကို တသက်လုံး ရိုက်နှက် စိတ်ဒုက္ခတွေပေး လူညွန့်တုံးအောင်လုပ်ခဲ့တဲ့ လူကြီးကို မင်းဟာ မိနစ်ပိုင်းလေးနဲ့ ဝေဒနာခံစားပြီး သေစေတာ လောက်နဲ့ ဘယ်မျှတပါ့မလဲကွာ၊ သူ့ကို မသေမီ စိတ်ဒုက္ခအမျိုးမျိုး အချိန်ကြာကြာပေးပြီးမှ သတ်သင့်တာပေါ့ကွာ"

"ဟင်"

သူကြီးသား သူ့ကို ဘာပြောချင်တာပါလိမ့်။ သူ နားမလည်ပါ။ သို့ကြောင့်....

"ရှင်းအောင်ပြောကွာ" လို့ မေးလိုက်တော့၏။ သည်တွင်....

* * *

မုဆိုးထွန်းကြိုင်သည် မနက်ကတည်းက အမဲပစ်ထွက်ခဲ့သည်တွင် သားကောင်ဆိုလို့ သွားရင်းလာရင်း တောင်လိပ်ကိုပင် မတွေ့ဖြစ်ရ လေသဖြင့် မကျေမနပ် ဖြစ်လို့နေ၏။

သူ့တွင် စားရန်ရိက္ခာလည်း ပြတ်နေလေပြီ ဖြစ်၏။ အသက်ကလေးကလည်းရလာတော့ ပိုဆိုးသည်ပေါ့။

ဆာလောင်နေတော့လည်း ခရီးကမတွင်၊ တမနက်လုံး ရေချည်းဖိသောက်နေရသဖြင့် ဗိုက်ကြီးကယ်လို့သာ နေတော့၏။

"ကံကောင်း....ကံမကောင်းပါစေနဲ့" လို့ပင် စိတ်မှာ ကြိတ်၍ ဆုတောင်းမိလိုက်၏။ အလကားကောင်။ မွေးရကျိုးမနပ်သည့်ကောင်။ ကံကောင်းဘယ်ရောက်လို့ ရောက်နေမှန်းမသိ။ ပြန်မလာတာ ကြာပြီ။ ကျားကိုက်လို့သေသွားပြီလားမသိ။ သို့ဆိုလျှင်လည်း အေးတာပေါ့လို့ တွက် လိုက်မိသေးပြန်၏။

"တောက်"

ကြိတ်မနိုင်ခဲမရဖြစ်ကာ တောက်ခတ်လိုက်လေပြီး ကြခတ်ဝါးရုံအောက်တွင် အရိပ်ခိုထိုင်ချလိုက်၏။

တောစောင့်နတ်ကြီးရယ် ချိုကျိုးနားရွက်ပဲ့ တကောင်တော့ဖြင့် ပေးပါလို့ မနက်ကတည်းက လက်ဘက်တစ်ပွဲနဲ့ တောင်းခဲ့တယ်။ ချိုကျိုး နားရွက်ပဲ့ မပြောနှင့် ကျားဆွဲစားသော အသေကောင် အပုပ်ကောင်ပင် မတွေ့။ ကံဆိုးလိုက်တာများ ကြက်ခြမ်းသီးများပင် မတွေ့၊ သူလွန်မင်းစွာ စိတ်ဓါတ်ကျရလေသည်ကြောင့် ထိုင်နေလျက်မှ မြေပေါ်သို့ ကျောခင်း လိုက်တော့၏။

"ဟူး"

လေပူတချက်ကိုလည်း မှုတ်ထုတ်လိုက်ပြန်၏။

"ဘုတ်"

"ဟင်"

ကပျာကသီ လူးလိမ့်ထလိုက်၏။ သို့မဟုတ်ပါက မြွေစိမ်းကောင်က သူ့လည်မြို့ကို ကိုက်ခဲလာလေရော့မည်။

သူကံကောင်းသည် ပြောရချိမ့်မည်။ ဝါးရုံပေါ်မှ မြွေစိမ်းကောင်သည် သူ့ခေါင်းနားပြုတ်ကျလာခြင်း ဖြစ်၏။

"ကဲကွာ"

"ဘုတ်"

သူ့သေနတ်ဒင်ဖြင့် မြွေစိမ်းကောင်ကို ထုရိုက်လိုက်လေ၏။ မဖြစ်ချေပြီ။ ထိုဝါးရုံအောက်မှ ထွက်ခဲ့ပြန်တော့၏။

မြွေစိမ်းကောင်ကိုတော့ဖြင့် သူမစားရဲသည်ကြောင့် ယူမလာခဲ့တော့ချေ။ သည်သို့ဖြင့် မုဆိုးထွန်းကြိုင်သည် တောတိုးလျှောက်ခဲ့ရာမှ ချောင်းမကြီးတခုသို့ ရောက်လာတော့၏။

ချောင်းအနေအထားကို ကြည့်လိုက်သည်နှင့် ကန်ကျုံနီချောင်းဖြစ်သည်ကို သိလိုက်တော့သဖြင့် ကံကောင်းကိုလည်း သတိရ

လိုက်၏။ အဖွားကြီးကိုလည်း သတိရလိုက်တော့၏။

ထွန်းကြိုင်သည် ကန်ကျုံနီချောင်းအတိုင်း စုန်ဆင်းလို့က တော့မှ သားကောင်ရဖို့ ခဲယဉ်းသည်ကို သိလေသဖြင့် ချောင်းတဖက် ကမ်း တောင်ကြောပေါ် ပြန်တက်ခဲ့တော့၏။ တောင်ကြောအတိုင်း တောတိုးလျှင်ဖြင့် သားကောင်တွေ့နိုင်သေး၏။ သို့မျှော်လင့်ချက်ဖြင့် တောတိုးခဲ့ရာမှ "ပီးစလ်" ' "ပီးစလ်" လို့ ဂျီ(ချေ)အော်သံ ကြားလေ သည်ကြောင့် အသံလာရာ ချုံပုတ်နွယ်ပင်နှင့် ဝါးဘုန်းပင်တို့ကို တိုး၍ ချောင်းမြောင်းကြည့်လိုက်၏။

"ဟင်"

သူချောင်းစပ်သို့ ပြန်ရောက်လာခြင်းပါကလား။ မည်သို့ပင် ဆိုစေ၊ချောင်းရေစီးကြောင်းလေးနံဘေးတွင် ဂျီ(ချေ)တကောင် ပါကလား။ သို့ကြောင့် သူသည် ကပျာကသီပင် လက်တွင်းရှိ သေနတ် ဖြင့် လှမ်းချိန်လိုက်၏။

အလိုလေးဗျာ...သူ့အမြင်တွင် မိန်းမကြီးတယောက်ဟု ထင်လိုက်သည်ကြောင့် သေနတ်မောင်းခလုတ်ကို မဖြုတ်မိသေးချေ။ ယခင်ဖြစ်ခဲ့ဖူးသည့် မှားယွင်းမှုကိုလည်း သတိရသွား၏။

သို့ကြောင့် မမိုတ်မသုန်ကြည့်နေဆဲမှာပင် မိန်းမကြီးသည် သူရှိရာဘက်သို့ လျှောက်လာလေတော့၏။

"ဟင်"

ထိုမိန်းမကြီးကို သူ ကောင်းကောင်း မှတ်မိနေသည်ပဲ။ ကံကောင်းရဲ့ အဘွားသေချာတာပေါ့။ သူဓောချွေးများပင် ပျံလာချေ တော့၏။

သို့ဆိုလျှင်ဖြင့် တစ္ဆေသူရဲပင် ဖြစ်လိမ့်မည်။ သူ့ထံ တန်းတန်း မတ်မတ်လာနေခြင်းသည် သူ့ကို ဒုက္ခပေးရန်သာ ဖြစ်ချိမ့်မည်။ သို့ ကြောင့် သူသည် လက်တွင်းရှိ သေနတ်ဖြင့် ကပျာကသီ ထိုးချိန်ပစ်

လိုက်တော့၏။

"ဒိန်း"

"ဟင်....ဘယ်ရောက်သွားပါလိမ့်"

တစ္ဆေသူရဲမ ပျောက်ကွယ်သွားတာများလေလား။

"ချွတ်....ချွတ်....ချွတ်"

သို့ တောတိုးသံကြောင့် ကပျာကသီ လှည့်ကြည့်လိုက်ပြန်သည်။

"ဟင်"

ချုံပုပ်နွယ်ပင်နောက်မှ သူ့ကိုကဲကြည့်နေသည်။

"တစ္ဆေမ"ဆိုလျက် မုဆိုးထွန်းကြိုင်သည် ကပျာကသီ လှုပ်ရှားပစ်ခတ်လိုက်ပြန်၏။

"ဒိန်း"

ထိသွားပြီထင်တယ်။ ချုံပုပ်ပင်နောက်ပြေးကြည့်လိုက်၏။

"ဟာ"

လွဲသွားပြန်လေသည်။

"အွန့်"

သူ့ကျောကုန်းသို့ ခဲတစ်လုံး လာရောက်ထိမှန်လေတော့၏။ ကပျာကသီ လှည့်ပတ်ကြည့်သော်ငြား တစ္ဆေမကြီးကို သူမတွေ့ချေ။ သို့ကြောင့်....

"ဒိန်း....ဒိန်း....ဒိန်း"

လက်တွင်းရှိသေနတ်ဖြင့် ရိပ်ခနဲ မြင်လိုက်တိုင်း ပစ်ခတ်လိုက်တော့၏။

"ချောက်....ချောက်"

"ဟင်"

သူ၏ မဆင်မခြင် လုပ်ရပ်ကြောင့် ကျည်ကုန်လေပြီ။ သို့ဖြစ်

၍ ထိုနေရာတွင် မနေရဲသည်ကြောင့် မြင်ကွင်းကျယ်သည့် ချောင်းတွင်း ပြေးဆင်းခဲ့တော့၏။

သူလွန်မင်းစွာ ထိတ်လန့်လို့နေတော့၏။

သူပင် ကယောင်ချောက်ချား ဖြစ်နေလေခြင်းများလေလား။ သို့လည်းမဖြစ်နိုင်၊ ဘယ့်တွက်မှု ချောင်းထဲတွင် ထိုမိန်းမကြီး၏ ခြေရာများ ထင်းထင်းရှိနေခြင်းကြောင့် ဘယ်သို့ ဆုံးဖြတ်လက်ခံရမည်မှန်း မသိတော့ချေ။

ပတ်ဝန်းကျင်ကိုလည်း မလုံမလဲ လိုက်ကြည့်မိ၏။

ခုတော့လည်း ဘယ်လိုမှ မဖြစ်ခဲ့သလိုပါကလား။

အတန်ကြာတွင် သူသည် ချောင်းရေစီးကြောင်းနားတွင် ခြေပစ် လက်ပစ် ထိုင်ချလိုက်တော့သည်။

သည်တော့မှ ဆာလောင်မှုကို ပြန်သတိရလိုက်တော့၏။ သို့ကြောင့် ရေကို လက်ခုပ်ဖြင့် ခပ်သောက်မည်ပြုလိုက်သည်တွင်....

"ဗွမ်း"

ရေထဲသို့ ကြီးမားသော ခဲတလုံး ကျလာသည်ကြောင့် ရေစက်ရေမှုန်များ သူ့ကို လာရောက်စင်လေ၏။

ရေသည်လည်း နောက်ကျိသွားသည်ကြောင့် လွန်မင်းစွာ ဒေါသထွက်ပြီး နောက်သို့ လှည့်ကြည့်လိုက်၏။

"ဟင်"

မိန်းမသားတယောက်ဆိုသည် သိလိုက်မြင်လိုက်ရပေမင့် သူ တုန်လှုပ်ချောက်ချားသွားတော့၏။

ကံကောင်းရဲ့ အဘွားဖြစ်နေသည့်ပုံ သူ့မလက်ထဲတွင် မလည်း လေးမြှားရှိနေချေ၏။

"ခင်ဗျား....ခင်ဗျား"

သူမကို သို့သာပြောမိရင်း တုန်တုန်ယင်ယင် ဖြစ်နေလေ၏။

သူမကမူ သူ့ကို ပြုံးစိစိဖြင့်သာ ကြည့်ရင်း လက်တွင်းရှိ လေးမြား ဖြင့် ချိန်ရွယ်ထားလေ၏။

"ဟာ"

သို့သွေးအေးအေးလုပ်လာလိမ့်မည်ဟု ထင်မထား။ သူမပစ်လွှတ် လိုက်သော မြားတံသည် သူ၏ပေါင်လယ်သို့ ရှူးနစ်စိုက်ဝင်လာလေတော့၏။

"အား"

သူ မျက်လုံးမျက်ဆန်ပြူးသွားရတော့သည်။ မြားတွင် အဆိပ်လူးထားပါလျှင် သူဝေဒနာခံစားရင်း သေရပေရော့မည်။

အားငယ်ကြောက်ရွံ့သော မျက်နှာဖြင့် သူမကို အသနားခံကြည့်လိုက်၏။

အဆိပ်ဖြေဆေးလေးများ စွန့်ကြဲလေမလားလို့။

သူမသည် မဲ့ပြုံးလေး ပြုံးပြလေပြီး လှည့်ထွက်သွားတော့၏။

"ခင်ဗျားကြီးကို ကျုပ် မှားယွင်းပစ်မိတာပါဗျာ" လို့ အယူခံဝင်လှမ်းအော်လိုက်လေ၏။

သူ့အသံသည် ထွက်မလာ၊ တစ်ဆို့ကြီးဖြစ်ကာ မူးမိုက်လဲသွားလေတော့၏။

သည်တွင်သူ့ကိုကျောပေးထွက်သွားသော မိန်းမကြီး သည် ပြန်လှည့်သောအခါ သူ၏မြားတံထည့်သည့် ဝါးဗူးအတွင်းမှ တံစို့ထိုးအသားကင်တစ်ခုကို သူ့နားတွင် ထိုးစိုက်ထားကာ ထိုနေရာမှ ပြန်လှည့်ထွက်သွားချေတော့၏။

အတန်ကြာတွင် မုဆိုးထွန်းကြိုင်တယောက် သတိပြန်လည်လာ တော့၏။

"ဟင်....ငါမသေသေးပါကလား" သို့အသိဖြင့် သူသည် ကပျာကယာ ထထိုင်လိုက်၏။

"အား"

မြားစူးဝင်ခြင်းခံရထားရလေသည်ကြောင့် နာကြင်မှုခံစား လိုက် ရသဖြင့် အော်ဟစ်လိုက်ခြင်း ဖြစ်၏။

"ဟင်"

တံစို့ထိုး အသားကင်တခုပါကလား။ ဘယ်သူလာထား သွားတာ ပါလိမ့်။ ထွန်းကြိုင်သည် ဆာလောင်နေသည်ဖြစ်၍ ကပျာ ကသီ ယူစားလိုက်တော့၏။

အတန်ကြီးသည့် အသားကင်တုံး ဖြစ်သည်ကြောင့် အာသာ ပြေအတော်ရုံမက ဗိုက်ပင်ဝသွားချေတော့သဖြင့် အားပြည့် လာသည် ကြောင့် နာကျင်မှုကို အားခဲ၍ နေရာမှ ထရပ်လိုက်တော့၏။ ဘေးဘီ တဝိုက်ကြည့်လိုက်၏။ တတောလုံး တိတ်ဆိတ်လို့နေ၏။ သူ သေနတ်ကို အားပြုထောက်၍ စခန်းသို့ ဖြေးဖြေးချင်း လျှောက်ပြန်ခဲ့ တော့သည်။

"ဟူး" ချောချောမောမော ပြန်ရောက်လာ၏။

မြားတံကို ဆွဲနုတ်လိုက်ပြီး သူ့တွင်ရှိသည့် ဆေးမြစ် ဆေး ရွက်ဆေးခေါက် ဆေးဥတို့ကို ထုထောင်း၍ သိပ်ထည့်လိုက်ကာ အဝတ်စဖြင့် တင်းတင်းကြပ် ချည်နှောင်လိုက်တော့၏။

တော်ပါသေးရဲ့။ မြားတံတွင် အဆိပ်လူးမထားပေလို့။ ထိုည တွင် ထွန်းကြိုင်တယောက် နဖူးပေါ် လက်တင် စဉ်းစားနေမိ၏။ တစ္ဆေ သူရဲကောင်မက သူ့ကိုလေးမြားနှင့် ပစ်ရတယ်လို့ ဘယ်လိုနားလည် ရမည် မသိတော့ချေ။

သည်မိန်းမကြီး သူမှားယွင်းပစ်ခတ်မှုကြောင့် သေသွား သည်ကို သူ အသေအချာသိနေသည်ပဲ။ သူ့မြေးလေး ဖြစ်သည့် ကံကောင်းကိုပင် မွေးစားခဲ့သည်မှာ လူလားပင် မြောက်ခဲ့လေပြီ။ အချိန်တွေ မနည်းကုန်ခဲ့။ ဖြတ်သန်းခဲ့ပြီပဲ။ ယခုမှ ဘယ်လိုကြောင့်

ထိုမိန်းမကြီး ပြန်ပေါ်လာရ ပြန်တာပါလိမ့်။ တခုခုတော့ဖြင့် မှားယွင်းနေပြီ ဖြစ်ချိမ့်မည်။ သူ့အတော်နှင့် အိပ်မပျော်ခဲ့ချေ။ မိုးလင်းလုလောက်မှ အိပ်ပျော်သွားတော့၏။

"ဝုန်း"

မည်မျှကြာကြာ အိပ်ပျော်သွားလေသည်မသိ။ တဲကြမ်းခင်းပေါ်သို့ လေးပင်သော အရာတခု ပြုတ်ကျလာသည်ကြောင့် လန့်နိုးခဲ့ရတော့ ၏။

အလိုလေးဗျာ၊ သွေးသံရဲရဲနှင့် မျောင်တကောင်ပါလား။

ဘယ်သူ လာပစ်တင်သွားတာလဲ။

"ဟိတ်ကောင် ငခွေး"

ထင်းမီးပုံနားတွင် ငုတ်တုတ်ထိုင်၍ မီးခဲများကို ထိုးဆွနေသည့် မီးလောင်ကုန်းရွာသား ဝါးခုတ်သမား ငခွေးကို တွေ့လေသည်ကြောင့် လှမ်းခေါ်လိုက်၏။

ငခွေးက သူ့ကို လှည့်ကြည့်ပြီး ပြုံးပြလေ၏။

"မင်း ဒီမျောက်ကောင်ကို ဘယ်ကရလာလဲ"

"မုဆိုးတယောက်ပေးသွားတာ"

"ဘယ်သူလဲ"

"အဲဒါတော့ မသိဘူး။ သူက မျောက်သား မစားဘူးတဲ့၊ မျောက်ကောင်က သူ့ကို မဖွယ်မရာလုပ်ပြလို့ အမြင်ကပ်ပြီး ပစ်လိုက်တာတဲ့။ မင်း စားချင်လျှင် ယူသွား၊ နို့ပေမင့် ဟိုတဲမှာရှိတဲ့ မုဆိုးနေမကောင်းဖြစ်နေလို့ သူ့ကိုပါ တဝက်ပေးလိုက်ဆိုလို့ လာပေးတာ"

"ဟေ"

ဘယ်သူပါလိမ့်။ သူဒဏ်ရာရနေတာ ဘယ်လိုသိပါလိမ့်။

"ပုံသဏ္ဍာန် ပြောစမ်းကွာ"

ဘယ်သူရယ်မှန်းကြည့်သိလိုဖော်ဖြင့် မေးလိုက်၏။

"အသားမည်းမည်း ပိန်ရှည်ရှည်"

သူ့မျက်စိထဲတွင် မမြင်မိပါချေ။

ဘယ်သူပင်ဖြစ်စေ၊ သူ ဒဏ်ရာအနာတရ ရနေချိန်တွင် သားကောင် ထွက်ရှာနိုင်မည် မဟုတ်ချေ။ ခုလို တိုက်တိုက်ဆိုင်ဆိုင် သားကောင်လာပေးသူရှိလေတော့ သူ့ကြမ္မာကိုပင် သူအံ့ဩနေမိပေတော့၏။

"ငွေး မင်း အသားဖျက်ချေ။ ငါ ချက်ပေးမယ်"

"ကောင်းတာပေါ့"

သို့ဖြင့် ထွန်းကြိုင်သည် မျောက်သားကို နှစ်ယောက် နှစ်နပ်စာ ချက်ပြုတ်လိုက်ပြီးနောက် ကျန်သည်များကို မီးကြပ်တိုက်၍ ငွေးနှင့် တဝက်စီခွဲဝေယူထားလိုက်တော့၏။

ထိုမျောက်ကောင်မီးကြပ်တိုက်သည် ထွန်းကြိုင်အတွက် သုံးလေးရက်စာ လုံလုံလောက်လောက် ရိက္ခာဖြစ်သွားချေတော့၏။

သူ့ဒဏ်ရာသည်လည်း အတန်အသင့် သက်သာလာချေပြီ ဖြစ်၍ သွားလာနိုင်သည်ထိ သက်သာလေခြင်းကြောင့် ထွန်းကြိုင်သည် သေနတ်ကိုယူ၍ စခန်းပတ်ဝန်းကျင် အနီးတဝိုက် သွေးတိုးစမ်း အမဲရှာထွက်ခဲ့လေတော့၏။

သူ့တွင် ကျည်သုံးတောင့် လက်ကျန်ရှိနေသေး၍ တော်သေးတော့၏။ ဟိုနေ့က သူ မဆင်မခြင် ပစ်လိုက်မိခြင်းကြောင့် ကျည်အတော်ကုန်သွားရသည်ကို နောင်တရမဆုံး ဖြစ်မိလေတော့၏။

သူသည် မြန်မြန်လျှောက်လို့တော့မရ။ ဖြေးဖြေးချင်း လျှောက်တော့ အဆင်ပြေလေ၏။

သို့သူထွက်လာရခြင်းသည် သားကောင်ရတာ မရတာထက် လျှောက်နိုင် မလျှောက်နိုင် သိလို၍ ဖြစ်တော့၏။

"ဟာ"

သို့ သူ ဖြေးဖြေးချင်း တောတိုးလျှောက်ခဲ့ရာမှ မြောင်လေး တခု အဝတွင် ကံကောင်းအဖွားကို တွေ့လိုက်ပြန်သဖြင့် တုန်လှုပ် သွားမိပြန်၏။ တော်သေးသည်။ သူမသည် သူ့ကို မြင်ပုံမရ၊ မြောင်တွင်း ဝင်သွားလေခြင်းကြောင့် ကပျာကသီ သူသည် ခပ်သွက်သွက် နောက် ကြောင်း ပြန်လှည့်ခဲ့တော့၏။

စခန်းသို့ ပြန်ရောက်လေမှ သက်ပြင်းချနိုင်တော့၏။ သို့ဆိုပေ မင့် ချွေးယိုရာမှ ပြန်နာလာရပြန်၏။

သူမသိလိုက်သည်မှာ....ကံကောင်း၏အဘွားကို သူတွေ့ လိုက်လေပြီး သူ့ကိုမတွေ့ဟု ထင်ထားသော်လည်း ကံကောင်း၏ အဘွားဖြစ်သူသည် ထွန်းကြိုင်နောက်လှည့် ခပ်သွက်သွက်ထွက်သွား သည်ကို မြောင်ဝမှ ချောင်းမြောင်းကြည့်ကာ ကျေနပ်ပီတိ ဖြစ်နေ၏။

သည်သို့ဖြင့် ထွန်းကြိုင်သည် လက်ကျန်မျောက်ကောင် ကင်ဖြင့် သုံးလေးရက်ခန့် နားနေ စားသောက်နေထိုင်ခဲ့၏။

စခန်းနေရာမှ မည်သို့မျှ မသွားခဲ့လေခြင်းကြောင့် ကံကောင်း အဘွားနှင့် ထပ်မံမဆုံလေခြင်း ဖြစ်မည်။

သည့်နောက်ရက်တွင်မတော့ ရိက္ခာရှာ မထွက်၍ မဖြစ် ချေပြီ။ သို့ကြောင့် ထွန်းကြိုင်သည် အရဲကိုး ထွက်ခဲ့လေတော့၏။

ဒဏ်ရာအနာသည် လုံးလုံးလျားလျား ပျောက်သွားချေပြီ။ သုံး လေးရက် နားနေလိုက်ရခြင်းကြောင့်လားမသိ။ ခွန်အားတွေ ပြည့်လာ ၏။လန်းလန်းဆန်းဆန်းဖြစ်ခဲ့၏။ သူ့ကိုယ်သူလည်း ယုံကြည်မှု ရှိလာ ၏။

တောတိုးရင်း တောကြည့် တောင်ကြည့် ဖြစ်ပြား ကံကောင်း အဘွားနှင့်တိုးလေလျှင် သူ့ကိုယ်သူ ရဲဆေးတင်ထား၍ ရှောင်မပြေး လေတော့ပြီ။ ထိပ်တိုက်ရင်ဆိုင်မည်။ ဖြေရှင်းမည်။ အခြေအနေပေါ် ကြည့်ပြီး ဘယ်လိုနည်းဖြင့် ဖြေရှင်းရမည်ကို ဆုံးဖြတ်မည်။ သို့ဆိုတော့

သူ့ကိုယ် ကို ကိုယ်ယုံကြည်မှု ရှိလာသည့်အလျောက် ပူပင်မှုကင်း ပျောက်သွားတော့၏။

"ဟား...ဟား...ဟား...ဟား...ဟီး...ဟီး...ဟီး...ဟီး...ဟား... ဟား ဟား" ရုတ်တရက် ကြားလိုက်ရသည့် ရယ်မောသံကြောင့် ထိတ်လန့် သွားရ၏။ အသံလာရာသို့ လှမ်းကြည့်လိုက်၏။

တိတ်ဆိတ်ငြိမ်သက်လို့ သွားသည်ကြောင့် ဘယ်နေရာတွင် ရှိနေနိုင်သည်ကို မမှန်းဆတတ်လေပြီ။

"ဟား ဟား ဟား ဟီးဟီး ဟား ဟား ဟီး ဟီး"

အလို နောက်ဘက်မှ ကြားရပြန်ပြီ။

ကပျာကယာ လှည့်ကြည့်လိုက်လေသည်တွင်လည်း မတွေ့ ချေပြီ။

"ဘယ်သူလဲ....ဘယ်သူလဲ"

သို့နှယ်အော်ဟစ် လှည့်ပတ်ကြည့် ရှာနေငြား အရိပ်အ ယောင်ပင် မမြင်ရလေပြီ။

သည့်ပြင် ရယ်သံထွက်ပေါ်ရာ အတိအကျပင် ပြော၍မရ ပြန်။ ဘယ်တွက်မူ ရယ်မောသံသည် နေရာပြောင်းလဲ ထွက်နေခြင်း ကြောင့် ဖြစ်၏။

သို့ကြောင့် သူ့ကိုယ်သူ စခန်းမှ ထွက်လာမိသည်ကိုပင် အမှား ကြီးမှားလေပြီလားဟုပင် ထင်မိသေးတော့၏။

"ဘယ်သူလဲ....ထွက်ခဲ့လေ၊ နောက်မှ ငါ့အဆိုးမဆိုလေနဲ့ ပစ်လိုက်မယ်နော်"

သို့ သူကြိမ်းဝါး၍ သေနတ်ဖြင့် ချိန်ရွယ်ထားသော်လည်း ကြောက် စိတ်ဝင်လာသည်ကြောင့် ကြက်သီးများပင် ထနေမိ၏။

"ဟား ဟား ဟား ဟီးဟီး ဟား ဟား ဟီး ဟီး"

သို့အသံကြားပြန်သဖြင့် "ယောကျ်ားလား၊ မိန်းမလား။ ငါမသိ

ဘူးနော်၊ ငါကတော့ ပစ်မှာပဲ"

"ဟား ဟား ဟား ဟီးဟီး ဟား ဟား ဟီး ဟီး"

"ဒိန်း"

သူ့စကားဆုံးသည်နှင့် ရယ်မောသံ ကြားရပြန်သည်ကြောင့် ရုတ်ခြည်းဆိုသလို ပစ်လိုက်လေ၏။

ပြင်းထန်သော ယမ်းအားပေါက်ကွဲသံကြောင့် ပတ်ဝန်းကျင်တွင် နိုအောင်းနေကြသည့် သားကောင်ငယ်အချို့နှင့် မြေဝပ်ငှက်၊ နားရိုငှက်နှင့် မျောက်တို့သည် ဆူညံသောအသံပြုလျက် ပြေးထွက်ကြကုန်ပေမင့် ရယ်မောသံသည် ထွက်ပေါ်လာမြဲ ဖြစ်တော့၏။

"ဟား ဟား ဟား ဟီးဟီး ဟား ဟား ဟီး ဟီး"

"ဟား ဟား ဟား ဟား ဟား"

"တောက်"

"ဒိန်း"

ပစ်လိုက်ပြန်သည်။ တချက်။ သို့ဆိုတော့ သူ့တွင် ကျည်တတောင့်သာ ရှိတော့၏။

ရယ်သံကတော့ဖြင့် ကြားကြားနေရ၏။ သူ့တွင် တတောင့်တည်း သော ကျည်ရှိတော့သည်ကြောင့် အရေးပေါ် အချိန်တွင်သာ အသုံးချရန် စဉ်းစားလိုက်ပြီဖြစ်သည်ကြောင့် ထိုနေရာလေးမှ ရုတ်ခြည်းဆိုသလို ပြေး ထွက်ခဲ့တော့၏။

"ဟင်"

သူပြေးလမ်းရှေ့တွင် သူမရောက်နေပါကလား။

"ဟား ဟား ဟား ဟီးဟီး ဟား ဟား ဟီး ဟီး"

သို့နှယ်ရယ်မောရင်း သူ့ကို လက်တွင်းရှိ လေးမြားဖြင့် ချိန်ရွယ်ထားလေတော့၏။

သူ့တွင် ကျည်မရှိတော့ပြီလို့ တွက်ကာ ပြေးလမ်းပိတ်ရပ်နေ

ခြင်းဖြစ်ပေမည်။

သူသည် သူမနှင့် ကိုက်ငါးဆယ်လောက်တွင် ရပ်လိုက်ကာ သူမကို စိမ်းစိမ်းကြည့်နေရင်းကြားမှ ကျိတ်ပြုံးလိုက်၏။

သူ့တွင် ကျည်တတောင့် ရှိနေသေးသည်ပဲ။

သူက သို့ရပ်လိုက်ကာ စိမ်းစိမ်းကြည့်နေချိန်လေးတွင် သူမသည် အောင်နိုင်သူကြီးပမာ ရှေ့သို့ တလှမ်းချင်း တိုးကပ်လာတော့၏။

သို့ကြောင့် သူ့တွင် အခွင့်အရေးတစ်ရပ် ရလိုက်သည်ကို လက်လွှတ်မခံလေတော့ဘဲ ရတ်ခြည်းဆိုသလို သူ့လက်တွင်းရှိ သေနတ်ဖြင့် ရုတ်ခြည်းလှမ်းချိန်ပစ်လိုက်လေတော့၏။

"ဒိန်း"

သူ ထင်လိုက်သည်မှာ သူမ အဓိဏ်မိသွားလေပြီ။

တကယ်တမ်းတွင်တော့ သူမသည်လည်း ကြိုတင်တွက်ဆထား ဟန်တူ၏။ နံဘေးချုံပုတ်နောက်ကွယ်သို့ ဒိုက်ထိုးရှောင်တိမ်းလိုက်လေသည်။ သူအံ့သြသည်မှာ အသက် ၆၀ ဝန်းကျင်ရှိ မိန်းမကြီးတယောက်က သို့နှယ် သွက်လက်ဖျတ်လတ်စွာ ရှောင်တိမ်းလိုက်နိုင်ခြင်းပင် ဖြစ်တော့၏။

သို့ဖြစ်၍ သူသည် ထိတ်လန့်တကြား ဖြစ်သွားကာ ရုတ်ခြည်းဆိုသလို ထိုနေရာလေးမှ ပြေးထွက်ခဲ့တော့၏။

သည်လောက် သွက်လက်ချက်ချာ ရဲတင်းသော မိန်းမကြီးသည် သာမန်လူသားတော့ မဖြစ်နိုင်၊ တွက်မိလေခြင်းကြောင့် ပြေးထွက်ခဲ့ခြင်း ဖြစ်တော့၏။

သူ ပြေးထွက်ခဲ့သည်မှာ ခရီးအတန်ပင် ရောက်လာ၏။ ထိုမိန်းမ မည်မျှပင် သွက်လက်ရဲရင့်ပေငြား သူပြေးထွက်ရာနောက် အချိန်တိုအတွင်း လိုက်မီနိုင်လိမ့်မည် မပ⸱ ာက်ချေ။ သို့ကြောင့် သူသည် မြောင်ကြပ်လေးတခု အတွင်း ဝင်လိုက်လေပြီး ပုန်းခိုနားနေရန် ဆုံး

ဖြတ်လိုက်သည်နှင့်အတူ ဆုတ်သာ တက်သာ ဖြစ်ရန် မြောင်ကြပ်လေးမှ တောင်ကြောပေါ်အတက် တိရစ္ဆာန်သွားလမ်းလေးအလယ်လောက်ကို တက်နေလိုက်ကာ သစ်တပင်၏ နောက်ကွယ်တွင် ပုန်းလျှိုးနေလိုက်တော့၏။

သူမ မြောင်ထဲ လိုက်လာလျှင်လည်း လက်ဦးမှု ရယူကာ ကျောက်တုံးကျောက်ခဲဖြင့် ထုချလိုက်ရုံ သို့အကြံမအောင်ပါက တောင်ကြောပေါ် တက်ပြေးရန် ဖြစ်တော့၏။

သို့ရှိစဉ်....

"ခင်ဗျားကြီး ကျုပ်လက်က မလွတ်ပါဘူးဗျာ"

လို့ ယောကျ်ားသားတယောက်အသံကြောင့် တောင်ကြောကမ်းပေါ်သို့ မော့ကြည့်လိုက်၏။

"ဟင်"

သူ လွန်မင်းစွာ အံ့သြသွားတော့၏။

ကြားလိုက်သည်က ယောကျ်ားသံ၊ မြင်လိုက်သည်က မိန်းမကြီး။ သူ့ကို လိုက်ဒုက္ခပေးနေတာက ကံကောင်းအဘွား၊ မိန်းမကြီး၊ ယခုတော့ ဘယ်လိုကြောင့် ယောကျ်ားသားအသံဖြင့် ပြောကာ ခါးထောက် ကြည့်နေပါလိမ့်။

ထိုမိန်းမကြီးကို သူတအံ့တသြကြည့်နေချိန်မှာပင်....

"အဖေ ဘာကြည့်နေတာလဲ၊ သားပါ၊ ကံကောင်းပါ"

"ဟေ"

သူ နားမလည်နိုင်အောင်ပါကလား။ မိန်းမကြီးက သူ့ကိုယ်သူ ကံကောင်းတဲ့လား။ ပြီးတော့ သူ့ကိုအဖေတဲ့။ အဲဒီအသံကတော့ ကံကောင်းရဲ့အသံပေပဲ။ဘာတွေ ဖြစ်နေပါလိမ့်။

မုဆိုးထွန်းကြိုင်သည် သူမကို အံ့သြတကြီး ကြည့်နေဆဲ ဖြစ်သည်ကြောင့်....

"အဖေရယ်၊ ဘာမှ မအံ့သြပါနဲ့၊ သား ကံကောင်းပါ၊ အဘွား ပုံစံ လုပ်ထားတာပါ၊ အဖေ ကျွန်တော့်အဘွားကို သတိရသေးသလား သိချင်လို့ပါ" လို့ ပြောလာပြန်သည့်အတွက် သူ သဘောပေါက်သွား တော့၏။

ကြဲကြဲဖန်ဖန် နောက်ပြောင်တတ်သည့် ကောင်လေးပါက လား။ ကံကောင်းတွင် ဘယ်လို အတွေးတွေ ဝင်ပြီး သို့နောက်ပြောင် ရပါလိမ့်။ မှတ်ထားဦးပေါ့။ မပြောမဆို သူ့ဆီက ထွက်သွားတာလည်း ကြာပြီ။ ပြန်ရောက်လာတော့လည်း သူ့ကို စိတ်ဒုက္ခဖြစ်အောင် နောက် ပြောင်လေ သည်။ မှတ်လောက်သားလောက်အောင် ဆုံးမလိုက်ဦးမှဟု တွေးကာ နေရာမှ ထလိုက်သည့်တွင်....

"အဖေ....ထိုင်နေပါ၊ ကျွန်တော်ပြောတာတွေကိုပဲ နားထောင် နေစမ်းပါ" လို့ပြောလာသဖြင့် အံ့သြရပြန်တော့၏။ ဘယ်လိုတွေ ဖြစ်နေ တာပါလိမ့်၊ စက သူ့ကို သို့ပြောဖို့နေနေသာသာ မော်၍ပင် ကြည့်ရဲ သူ မဟုတ်။ သူ ဘာလို့ သည်လောက် ရဲတင်းနေပါလိမ့်၊ အပမှီနေ လို့များလား။

"မင်း ဘာတွေ ဖြစ်နေတာလဲ"

သို့ ခပ်မာမာ ပြောပြီး သူ့ထံသို့ တက်သွားလိုက်သည့်တွင်....

"အဖေ တက်မလာနဲ့နော်၊ ကျွန်တော် တကယ်ပြောနေတာ၊ နောက်နေတာ မဟုတ်ဘူး"

သို့ ထိတ်လန့်တကြား ဖြစ်အောင် ဟိန်းဟောက်ပြောသံ ကြောင့် သူ ခြေလှမ်းရပ်တုန့်ကာနဲ ဖြစ်သွားရတော့၏။ ကံကောင်း ပြော မည့်စကားကိုသာ နားစွင့်နေလိုက်ရတော့၏။

"ကန်ကျုံနီချောင်းမှာ ကျွန်တော့်အဘွားကို အဖေ ပစ်သတ်ခဲ့ တယ်၊ ပြီးတော့ ကျွန်တော့်ကိုလည်း ခေါ်ယူကျွေးမွေးခဲ့တယ်ဆိုပေ မင့် အဖေ့အပြစ်တွေပေါ်မှာစိုးလို့ မခေါ်ချင်ဘဲ ခေါ်လာတာ၊ မကျွေး

ချင်ဘဲ ကျွေးခဲ့တာ၊ ကျွန်တော် လူသားတယောက်ဖြစ်ပြီး လူ့အသိုင်း အဝန်းမှာ မနေရဘူး၊ အဖေနဲ့ အတူနေရတယ်၊ လူဖြစ်ရှုံးခဲ့တဲ့အပြင် စားရတာကနဲ့ အနှိပ်စက်ခံရတာကများများ၊ အဖေက အင်မတန် ယုတ်မာတဲ့လူပဲ။ ကျွန်တော့်အဖေအရင်းနဲ့ ပြန်ဆုံခွင့်ရခဲ့တယ် ဆိုပေမင့် တူတူမနေလိုက်ရ တဲ့အပြင် ကျွန်တော်ကသာ အဖေ့ကို အဖေရယ်လို့ သိလိုက်တာ၊ အဖေက ကျွန်တော့်ကို သူ့သားရယ်လို့ သိမသွားရှာဘူး၊ ကြည့်စမ်း....ခင်ဗျားကြောင့် ကျွန်တော့်အဖေနဲ့ ကျွန်တော် ဆယ်နှစ် လောက် တူတူဆုံနိုင်ခွင့်ရှိပေမင့် ခင်ဗျားကြီးက ကျုပ်ကို ဒုက္ခပင် လယ်ထဲ ဆွဲခေါ်နစ်ထားတော့ လူ့လောကကြီးထဲမှာ အဖေနဲ့ သား အသက်ရှင်လျက် ရှိနေကြပေမင့် ရှင်ကွဲကွဲ နေကြ ရတယ်၊ ခု အဖေ သေရတာလည်း သားကိုတွေ့ချင်လို့ လိုက်ရှာရင်းနဲ့ သေရတာ၊ ခင်ဗျား ကြီး ဘာကောင်းတာရှိလို့လဲ၊ ခင်ဗျားကြီးကို ကျုပ် မပြော မဆို မသတ် ချင်ဘူး၊ ကျုပ်ဘယ်သူလဲ၊ ခင်ဗျားကြီး ဘာကြောင့် သေရလဲ ဆိုတာ သိသွားစေချင်တယ်၊ ကဲ....သေဖို့သာ ပြင်ပေတော့"

သို့ဆိုလျက် ကံကောင်းသည် သူ့လက်တွင်းရှိ လေးမြားဖြင့် ပစ်ရန် ဟန်ပြင်လိုက်သည်တွင် ထွန်းကြိုင်သည် အခြေအနေအရပ် ရပ်ကို သဘောပေါက်သွားသည်ကြောင့် နောက်ဆုံးထွက်သက်တိုင် ကြိုးစား သည့်အနေဖြင့် လက်တွင်းရှိသေနတ်တွင် ကျည်ရှိယောင် ဆောင်၍ ရုတ်ခြည်း ထိုးချိန်ပစ်လိုက်လေ၏။

"ချောက်"

ကံကောင်းသည် မုဆိုးထွန်းကြိုင်၏ သေနတ်တွင် ကျည်ရှိ နေသေးသည်ထင်၍ ကပျာကသီ တိမ်းရှောင်ရင်း လက်တွင်းရှိ မြားတံကို ပစ်လွှတ်လိုက်တော့၏။

"ဝှစ်"

သို့ဖြစ်၍ မုဆိုးထွန်းကြိုင် ကံကောင်းသွားသည် ပြောရ

ပေမည်။ ကံကောင်းပစ်လွှတ်လိုက်သော မြားတံသည် သူ့လက်မောင်းကိုသာ ရှပ်မှန်သွားခြင်း ဖြစ်၏။ ရရှိလိုက်သော အခွင့်အရေးကို အမိအရယူကာ မြောင်အတွင်းသို့ ကမူးရှူးထိုး ပြေးဆင်းလိုက်တော့၏။

ကံကောင်း သဘောပေါက်သွားချေပြီ။ ထွန်းကြိုင်တွင် ကျည်မရှိ တော့ပါကလား။ နေနှင့်ဦးပေါ့။ ဘယ်လောက် ကြာကြာပြေး နိုင်မှာလဲ။

ကံကောင်းသည် ကပျာကသီ ထွန်းကြိုင်နောက် လိုက်သွားတော့၏။

"ဟား ဟုတ်ပြီ" ကံကောင်း ဝမ်းသာသွား၏။

ကျွန်းတောလေးတခုအရောက်တွင် ထွန်းကြိုင် မျောက်လျှောက်လဲကျ သွား၏။ သူပြေးမလွတ်ချေပြီဆိုပေမင့် ထွန်းကြိုင် ကံကောင်းသွားသည်။ မုဆိုးနှစ်ယောက်က ထွန်းကြိုင်အနားတွင် ရှိနေကြ၏။ သို့ကြောင့် ကံကောင်းသည် ထိုနေရာလေးမှ အသာလျှို တပ်ခေါက်ပြန်ခဲ့ရ၏။

သူတချက်မှားသွားတာတော့ ရှိ၏။ သူပစ်လိုက်သော မြားတံတွင် အဆိပ်လူးထားခြင်း မရှိတာကြောင့် ထွန်းကြိုင် သေနိုင်ဦးမည် မဟုတ်။ အကယ်လို့ အဆိပ်လူးမြားဖြင့် ပစ်လိုက်မိပါက ကိစ္စပြတ်လောက်ပြီပဲ။ ကံကောင်းတယောက် သူ့ကိုယ်သူ မကျေမနပ် ဖြစ်မိ၏။

ဘယ်တတ်နိုင်ပါ့မလဲ။ကံကြမ္မာက ထွန်းကြိုင်ဘက်မှ အလေးသာနေပေသည်ပဲ။

သည်သို့ဖြင့် ကံကောင်းတယောက် ထွန်းကြိုင်ကို တနေ့နေ့ တချိန်ချိန် ပြန်တွေ့နိုးချောင်းမြောင်း စောင့်မျှော်နေ၏။

အလိုလေးဗျာ၊ ကြည့်စမ်း၊ သူထင်ထားသည်က မုဆိုးနှစ်ယောက်က ထွန်းကြိုင်အနားတွင် ရှိနေကြလိမ့်မည်ပေါ့။ နောင်သုံးရက်ခန့်တွင် တောထဲ၌ မုဆိုးနှစ်ယောက်နှင့် ပြန်ဆုံသည်တွင်

ထွန်းကြိုင်ကိုမတွေ့ အခြားမုဆိုးတယောက်ကိုသာ တွေ့လေမှ သူ သဘောပေါက်သွားတော့၏။

ထွန်းကြိုင်သည် မုဆိုးနှစ်ယောက်ထံမှ လမ်းခွဲထွက်လာသည် ဖြစ်ချိမ့်မည်။

(စာရေးသူ စကားချပ်....ကျွန်တော်တို့ ထွန်းကြိုင်ဆိုသူကို ကျွန်းတောထဲတွင် ဒဏ်ရာနှင့် တွေ့၏။ ထိုစဉ် လင်းမြင့်လှိုင်သည် ရေသွားခပ်ရာမှ နှံ့နစ်နေသည်ကြောင့် ကျွန်တော်သည် ဒဏ်ရာရ ထွန်းကြိုင်ကို ထားခဲ့ကာ သွားကာယ်နေစဉ် ထွန်းကြိုင် ထွက်ပြေးသွား ခြင်း ဖြစ်၏။)

သို့ပေမင့် သေနေ့စေ့လေသည်တွင် ပြေးမလွတ်လာခဲ့ချေပြီ။

ကံကောင်းသည်လည်း အလွတ်မပေးတော့ပြီ။ နောက်ထပ် တကြိမ်သို့ အဖြစ်မျိုးမဖြစ်ရလေအောင် အဆိပ်လူးမြားသုံးလိုက် ရတော့၏။

ကံကောင်း ကံကောင်းတော့မည် ထင်ထားသည်မှာ လွဲရပြန် လေပြီ။

မုဆိုးနှစ်ယောက်နှင့် ဆုံဖြစ်အောင် ဆုံရပြန်လေ၏။

သူ့ကိုလည်း အလွတ်မပေးတော့ချေ။

* * *

စောစံကြိုင်၊ ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ကံကောင်းပြော လေသည့်ဓာတ်လမ်းကို ကြားလိုက်သည့်နောက် တယောက်ကို တယောက် အဓိပ္ပာယ်ပါပါ ကြည့်လိုက်ကြ၏။ သို့ရှိစဉ်....

"နော်ဝေ....ဝေ....ဝေ" လို့ ကြေးစည်သံလေး ကြားလိုက်သည့်ကြောင့် ကပျာကသီ နောက်လှည့်ကြည့်လိုက်ကြ၏။

"ဟင်....ဘရသေ့ပါလား"

ကံကောင်းကပြောလေသည့် ဘရသေ့ဆိုသည်မှာ ကျွန်တော်တို့၏ မိတ်ဆွေကြီး ရသေ့ဓမ္မပါလဖြစ်တော့၏။

"ငါ မပြောပေဘူးလား....ကံကောင်း အချုပ်အနှောင်ဘဝက လွတ်မြောက်သွားပေမင့် မင်းရဲ့ ကံကြမ္မာလမ်းကြောင်းက မကောင်းပေဘူးလေ၊ သည်လိုလုပ် မင်းသည်ဆရာတွေနဲ့ လိုက်သွား၊ မင်းပြုခဲ့တဲ့ အပြစ်အတွက် ထိုက်သင့်တဲ့ အပြစ်ဒဏ်ကို ကြည်ကြည်သာသာ ခံယူခဲ့ပေတော့၊ အေး အဲဒါနဲ့ မပြီးသေးဘူးကွဲ့၊ ဘယ်လိုပဲဖြစ်ဖြစ် မုဆိုး

ထွန်းကြိုင်က မင်းကို မွေးစားခဲ့တယ်၊ သည်တော့ မွေးစားအဖေပေါ့၊ မင်းက အဖေကို ပြန်သတ်ခဲ့တာပဲ၊ အဲဒီအပြစ်က ပိုကြီးတယ်၊ အဲဒီအတွက် မင်းခံရပေဦးမယ်၊ ဘယ်လောက်အတိုင်းအတာအထိ၊ ဘယ်လိုနည်းနဲ့ခံရမယ်ဆိုတာ ဘရသေ့လည်း မပြောတတ်ဘူး၊ အေးလွတ်ငြိမ်းချမ်းသာခြင်းဆိုတာတော့ မမျှော်ပါနဲ့၊ ဘရသေ့ မပြောတတ်သလို လုပ်ပေးနိုင်လိမ့်မယ် မဟုတ်ဘူး။ အေး တခုတော့ရှိတယ်၊ ဖြစ်နိုင်တာကို လုပ်ကြည့်ပေးမယ်"

"ဖြစ်နိုင်လျှင်ဖြင့် လုပ်ပေးစမ်းပါ ဘရသေ့ရယ်၊ ကျွန်တော် ကံကြီးထိုက်မှာ သေချာပါတယ်"

"ဟုတ်ပြီလေ၊ မင်းသာ လူ့အသိုင်းအဝန်းရဲ့ ပေးလာတဲ့ အပြစ်ဒဏ်ကို ခံယူပြီးတဲ့နောက် ဘရသေ့ဆီပြန်လာခဲ့၊ ဘရသေ့ မင်းကို သင်္ကန်းစည်းပေးလိုက်မယ်၊ လူ့ဘဝကို စွန့်လွှတ်လိုက်ပြီး သာသနာ့ဘောင်ထဲကနေ အပတ်တကုတ်ကြိုးစားကြည့်ပေါ့ကွာ၊ ဟုတ်လား"

"ဟုတ်ကဲ့ပါ"

သည်တွင် ရသေ့မေ့ပါလာသည့် ကျွန်တော်တို့ နားမလည်နိုင်သောဘုရားစာကို ရွတ်ဖတ်လေပြီးနောက် ကြေးစည်ကလေးကို "နော် ဝေ ဝေဝေ" လို့မြည်အောင် ထုခတ်လိုက်ကာ ကျွန်တော်တို့ အပါးမှ လှမ်းထွက်သွားတော့၏။ ကြေးစည်သံလေး ကျွန်တော်တို့ အပါးမှ ရောက်ကွယ်သွားသည်တွင် ရသေ့မေ့ပါလာသည်လည်း အဝေးသို့ ရောက်သွားလေပြီ ဖြစ်လေသည်။

စာဖတ်ပရိသတ်အားလေးစား
ကြိုးစားလျက်
ကိုပိုက်
(၂၉.၁၁.၂၀၀၅)